၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။


ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၁၀၄)

ဗုဒ္ဓနှင့်သာဝကတို့ကြား
လေးစားဖွယ်
ဆရာ တပည့်ဆက်ဆံရေး

စာ ၆

ဂျပန်အစိုးရက
ကိုဗစ်-၁၉ကာကွယ်ဆေးကို
ပြည်သူများအား
အခမဲ့ဖြန့်ဝေပေးမည်




စာ ၂၂

အမေရိကန်သမ္မတ ထရမ့်
ဆေးရုံတက်ရောက်ပြီး
ကိုဗစ်-၁၉
ကုသမှုခံယူလျက်ရှိ

စာ ၁၃

# သြစတြေးလျ၊ နယူးဇီလန်၊ ပါပူဝါနယူးဂီနီနိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် သြစတြေးလျ၊ နယူးဇီလန်၊ ပါပူဝါနယူးဂီနီနိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံး၊ ကင်ဘာရာမြို့မှ စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် သြစတြေးလျနှင့် နယူးဇီလန်မှ ၈၈ ဦး၊ ပါပူဝါနယူးဂီနီမှ ၃၄ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၂ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ၇ ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

## ဇဗ္ဗာန်းမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်စာရင်း ဒုတိယအကြိမ် ထုတ်ပြန်ကြေညာ

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဇဗ္ဗာန်းမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှစ၍ ဒုတိယအကြိမ်အဖြစ် ကြေညာခြင်းကို ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကပ်ထား ကြေညာပေးထားလျက်ရှိသည်။

မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ် ကပ်ထား ကြေညာခြင်းသည် နောက်ဆုံးအကြိမ်အဖြစ် အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကပ်ထား ကြေညာထားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်

စာမျက်နှာ ၄ ကော်လံ ၁ ❑



ဇဗ္ဗာန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲဆန္ဒရှင်များ မဲစာရင်းလာရောက်ကြည့်ရှုစဉ်။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို စစ်ဆေးရေးဂိတ်ရှစ်ခုဖြင့် စစ်ဆေးလျက်ရှိ

**လေရှီး အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် စစ်ဆေးရေးဂိတ်ရှစ်ခုဖြင့် စစ်ဆေးလျက်ရှိကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မြင့်က ပြောကြားသည်။

အဆိုပါ စစ်ဆေးရေးဂိတ် ရှစ်ခုအနက် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား စစ်ဆေးရန်ထားရှိသည့်ဂိတ်များမှာ ချယ်ရာကျေးရွာတွင် စစ်ဆေးရေးဂိတ်တစ်ခု၊ ဟိန်ကွတ်ကျေးရွာတွင် စစ်ဆေးရေးဂိတ်တစ်ခု၊ ပန်ဆပ်ကျေးရွာ စစ်ဆေးရေးဂိတ်တစ်ခုနှင့် ဆွမ္မရာမြို့တွင် စစ်ဆေးရေးဂိတ်တစ်ခု စုစုပေါင်းလေးခု ဖြင့်လည်းကောင်း၊ အခြားမြို့နယ်များမှ ဝင်ရောက်လာသူများအား စစ်ဆေးရန်အတွက် ရန်ခွေးကျေးရွာတွင် စစ်ဆေးရေးဂိတ်တစ်ခုနှင့် လေရှီးမြို့ပေါ်တွင် စစ်ဆေးရေးဂိတ်သုံးခုဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းတပ်ခြင်းမရှိပါက နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်း၊ လက်ဆေးခြင်းတို့ကို ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မြင့်က ဆက်လက်ပြောကြားသည်။

မွေးကြူဇင်

မြန်မာ့အလင်း

# ကာကွယ်ဆေးခရီးလမ်းနှင့် ကာကွယ်ရေးနည်းလမ်း

ယနေ့ ကမ္ဘာကြီးက အတုအပ ပိုမိုပေါ်များလာ၏။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အနုပညာ၊ သက်မွေးဝမ်းကျောင်း လုပ်ငန်းစုံ အစရှိသည့် နယ်ပယ်အသီးသီးတွင်ဖြစ်၏။ နိုင်ငံရေးသမားအတု၊ စာရေးဆရာအတု၊ ကဗျာဆရာအတု၊ အင်ဂျင်နီယာအတု၊ ပါရဂူအတု၊ ကျောင်းဆရာအတု၊ ဆရာဝန်အတု၊ ပညာရှင်အတု၊ သူဌေးအတု စသည်ဖြင့် စုံလှ၏။ စီးပွားရေးနယ်ပယ်က အတုအပတို့ကမူ သူမတူအောင် များပြားပါ၏။

သည်လိုထဲတွင် အဝတ်အစားအသုံးအဆောင် နာမည်ကျော် တံဆိပ်မျိုးစုံတို့ကို အတုအပပြုကာ ထုတ်လုပ်ရောင်းချခြင်းတို့က လူသိများ၏။ အတုအပတို့က ပိုမိုဈေးသက်သာသည့်အားလျော်စွာ အတုမှန်းသိလျက် သုံးနေကြသူတို့ကလည်း အများအပြားရှိနေ၏။

မည်သို့ပင်ဖြစ်စေ အတုအပများထဲတွင် အစားအစာအတုနှင့် ဆေးဝါးအတုတို့ကမူ လူသတ်နေသော အတုများဟု ဆိုရပါမည်။ ထိုထိုသော အတုများကြောင့် နေ့စဉ်နေ့တိုင်းသေဆုံးနေသူများက ကမ္ဘာ့နိုင်ငံအများအပြားတွင် ရှိနေသည်။ ထို့ကြောင့် အတုတကာထဲတွင် အဆိုးရွားဆုံးက ဆေးဝါးအတုများပင်ဖြစ်သည်ဟု ယူဆပါသည်။

မကျန်းမာဖြစ်ရသူများသည် ဆေးဝါးစုံကို အားကိုးတကြီးဖြင့် ဝယ်ယူသုံးစွဲကြရ၏။ ထိုဆေးဝါးတို့က အတုအယောင်များဖြစ်နေသည့်အခါ ငွေကုန်၊ ရောဂါမသက်သာရုံမက ရောဂါပိုမိုဆိုးရွား ထိခိုက်လာတော့၏။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်တွင် ငယ်ရွယ်သူ ကလေးငယ် နှစ်သိန်းခွဲကျော် ဆေးဝါးအတုများကြောင့် သေဆုံးနေရသည်ဟု သတင်းများက ဖော်ပြနေ၏။

နာမကျန်းဖြစ်နေသူများ၊ ရောဂါသည်များအဖို့ ဆေးဝါးအကူအညီသည်သာ အားထားမှီခိုရာဖြစ်ပေရာ လက်လှမ်းမီရာ ဆေးဝါးတို့ကို အားကိုးတကြီး ဝယ်ယူသုံးစွဲရ၏။ ဆေးဝါးအတုအယောင် ထုတ်လုပ်သူတို့က ဆေးဝါးအရေးတကြီးလိုအပ်နေသူတို့၏ အခက်အခဲကို အခွင့်ကောင်းယူကာ စီးပွားရှာ၏။ အလွန်စက်ဆုပ်ရွံရှာဖွယ် အမြတ်ထုတ်မှုသာတည်း။ အလွန်ဆိုးရွား ရက်စက်လွန်းသည့် မသမာမှုသာတည်း။

ယနေ့ကာလ ကိုဗစ်ကပ်ရောဂါက ကမ္ဘာတစ်ဝန်းကို ခြိမ်းခြောက်နေ၏။ သန်းပေါင်းများစွာသောလူတို့ ရောဂါကူးစက်ခံနေရပြီး သန်းနှင့်ချီသောသူများကို လက်လွတ်ဆုံးရှုံးခဲ့ရ၏။ ဆက်လက်၍လည်း ရောဂါပိုးကူးစက်ပြန့်ပွားနေမှုက နေ့စဉ်တိုးမြင့်နေဆဲ။ ထိုအကျပ်အတည်း ထိုပြဿနာကို ဖြေရှင်းနိုင်ရန်အလို့ငှာ နိုင်ငံတကာက ဆေးဘက်ဆိုင်ရာ ပညာရှင်များက ကိုဗစ် ကုသဆေးဝါးများ၊ ကိုဗစ်ကာကွယ်ဆေးဝါးများကို အပြင်းအထန်ဆိုသလို သုတေသနပြု စမ်းသပ်ရှာဖွေ ဖော်ထုတ်နေကြ၏။ စမ်းသပ်ရှာဖွေမှုသည် အောင်မြင်မှုများရနေပြီ၊ ကာကွယ်ဆေးစတင်တွေ့ရှိနေပြီဟု သိရသော်လည်း အများပြည်သူအမှန်တကယ် သုံးစွဲနိုင်သည့်အဆင့်သို့ မရောက်သေး။

ကာကွယ်ဆေးကို စတင်အသုံးပြုနိုင်ရန်မှာ တွေ့ရှိထားသည့်ဆေးသည် ကိုဗစ်ရောဂါကို အမှန်တကယ် ကာကွယ်နိုင်သော အာနိသင် ရှိမရှိ ဆိုသည်ကိုလည်းကောင်း၊ ကာကွယ်ရန် လုံလောက်သည့် ပဋိပစ္စည်းထုတ်လုပ်ပေးနိုင်ရန် လှုံ့ဆော်ပေးနိုင်စွမ်းရှိ မရှိသည်လည်းကောင်း၊ ဘေးထွက်ဆိုးကျိုးမရှိ အန္တရာယ်ကင်းစင် လုံခြုံစိတ်ချရမှု ရှိမရှိသည်လည်းကောင်း၊ ကာကွယ်ဆေးထိုးပြီးသည်၏နောက်တွင် ရောဂါပိုးဒဏ်က မည်မျှကြာအောင် ကာကွယ်ပေးနိုင်မည်လဲ ဆိုသည့် အချိန်ကာလသည်လည်းကောင်း၊ ကာကွယ်ဆေး အသုံးပြုရမည့်ပမာဏနှင့် အကြိမ်အရေအတွက်သည် လည်းကောင်း၊ ဓာတ်ခွဲစမ်းသပ်ခန်းပြင်ပ လက်တွေ့လောကတွင် ထိရောက်အောင်ကာကွယ်နိုင်သည့် အစွမ်းအာနိသင် ရှိမရှိသည်လည်းကောင်း စသည်တို့ကို ပြည့်ပြည့်စုံစုံ သိရှိရန်လိုအပ်ပါသည်။

စမ်းသပ်စစ်ဆေးရာတွင်လည်း ဓာတ်ခွဲခန်းတွင် တိရစ္ဆာန်များနှင့် စမ်းသပ်ခြင်း၊ ထို့နောက် လူများဖြင့် စနစ်တကျလက်တွေ့စမ်းသပ်သုတေသနပြုခြင်း၊ ပြီးမှ ကာကွယ်ဆေးကို လက်တွေ့လောကတွင် အသုံးပြုရန် ရောင်းချပြီးသည့်နောက် ဆက်လက်စောင့်ကြပ် ကြည့်ရှုလေ့လာနေခြင်းတို့ကို စနစ်တကျပြုလုပ်ရပါသည်။

ယင်းသို့ စနစ်တကျ အဆင့်ဆင့် ဖြတ်သန်းရပါသည်။ ယခုအခါ ကာကွယ်ဆေးပေါ်နေပြီ၊ ပြင်ပဈေးကွက်တွင် ရောင်းချနေပြီဆိုသည်တို့မှာ အစစ်အမှန်မဖြစ်နိုင်ပြီ။ ယနေ့အချိန်ထိ မည်သည့်နိုင်ငံ မည်သည့်ဆေးထုတ်လုပ်ရေးလုပ်ငန်းကမှ ကာကွယ်ဆေး ထုတ်လုပ်မှုပြီးမြောက်ခြင်း မရှိသေးပါ။

ကာကွယ်ဆေးမတွေ့သေးသည့်အတွက် ကာကွယ်ရေးနည်းလမ်းများကို တိတိကျကျ လိုက်နာကြရန်ဖြစ်ပါသည်။ အိမ်တွင်းနေ၊ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် မကြာခဏ စနစ်တကျဆေးကြော၊ လူချင်းခွာခွာနေ၊ မျက်နှာဖုံး နှာခေါင်းစည်း တပ်ဆင်ကြရန်သာ။

လူအပေါင်းတို့သည် ကိုဗစ်ရောဂါ၏ခြိမ်းခြောက်မှုက လွတ်မြောက်ရန်အတွက် ကာကွယ်ဆေးကို အထူးငံ့လင့်နေကြသည်ဖြစ်ရာ သေချာစိတ်ချရသော ဆေးမပေါ်သေးချိန်တွင် ဈေးကွက်တင်နေသူများနှင့် ဆေးအတုပြုလုပ်ရောင်းချသူတို့၏ အန္တရာယ်ကို သတိပြုကြရန် လိုအပ်ပါကြောင်း နှိုးဆော်လိုက်ရပါသည်။ ။

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့်သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထု တစ်ဦးချင်းအနေဖြင့် (၂၀၂၀) ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၉–၉ ၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ဒေသအတွင်းရှိ လုပ်ငန်းရှင်များ ၊ ဒေသခံတိုင်းရင်းသားများ | 1000.00 |
| ၂။ | Excellent Fortune Foundation နှင့် Excellent Fortune Development Group , CEO, Chairman & Founder အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုင်းမျိုးဝင်းနှင့် ဇနီး Senior Vice Chairman & Co Founder အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းခင်မြင့်ရီ | 1000.00 |
| ၃။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ | 875.00 |
| ၄။ | စိုးအောင်ဘရားသား လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး (SOE AUNG Brothers Electrics) | 300.00 |
| ၅။ | မိဘများအား ရည်စူးလျက် သား ဒေါက်တာ တင့်စိုးလင်းနှင့် အစ်ကို ဦးမြင့်အောင်နှင့် မိသားစု၊ ညီမဒေါ်ပွင့်မာခိုင်နှင့် မိသားစု၊ ညီအစ်ကိုမောင်နှမ မိသားစုများ၊ ရွှေပုစွန် မိသားစု | 300.00 |
| ၆။ | (အောင်သုခ) ဦးအောင်+ ဒေါ်သောင်းသောင်း မိသားစု၊ ဗိုလ်တထောင် | 300.00 |
| ၇။ | Forever Group Co.ltd | 300.00 |
| ၈။ | ဦးလှဝင်း၊ ဦးသိန်းရွှေ၊ ဦးစည်သူမြတ် သဘာဝစွမ်းအား ကျောက်မျက်ကုမ္ပဏီများအုပ်စု | 250.00 |
| ၉။ | ဦးသန်းလွင် + ဒေါ်လွင်လွင်ဦး၊ Steel Stone Company Group | 200.00 |
| ၁၀။ | Myanmar Padauk Trading Co.,Ltd | 133.00 |
| ၁၁။ | ဦးဖေဝင်းသန့်၊ ဒုကျောင်းအုပ်၊ CAE၊ Myanmar Private Schools Association (MPSA) | 128.40 |
| ၁၂။ | တက္ကသိုလ် သင်္ချာမိသားစု | 105.00 |
| ၁၃။ | RIT1983 INTAKE FRIENDS GROUP | 100.00 |
| ၁၄။ | လူရည်ချွန်(၁၉၆၄–၈၈) အဖွဲ့ | 100.00 |
| ၁၅။ | Red Horse Dairy Industries ltd (PEP နို့မှုန့်) | 100.00 |
| ၁၆။ | သိပ္ပံချွန် မိသားစု လူမှုရေးအသင်း | 85.00 |
| ၁၇။ | မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်း (ဗဟို) | 60.00 |
| ၁၈။ | ပြည်တွင်းရှိ မုံရွာနည်းပညာမိသားစုများနှင့် ခေတ္တ စင်္ကာပူရောက်မိသားစုများ | 50.00 |
| ၁၉။ | မေတ္တာနန္ဒဖောင်ဒေးရှင်း တည်ထောင်တော်မူသော ဆရာတော် ဒေါက်တာ အရှင်ဓမ္မပိယအား ရည်စူး၍ မေတ္တာနန္ဒ သဘာဝဘေး ကူညီပေးရေးအသင်း သဃ်္ဃန်းကျွန်းငါးကျမ်းပြန်သာသနာ့ရိပ်သာ | 43.35 |
| ၂၀။ | ဦးစိုးဝင်း + ဒေါ်မာမာဆွေ သား ဦးအောင်ခိုင် + ဒေါ်နှင်းနှင်းရီ ၊ ဦးစိုးထွန်း + ဒေါ်မြကြေးမုံ ၊ Dr မင်းထင် + Dr သဇင်ဝင်း ၊ ဦးအေးချို + ပြည့် မိသားစု | 30.00 |
| ၂၁။ | Ascent Capital Partners Pte ltd and Employees | 25.00 |
| ၂၂။ | USA ရောက်မြန်မာများ | 22.60 |
| ၂၃။ | ပါမောက္ခဦးစောဝင်း+ဒေါ်နန်းဖြူဖြူ၊ သမီး မဆုလှိုင်ဦး+မောင်ခိုင်ဦး၊ မြေး ဘောဘီဆုလှိုင်ဦး သားမောင်ဌေးအောင်ဝင်း | 20.00 |
| ၂၄။ | စေတနာရှင်ပြည်သူများ (Donation Plan for Myanmar in Covid 19 period) | 20.00 |
| ၂၅။ | Wareru Co.,Ltd | 20.00 |
| ၂၆။ | Red Horse Dairy Industries ltd (PEP နို့မှုန့်) ဝန်ထမ်းများ | 18.52 |
| ၂၇။ | မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျီနီယာဌာနမှ အထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ | 12.00 |
| ၂၈။ | ခင်ပွန်းကြီး(၁၀)ပါး ရည်စူးအမှူးထား၍ ဒေါ်တိုးတိုးသူ (၅၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအမှတ်တရ ဦးလှမော်ဦး (ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန) +ဒေါ်တိုးတိုးသူ သား မောင်ရဲလင်း၊ မောင်စိုးလင်းဦး၊ သမီး မထက်ခိုင်လှ မိသားစု | 11.00 |
| ၂၉။ | Amethyst Co.ltd | 10.00 |
| ၃၀။ | ဦးအောင်နိုင်ဦး + ဒေါ်ဗိုလ်ဗိုလ်အောင် ၊ သား မောင်အောင်ခန့် သိမ်ကြီးဈေး ရွှေကြက်ပဲကြီးလှော် | 10.00 |
| ၃၁။ | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း) | 10.00 |
| ၃၂။ | မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး မိသားစု | 10.00 |
| ၃၃။ | ဦးမျိုးအောင်ဇော် + ဒေါ်အေးအေးသိန်း မြတ်ကောင်းသန့်ဆန်ပွဲရုံ၊ မုံရွာ | 10.00 |
| ၃၄။ | မြန်မာ့မီးရထား၊ အချက်ပြနှင့် ဆက်သွယ်ရေးဌာနမှ ဒုတိယအထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ | 6.00 |
| ၃၅။ | ဒေါ်ချယ်ရီကျော်၊ သား မောင်ကျော်ဇင်လင်း ခေတ္တ SanFrancisco , USA | 5.00 |
| ၃၆။ | ဒေါက်တာရွှေစင်မြင့်၊ တွဲဖက်ပါမောက္ခ၊ ခွဲစိတ်ပညာဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန် | 5.00 |
| ၃၇။ | Dr ဝင်းဝင်းရွှေ | 5.00 |
| ၃၈။ | သီဟဆောင် သူငယ်ချင်းများ | 3.50 |
| ၃၉။ | ဦးအောင်မြင့်+ ဒေါ်ဌေးဌေးလွင်၊ ပြည့်ဝန်းရတနာရွှေဆိုင်၊ ကော့သောင်းမြို့ | 3.20 |
| ၄၀။ | ကွယ်လွန်သူ ဦးအောင်မြတင်အား ရည်စူး၍ ဒေါ်တင်တင်ရီ မိသားစု၊ ဒဂုံ(မြောက်) | 3.00 |
| ၄၁။ | မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ | 3.00 |
| ၄၂။ | မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနမှ အထွေထွေမန်နေဂျာနှင့် အရာထမ်း အမှုထမ်းများ | 3.00 |
| ၄၃။ | ဒေါ်စုစုမာ၊ ဒေါ်ခင်ခင်ပြုံး၊ ပြည့်ဝန်းရတနာရွှေဆိုင်၊ ဗဟန်းမြို့ | 3.00 |
| ၄၄။ | ဦးရဲညွန့်နှင့် သမီးများ ဒေါက်တာသော်သော်လှိုင်၊ ဒေါ်သွယ်သွယ်လှိုင်၊ ကြည့်မြင်တိုင် | 3.00 |
| ၄၅။ | ဦးဝင်းနိုင်(၈၅)နှစ်ပြည့် မွေးနေ့အလှူ ဦးဝင်းနိုင်+ ဒေါ်ကျင်နု မိသားစု၊ ရွှေပြည်သာမြို့။ | 2.00 |
| ၄၆။ | သီရိလင်း၊ ဒုတိယနှစ်(အင်္ဂလိပ်စာ)၊ မော်လမြိုင်တက္ကသိုလ် | 2.00 |
| ၄၇။ | ဖြည့်သွင်းဝယ်ယူရေးဌာနစု ဝန်ထမ်းများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန | 1.50 |
| ၄၈။ | ဒေါ်စန်းလွင်၊ မရမ်းကုန်းမြို့နယ် | 1.00 |
| ၄၉။ | အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်စာရင်းအင်းဌာနစု ဝန်ထမ်းများ | 1.00 |
| ၅၀။ | ဦးစိန်သန်း+ဒေါ်အေးငွေ၊ ကြည့်မြင်တိုင် | 1.00 |
| ၅၁။ | ဦးသန်းမောင်+ဒေါ်အေးခင်၊ ရန်ကုန် | 1.00 |
| ၅၂။ | ဦးမျိုးသန့်ဇော်+ဒေါ်ငြိမ်းငြိမ်းဆင့် | 0.50 |
| | **စုစုပေါင်း** | **5711.57** |

| စဉ် | အလှူရှင်အမည် | အမေရိကန်ဒေါ်လာ |
|---|---|---|
| ၅၃။ | ဒေါက်တာဘုန်းမြင့်ဝင်း+ ဒေါက်တာ လှဲ့လှဲ့ဝင်း သမီး ဒေါက်တာ သန္တာဝင်း၊ သားဒေါက်တာပက်ထရစ်ဝင်း၊ နယူးယောက် | 5000 |
| | **စုစုပေါင်း** | **5000** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၃

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာသံရုံးအကြီးအကဲများအကြား နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရေးကိစ္စနှင့်ပတ်သက်၍ Video Conferencing စနစ်ဖြင့် ဒုတိယအကြိမ်တွေ့ဆုံညှိနှိုင်း

**နေပြည်တော် အောက်တိုဘာ ၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယမန်နေ့ ညနေ ၆ နာရီက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများမှ မြန်မာသံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ၍ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာသံရုံးအကြီးအကဲများအကြား နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရေးကိစ္စနှင့်ပတ်သက်၍ Video Conferencing စနစ်ဖြင့် ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်းစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲရင့်လွင်က နိုင်ငံပြင်ပရောက် မဲဆန္ဒပေးခွင့်ရှိသူ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ကိုဗစ်-၁၉ ကပ်ရောဂါ ကန့်သတ်ချက် အခက်အခဲများကြားမှ မြန်မာသံရုံးများသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များ အချိန်မီပေးပို့ထားမှုနှင့် ကြိုတင်ဆန္ဒမဲပေးရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ အများယုံကြည် လက်ခံနိုင်မှုရှိရေး၊ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒနှင့် မဲရလဒ် တစ်ထပ်တည်းဖြစ်စေရေး ဟူသော စံ(၅)ချက်နှင့်အညီ အောင်မြင်စွာကျင်းပရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် ပြည်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများအားလုံး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးခွင့် ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ စင်ကာပူနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ မြန်မာသံရုံးများတွင် ကြိုတင်မဲပေးမှုများပင် စတင်နေပြီဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြန်မာသံရုံးများ၊ မြို့နယ်၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ယခုအခါ သတ်မှတ်ထားသည့်အတိုင်း စက်တင်ဘာ ၂၇ ရက်က စတင်၍ ဆန္ဒမဲလက်မှတ်များအား သက်ဆိုင်ရာသံရုံးများသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် ဆန္ဒမဲလက်မှတ် လျော့နည်းရရှိမှုများ၊ လွဲမှားရောက်ရှိမှုများ ရှိခဲ့ပါက ကြုံတွေ့ရသည့် အခက်အခဲများကို အချိန်မီ ညှိနှိုင်းဖြေရှင်းနိုင်ရန်နှင့် လိုအပ်နေသည့် ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်သာမက သံရုံးများ အချင်းချင်းညှိနှိုင်း၍ ချက်ချင်းဆက်သွယ်ပေးပို့နိုင်ရန် ဤအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုနှစ် ရွေးကောက်ပွဲကာလမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သွားလာရေး ကန့်သတ်မှုများကြောင့် စိန်ခေါ်မှုများရှိခဲ့သော်လည်း ဆန္ဒမဲလက်မှတ်များအား အမှားနည်းနည်းဖြင့် အချိန်မီ ဆောင်ရွက်ပေးနိုင်ခြင်း၊ သံရုံးများက တင်ပြလာသည့် လိုအပ်ချက်များကို အချိန်မီ ပြင်ဆင်ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိခြင်းအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကျေးဇူးတင်ရှိပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့် ဆုံးရှုံးမှုမရှိစေရေး၊ တစ်ဖက်တွင်လည်း ဥပဒေနှင့်အညီ တရားမျှတ၍ ပွင့်လင်း မြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် ကြိုးပမ်းကြရန်နှင့် သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ကိုဗစ်-၁၉ ကပ်ရောဂါ စည်းကမ်းကန့်သတ်ချက်များနှင့်အညီ ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်းနှင့် ကြိုတင်ဆန္ဒမဲပေးရေးကို ဦးဆောင်ကျင်းပပေးနေရသည့် မြန်မာသံရုံးဝန်ထမ်းများကိုယ်တိုင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မခံရစေရေးအတွက် ကျန်းမာရေးကို ဂရုစိုက်နေထိုင်ကြရန် အလေးထားမှာကြားသည်။

ထို့နောက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများက မိမိတို့သံရုံးများအလိုက် ကြိုတင်ဆန္ဒမဲလက်မှတ်များ လက်ခံရရှိမှုအခြေအနေ၊ မဲဆန္ဒရှင်များ အဆင်ပြေချောမွေ့စွာ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို တင်ပြမေးမြန်းခဲ့ကြသည်။ သံရုံးအကြီးအကဲများ၏ တင်ပြ မေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

## ၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ်အထိ ကျေးလက်ရေပေးရေးလုပ်ငန်းမှ ကျေးရွာပေါင်း ၁၀၀၀၀ ကျော်ကို ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၁၀၃၀၈ ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၃၅၉၂ ခု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး စစ်တမ်းများအရ ကောင်းမွန်၍ အကာအကွယ်ရှိသော သောက်သုံးရေဝန်ဆောင်မှုရရှိသည့် ရာခိုင်နှုန်းမှာ ၂၀၁၅ ခုနှစ်တွင် ၅၅ ဒသမ ၁ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၇၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာ၍ ငါးနှစ်တာကာလအတွင်း ၂၂ ရာခိုင်နှုန်းကျော် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၃၀ ပြည့်နှစ်တွင် လူသားအားလုံးသန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေရရှိရေး ရည်မှန်းချက်ပြည့်မီစေရေးအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းများအား အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး အခြားဌာနဆိုင်ရာအဖွဲ့အစည်းများ၊ NGOs / INGOs၊ JICA ၊ UNICEF ၊ World Bank စသည့် နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စည်ပင်သာယာရေးဦးစီးဌာနလက်ထက်မှ စတင်၍ ကျေးလက်ရေရရှိရေး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၄၀၀၂၉ ရွာတွင် ကျေးလက်ရေရရှိရေး လုပ်ငန်းပါင်း ၄၇၈၅၉ ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၃၆၃၄ ရွာ၊ လုပ်ငန်းပေါင်း ၃၇၅၈ ခု၊ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၁၂၆၉ ရွာ၌ လုပ်ငန်းပေါင်း ၂၁၁၄ ခု၊ ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်(၆လ ဘတ်ဂျက်)တွင် ကျေးရွာပေါင်း ၉၈၉ ရွာ၌ လုပ်ငန်းပေါင်း ၁၀၅၁ခု၊ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် (၁၂လဘတ်ဂျက်)တွင် ကျေးရွာပေါင်း ၂၃၂၃ ရွာ၌ လုပ်ငန်းပေါင်း ၄၂၈၁ ခု နှင့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၂၀၉၃ ရွာ၌ လုပ်ငန်းပေါင်း ၂၃၈၈ ခု စုစုပေါင်း ကျေးရွာပေါင်း ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၃၅၉၂ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် နိုင်ငံအတွင်း ကျေးလက်ဒေသများရှိ ရေရှားပါးသောကျေးရွာများ ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း၊ ရေလုံလောက်မှုမရှိသော ကျေးရွာများအား ရေဖူလုံစွာရရှိအောင်ဆောင်ရွက်ပေးနိုင်ခြင်း၊ ရေဖူလုံသော ကျေးရွာများတွင် ပိုမိုကောင်းမွန်သော ရေပေးရေးဝန်ဆောင်မှုများ အထူးသဖြင့် ရေမီတာတပ် အိမ်တိုင်ရာရောက်ပိုက်လိုင်းစနစ်နှင့် ရေသန့်စင်စနစ်များ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူဦးရေ စုစုပေါင်း ၇ ဒသမ ၂ သန်းကျော်အား အကျိုးပြုနိုင်ခဲ့သည်။

ကျေးလက်ရေပေးရေးလုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှု ရာခိုင်နှုန်းမှာ စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းလုပ်ငန်း (အနက်ပေ ၂၀၀ အထက်) ၂၁ ရာခိုင်နှုန်း၊ စက်ရေတွင်း(တွင်းတိမ်) တူးဖော်ခြင်းလုပ်ငန်း (အနက်ပေ ၂၀၀ အထိ) ၁၉ ရာခိုင်နှုန်း၊ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ၁၁ ရာခိုင်နှုန်း၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ၁၂ ရာခိုင်နှုန်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၁ ရာခိုင်နှုန်းနှင့် အခြားရေရရှိရေး/ရေပေးရေးလုပ်ငန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၂၆ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အခြားရေရရှိရေး/ရေပေးရေးလုပ်ငန်းအဆင့်မြှင့်တင်ခြင်းတွင် မြေသားရေကန်များအတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေး တိရစ္ဆာန်များဝင်ရောက်ခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ အမှိုက်ချခြင်းများမှ ကာကွယ်နိုင်ရန် ခြံစည်းရိုးကာရံခြင်း၊ ကျေးရွာများအတွက် ရေသန့်စင်စနစ်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ တိုးတက်ရရှိရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်နေပြည်သူများ အားလုံးကောင်းမွန်၍ ဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရန် ရည်မှန်းချက်အား ပြည့်မီနိုင်ရေးအတွက် သက်ဆိုင်သူများ၊ ဌာနဆိုင်ရာများနှင့် အတူလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို နှစ်စဉ်ဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း ဆောင်ရွက်ပြီးဖြစ်သော ရေအရင်းအမြစ်များ ခန်းခြောက်မှုမရှိစေရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသည့် ရေပေးရေးစနစ်များကို ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဒစ်ဂျစ်တယ်မီဒီယာရေစီးနှင့် အခွင့်အလမ်းများဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲကျင်းပ



ဒစ်ဂျစ်တယ်မီဒီယာရေစီးနှင့် အခွင့်အလမ်းများဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာ အသင်းဖြစ်မြောက်ရေးကော်မတီက ကြီးမှူး ကျင်းပသည့် ဒစ်ဂျစ်တယ် မီဒီယာရေစီးနှင့် အခွင့်အလမ်းများ ဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲ (Digital Media Trends and Opportunities Webinar) ကို ယနေ့ မွန်းလွဲ ၁ နာရီ တွင် ပြုလုပ်ရာ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်အသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ သတင်းမီဒီယာသမားများနှင့် စိတ် ပါဝင်စားသူများက သက်ဆိုင်ရာ နေရာအသီးသီးမှ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဖေမြင့်က အဖွင့် အမှာစကားပြောကြားရာ၌ ယခင် လပိုင်းက ဖွဲ့စည်းခဲ့သည့် ဖြစ်မြောက် ရေးကော်မတီ၏ လှုပ်ရှားမှုတစ်ရပ် အဖြစ် ယနေ့ ဆွေးနွေးပွဲကို ကျင်းပ သည့်အတွက် ဝမ်းမြောက်ကြောင်း၊ ကော်မတီမှ ဦးဆောင်ပုဂ္ဂိုလ်များ၏ တက်ကြွ လှုပ်ရှားမှုအတွက်လည်း ကြိုဆိုကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ဟောပြော ဆွေးနွေးပေးကြမည့် ပုဂ္ဂိုလ်များ၏ အားထုတ်မှုနှင့် ၎င်းတို့ ၏ အသိပညာ မျှဝေပေးလိုသည့် စေတနာအတွက် ကျေးဇူးတင်ရှိ ကြောင်း။

**ပါဝင်လိုစိတ်ဖြစ်ပေါ်လာနိုင်**

ယခုအစီအစဉ်ကို အကြောင်းပြု၍ ဒစ်ဂျစ်တယ်မီဒီယာအသုံးပြုနေသည့် အသင်းဖြစ်မြောက်ရေးတွင် မပါ ဝင်သေးသော ကျွမ်းကျင်တတ်မြောက် သည့် အခြားပညာရှင်များကလည်း အသင်းကြီး၏ ရည်ရွယ်ချက်၊ စေတနာ ကို သိမြင်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သဘောပေါက်ကာ အသင်းကြီးတွင် ပါဝင်လိုစိတ်ဖြစ် ပေါ်လာနိုင်ကြောင်း၊ ထို့အတူ ယခု ပြုလုပ်သော အသိပညာ ဖြန့်ဝေသည့် အစီအစဉ်ကို နှစ်သက်သဘောကျပြီး လေ့လာဆည်းပူးလိုသည့် ဒစ်ဂျစ် တယ်မီဒီယာ စိတ်ဝင်စားသူများ အနေဖြင့်လည်း အသင်းကြီးအပေါ် လေးစားမှုနှင့်အတူ အသင်းသို့ ဝင်ရောက်လိုစိတ် ဖြစ်ပေါ်လာနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် မြန်မာနိုင်ငံဒစ်ဂျစ် တယ်အသင်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား ရာတွင် မီဒီယာလုပ်ငန်းလုပ်ကိုင်နေ သူများအနေဖြင့် ၂၀၂၀ ပြည့်နှစ် အတွင်းတွင် ကြီးမားသည့် ဖြစ်ရပ် ကြီးနှစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့နေရပါ ကြောင်း၊ ယင်းတို့မှာ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲနှင့် မတ်လဝန်းကျင် ကတည်းက ဖြစ်ပွားလာခဲ့သည့် COVID – 19 ရောဂါသည် မိမိတို့အပေါ် တွင် အကျိုးသက်ရောက်မှု များစွာ ရှိခဲ့ပါကြောင်း၊ ယင်းဖြစ်ရပ်ကြီးနှစ်ခုကို တစ်ပြိုင်တည်း ဖြတ်သန်းနေရသည့် အချိန်တွင် ဒစ်ဂျစ်တယ်မီဒီယာ၏ လုပ်ငန်းအနေအထားသည် ပို၍ အရေးပါသည့်နေရာသို့ ရောက်ရှိလာ သည်ကို မိမိတို့အားလုံး တွေ့မြင်နေ ရပါကြောင်း။

မီဒီယာလုပ်ငန်းလုပ်ကိုင်နေသူ များက အစည်းအဝေးများကို အကြိမ် ကြိမ် ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် ဒစ်ဂျစ်တယ်မီဒီယာထုတ်လုပ်မည့်သူ များနှင့် အသုံးပြုသူများ၏ အကျိုး စီးပွားကို ကာကွယ်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ အသင်းတစ်သင်း ဖွဲ့စည်းရန် လိုအပ် လာသည်ကို မိမိတို့အနေဖြင့် တွေ့ရှိ ရပါကြောင်း၊ ယင်းမှတစ်ဆင့် ဒစ်ဂျစ် တယ်မီဒီယာလုပ်ငန်းများ တစ်စု တစ်စည်းတည်းပါဝင်သည့် မြန်မာ နိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖွဲ့စည်းရန် သဘောတူညီချက်ရရှိခဲ့ ပါကြောင်း၊ အစည်းအဝေးတက် ရောက်သူများ၏ သဘောတူညီချက် အရ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာ အသင်းဖြစ်မြောက်ရေးကော်မတီကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက် တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်ပေါ် လာပါက ယနေ့ကျင်းပသည့် Webinar များ၊ အခြားသောအကျိုးရှိသည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ဖြစ်မြောက်ရေး ကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်မီဒီယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရန်အတွက် မည်သည့်ပုဂ္ဂိုလ် များပါဝင်ရန် လိုအပ်သည်ဆိုသည့် ကိစ္စများကို အဓိပ္ပာယ်ဖွင့်ဆိုပြီး ဖိတ်ခေါ်သွားရန် ရှိပါကြောင်း၊ ဒစ်ဂျစ် တယ်မီဒီယာအသင်းကို ကျယ်ပြန့်စွာ ဖွဲ့စည်းရန် လိုအပ်မည်ဟု ယုံကြည် လက်ခံထားပါကြောင်း ပြောကြား သည်။

ယင်းနောက် ဖြစ်မြောက်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဦးကိုကို (ကိုကို – စက်မှုတက္ကသိုလ်)က နေအိမ် မှ အလုပ်လုပ်သူများအတွက် ဒစ်ဂျစ် တယ်မီဒီယာအညွှန်း (Digital Media Guide to Work – From – Home ) ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် အိမ်ကနေ အလုပ်လုပ်ရာမှာ အိမ်ကို လုပ်ငန်းခွင်လိုသဘောထား အလုပ် လုပ်ကြရမည်ဖြစ်ကြောင်း၊ အရေး ကြီးသည့်အချက်မှာ သက်သောင့် သက်သာရှိမှု နှင့် ပရော်ဖက်ရှင်နယ်ဖြစ် မှုတို့ကို မျှတအောင်လုပ်ရန်လို ကြောင်း၊ မိမိကိုယ်မိမိ စီမံခန့်ခွဲနိုင် သည့် အချိန်စီမံခန့်ခွဲခြင်းဆိုင်ရာ မိုဘိုင်း အက်ပလီကေးရှင်းများကို စနစ်တကျသုံးတတ်ရန်၊ သတင်း သမားများအတွက် မရှိမဖြစ်လိုအပ် သည့် အသံပိုင်းနှင့်အရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများနှင့် အက်ပလီကေးရှင်း များကို ရှာဖွေသုံးစွဲတတ်ရန် လိုအပ် ကြောင်း၊ ကင်မရာအနေအထား၊ အသံအရည်အသွေးနှင့် အလင်းရောင် မှန်ကန်အောင် နေအိမ်တွင် ဘယ်လို ရွေးချယ်မည်၊ အသံနှင့် ဗီဒီယိုအတွက် အက်ပလီကေးရှင်းများအကြောင်း၊ အင်တာဗျူးနှင့် ဆွေးနွေးခန်းများ ဘယ်လိုရိုက်ကူးမည်၊ အွန်လိုင်း ဆွေးနွေးခန်းများ လုပ်သည့်အခါ လိုက်နာသင့်သော ကျင့်ဝတ်ထုံးတမ်း များအကြောင်း စသည်တို့ကို ဆွေးနွေး ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူး ဦးမင်းဆွေ လှိုင်က ဒစ်ဂျစ်တယ်မီဒီယာ၏ ဝင်ငွေ ရလမ်းများနှင့် စိန်ခေါ်မှုများ (Digital Media Monetisation Opportunities & Challenges) ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ မိုဘိုင်း ဖုန်းသုံးစွဲသူ၊ အင်တာနက်သုံးစွဲသူ၊ ဆိုရှယ်မီဒီယာအသုံးပြုသူ၊ ရုပ်သံ ကြည့်ရှုနေကြသူများ လူဦးရေအချိုး အစားအလိုက် မည်မျှပါဝင်နေသည်၊ မည်သည့်ပုံစံသို့ ပြောင်းလဲလာနေ သည်တို့ကို ကိန်းဂဏန်းအချက် အလက်များဖြင့် ကိုးကားရှင်းလင်းပြီး ဒစ်ဂျစ်တယ်မီဒီယာတွင် အကြောင်း အရာနှင့် ဖြန့်ချိမှုတို့၏ အရေးပါမှု၊ အရည်အသွေးရှိသော အကြောင်းအရာ များနှင့် ထိရောက်သော ဖြန့်ချိမှုတို့၏ ပုံစံများကို နိုင်ငံတကာအခြေအနေ များနှင့် ဆက်စပ်ပြီး လည်းကောင်း၊ လစဉ်ကြေးပေးကြည့်ရှုသည့်ပုံစံများ၊ ဒစ်ဂျစ်တယ်မီဒီယာ ကြော်ငြာများနှင့် အီလက်ထရွန်နစ် ကုန်သွယ်မှုတို့ ဆက်စပ်ဆောင်ရွက်ရသည့် အတွေ့ အကြုံများကို လည်းကောင်း၊ ဒစ်ဂျစ် တယ်မီဒီယာများအနေဖြင့် ဝင်ငွေရ လမ်းများ မည်ကဲ့သို့ ရှာဖွေမည်၊ ဖေ့စ်ဘွတ်နှင့် ယူကျူတို့မှ ဝင်ငွေရှာ သည့် အခက်အခဲများနှင့် ဖြစ်မြောက် ရေးကော်မတီမှ နည်းလမ်းရှာနေမှု များကိုလည်းကောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အွန်လိုင်းမှ တက်ရောက်လာကြသူများက သိရှိ လိုသည်များကို မေးမြန်းကြရာ ဦးသောင်းစုငြိမ်း၊ ဦးမင်းဆွေလှိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်တို့က ပြန်လည် ဖြေကြားခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဖေမြင့်က ကျေးဇူး တင်စကား ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယ ဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်း (ငွေသော် တာ)က ကျေးဇူးတင်စကားပြောကြား ပြီး အွန်လိုင်းဆွေးနွေးပွဲကို ရုပ်သိမ်း လိုက်သည်။

**သတင်းစဉ်**

---

**● ရှေ့ဖုံးမှ**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ကယ်ဆယ်ရေးလေယာဉ် (၅) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❑ ရှေ့ဖုံးမှ**

ဆန္ဒမဲစာရင်းတွင် မိမိတို့၏အမည် မပါဝင်ပါက ပုံစံ(၃)ဖြင့် အမည် ထည့်သွင်းတောင်းဆိုခြင်း၊ အခြား ဒေသမှ လာရောက်နေထိုင်သူများ ဖြစ်ပါက ပုံစံ ၃(က)ဖြင့် လျှောက်ထား ခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက် ခြင်း၊ မဲစာရင်းပါအချက်များ မှားယွင်းနေပါက ပုံစံ–၄(က)ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်စိစစ်၍ ဆောင်ရွက်သွား မည်ဖြစ်ပြီး အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရေးအတွက် မဲစာရင်းများ လာရောက်ကြည့်ရှု ကြရန် အသိပေး နှိုးဆော်ထား သည်။

ဇဟန်းမြို့နယ်တွင် ရပ်ကွက် ပေါင်း ၂၂ ရပ်ကွက်ရှိရာ ၂၀၂၀ ပြည့် နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ တွင် မဲပေးနိုင်မည့် ဦးရေ ၆၀၄၃၅ ဦး ရှိပြီး မဲရုံပေါင်း ၆၅ ရုံရှိကြောင်း သိရသည်။

မဲဆန္ဒရှင်စာရင်းများ လာရောက် ကြည့်ရှုရန် အခက်အခဲရှိပါက မဲဆန္ဒ ရှင်စာရင်း ကြည့်ရှုစစ်ဆေးသည့် Web Application တွင် ဝင်ရောက် ကြည့်ရှု စစ်ဆေးနိုင်သည့်အပြင် Mobile Application တွင်လည်း ကြည့်ရှု စစ်ဆေးနိုင်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကလည်း တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အာကာစိုး**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းဒေသကြီး/ ပြည်နယ် (၆) ခုရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား လက်တွေ့မြေပြင်တွင်ဆောင်ရွက်နေသည့် မြို့နယ်ဆရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး/ ပြည်နယ် (၆) ခုရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသည့် မြို့နယ်ဆရာဝန်ကြီးများနှင့် Video-conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေး၍ အားပေးစကားပြောကြားကာ အကြံပြုချက်များ ရယူသည်။

### ဖြည့်ဆည်းဆောင်ရွက်ရန် ညွှန်ကြားထား

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှုသည် နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးမှ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၏ လုပ်ငန်းပီပြင်ထိရောက်မှုအပေါ် တိုက်ရိုက်မူတည်နေသဖြင့် မြို့နယ်ဆရာဝန်ကြီးများ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ ယနေ့တွေ့ဆုံ ဆွေးနွေးရခြင်းမှာ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေရာ၌ တွေ့ကြုံရသော စိန်ခေါ်မှုနှင့် အခက်အခဲများ၊ ထပ်မံလိုအပ်ချက်များနှင့် လက်တွေ့အကြံပြုချက်များကို သိရှိနိုင်ရန် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှုထောင့်ပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အတွေးအမြင်၊ အကြံပြုချက်များ ရယူဆောင်ရွက်မှသာ ဗဟို၌ မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီး (၄) ခုမှ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် တင်ပြခဲ့သည့် လိုအပ်ချက်နှင့် အကြံပြုချက်များအား အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ညွှန်ကြားထားပြီးဖြစ်သကဲ့သို့ လုပ်ဆောင်နိုင်မှုနှင့် လုပ်ဆောင်ပြီးစီးမှုအခြေအနေများကို ပြန်လည်တင်ပြရန် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ email ဖြင့် ပေးပို့အကြောင်းကြားမည်ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်မှု အရေးကြီး

ယခုကဲ့သို့ ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ဆောင်ရွက်မှု၊ သတင်းအချက်အလက်များ မျှဝေမှုနှင့် မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် နေပြည်တော်ဗဟိုတို့ စနစ်တကျ ချိန်သားကိုက်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုတို့သည် အထူးအရေးကြီးပါကြောင်း၊ မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရာမြို့နယ်တွင် လိုအပ်ချက်များအား မြို့နယ်ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီနှင့် တိုင်ပင်ညှိနှိုင်းကာ အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့်ဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များကို တိုင်းဒေသကြီး/ ပြည်နယ်သို့လည်းကောင်း၊ ဗဟိုအဆင့်သို့လည်းကောင်း အချိန်နှင့်တစ်ပြေးညီ တင်ပြတောင်းခံရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နိုင်သည့်အတိုင်းအတာကျော်လွန်သည့် ကိစ္စရပ်များကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြကာ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်သည့်အတွက် လူစုလူဝေးပြုလုပ်ခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျမတပ်ဆင်ခြင်းပြုလုပ်ပါက ရောဂါလျင်မြန်စွာ ကူးစက်ပျံ့နှံ့ကာ ထိန်းချုပ်ရ အလွန်ခက်ခဲမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင်လည်း ယခုအချိန်အထိ ကိုဗစ်-၁၉ ဖြစ်ပွားသေဆုံးမှုများ မြင့်မားလျက်ရှိပြီး မိမိတို့မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအတွက် ကိုဗစ်-၁၉ သည် လူမှုစီးပွားရေးကို ကြီးမားသောရိုက်ခတ်မှုတစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ လျင်မြန်စွာပျံ့နှံ့နေသည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများနှင့် အားနည်းချက်များ ကြုံတွေ့နိုင်မည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်သည်းခံကာ အသင်းအဖွဲ့စိတ်ဓာတ်ကောင်းများဖြင့် မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် မြို့နယ်အဆင့်၌ ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှု လုပ်ငန်းဗျူဟာနှင့်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းဒေသကြီး/ ပြည်နယ် (၆) ခုရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား လက်တွေ့မြေပြင်တွင်ဆောင်ရွက်နေသည့် မြို့နယ်ဆရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

လုပ်ငန်းလမ်းညွှန်ချက်များကို ရောဂါဆိုင်ရာ တွေ့ရှိချက်အသစ်များ၊ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်များ၊ မိမိတို့တွင်ရှိသော အရင်းအမြစ်များ၊ လုပ်ဆောင်နိုင်သည့် အတိုင်းအတာတို့နှင့်အညီ မွမ်းမံပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ အဆိုပါ လုပ်ငန်းလမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာကို နေ့စဉ်ကြည့်ရှုခြင်း၊ အီးမေးလ်များကို ပုံမှန်ကြည့်ရှုတုံ့ပြန်ခြင်းတို့ကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အသွားအလာကန့်သတ်သည့် နေရာများအား စီမံခန့်ခွဲမှုများသည် အထူးအရေးကြီးသည့်အတွက် မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် ပိုမိုပီပြင်စေရန် ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် မိမိတို့မြို့နယ်၏ ဆေးနှင့် ဆေးပစ္စည်းလိုအပ်ချက်အပါအဝင် အခြားလိုအပ်ချက်များကို အမြဲတမ်း ဆန်းစစ်သုံးသပ်မှုများ ပုံမှန်ပြုလုပ်ကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ စာရင်းပေးပို့တောင်းဆိုရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါလိုအပ်ချက်များကို တိုင်းဒေသကြီး/ပြည်နယ်များသို့ ပံ့ပိုးဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မိမိနေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at Home) သတ်မှတ်ထားသော ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ မင်္ဂလာဒုံ၊ ကြည့်မြင်တိုင်၊ သန်လျင်၊ ဒလနှင့် လှိုင်သာယာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေနှင့် အမရပူရမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်နှင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်တို့မှ မြို့နယ်ဆရာဝန်ကြီးများက သက်ဆိုင်ရာ မြို့နယ်အလိုက် တင်ပြကြရာ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်းလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ထမ်းများ မြို့နယ်အလိုက် အဖွဲ့များဖွဲ့စည်းကာ တာဝန်ထမ်းဆောင်နေမှု၊ အသွားအလာကန့်သတ်ရာနေရာများတွင် ကျန်းမာရေးဝန်ထမ်းများကို အဖွဲ့များဖွဲ့ကာ တာဝန်ထမ်းဆောင်နေမှု၊ ခါတ်ခွဲနမူနာများရယူရန် အဖွဲ့များဖွဲ့ကာ တာဝန်ထမ်းဆောင်နေမှု၊ အဖွဲ့များအလိုက် Viber Group များဖွဲ့ကာ ချိတ်ဆက်ဆောင်ရွက်နေမှု၊ ဆေးရုံများတွင် COVID-19 လူနာများအား ကုသမှုပေးနေမှုနှင့် လိုအပ်ချက်များ၊ ကိုဗစ်-၁၉ သံသယလက္ခဏာရှိသူများ၊ COVID-19 လူနာနှင့် ထိတွေ့ခဲ့သူများထံမှ ဓာတ်ခွဲနမူနာများ ရယူစုဆောင်းကာ ဓာတ်ခွဲဌာနများသို့ ပေးပို့စစ်ဆေးနေမှု၊ မြို့နယ်အလိုက် ကျန်းမာရေးဝန်ထမ်းအင်အား အခြေအနေနှင့် ဝန်ထမ်းများ ပင်ပန်းနွမ်းနယ်နေမှု၊ လုပ်ငန်းများတွင် ပရဟိတ စေတနာရှင်များက ဝိုင်းဝန်းကူညီဆောင်ရွက်နေမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီများက ယခင်ကထက် ပိုမိုပူးပေါင်းပါဝင်လာမှု၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု၊ အသွားအလာကန့်သတ်ရန် နေရာများ ပြင်ဆင်ထားရှိမှု၊ ယာယီဆေးရုံများ စီစဉ်နေမှုနှင့် လိုအပ်ချက်များ၊ လတ်တလော အနံ့ပျောက်လက္ခဏာ ခံစားရသူများအား နေရာတစ်ခုတွင်ထားရှိကာ ဓာတ်ခွဲနမူနာယူခြင်းနှင့် ကုသမှုပေးခြင်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များ၊ ဓာတ်ခွဲနမူနာများပေးပို့ပြီး ဓာတ်ခွဲအဖြေရရှိရန် စောင့်ဆိုင်းရန် အချိန်ကြာနေမှု၊ ရောဂါကူးစက်ခံရနိုင်ခြေရှိသည့် ဝန်ထမ်းများ နေအိမ်သို့မပြန်ဘဲ နေထိုင်ရန်အတွက် အဆောင်/နေရာများ လိုအပ်မှု၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် များပြားသောလုပ်ငန်းများနှင့် များပြားသော လူနာများ၊ အသွားအလာကန့်သတ်ထားသူများအတွက် လုပ်ဆောင်နေရသောကြောင့် အားနည်းလစ်ဟာမှုများ ရှိနေမှုနှင့် လိုအပ်သည့်ပံ့ပိုးမှုများ။

### အကြံပြုချက်များကို တင်ပြ

ဓာတ်ခွဲနမူနာရယူခန်း (swab booth) များ၊ Pulse Oxymeter များနှင့် သွေးပေါင်ချိန်တိုင်းကိရိယာများ ထပ်မံလိုအပ်နေမှု၊ အသွားအလာကန့်သတ်ရာ နေရာများတွင် ရေချိုးခန်းများနှင့် ရေအိမ်များ လိုအပ်နေမှု၊ မင်္ဂလာဒုံမြို့နယ်တွင် တွေ့ရှိရသော ကိုဗစ်-၁၉ လူနာများတွင် စက်ရုံ၊ အလုပ်ရုံများမှ လူနာများပါဝင်သဖြင့် ၎င်းတို့နှင့် ထိတွေ့ခဲ့သူဦးရေ များပြားမှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ လူနာတွေ့ရှိမှု များပြားသည့်နေရာများအား လမ်းအလိုက် အဝင်အထွက် အသွားအလာကန့်သတ်ခြင်းများကို လုပ်ဆောင်မှု၊ မအူပင်မြို့နယ်တွင် မြို့နယ်အတွင်းသို့ ကုန်းလမ်းမှ ဝင်ရောက်သူများအား စနစ်တကျ စိစစ်နိုင်သော်လည်း ရေလမ်းကြောင်းအမျိုးမျိုးမှ ဝင်ရောက်လာသူများအား မစိစစ်နိုင်မှု၊ ဒလမြို့နယ်တွင် တွေ့ရှိရသော ကိုဗစ်-၁၉ လူနာများတွင် သက်ကြီးဘိုးဘွားနှင့် လေဖြတ်ရောဂါရှိ၍ နေအိမ်မှ ပြင်ပသို့မထွက်သူများ ပါဝင်နေပြီး ၎င်းတို့နှင့် နေထိုင်သူများမှတစ်ဆင့် ကူးစက်ခြင်းကို တွေ့ရှိရမှုနှင့် လူနာတင်ယာဉ် ထပ်မံလိုအပ်မှု၊ ကဝမြို့နယ်တွင် ကျေးရွာများ၌ ကျန်းမာရေးဌာနနှင့် အာဏာပိုင်များက ကျေးရွာအလိုက် အသွားအလာကန့်သတ်ရာ နေရာများ ထားရှိဆောင်ရွက်နေမှု၊ ဖားကန့်မြို့နယ်တွင် လူနာတင်ယာဉ် လိုအပ်မှုနှင့် အထွေထွေဆွေးနွေးချက်များ၊ အကြံပြုချက်များကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း၊ ထောက်ပံ့ပို့ဆောင်ခြင်းလုပ်ငန်းများကို မိမိကိုယ်တိုင်ဦးစီးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ N95 mask များကို ဖြန့်ဝေပေးထားပြီး လိုအပ်မှုရှိက အချိန်နှင့်တစ်ပြေးညီ ထပ်မံတောင်းခံစေလိုပါကြောင်း၊ Pulse Oxymeter များ၊ သွေးပေါင်ချိန်တိုင်းကိရိယာများကို ထပ်မံပေးပို့သွားမည် ဖြစ်ပါကြောင်း၊ ဓာတ်ခွဲနမူနာရယူခန်း (sample collection booth) များ မြို့နယ်အလိုက် ထပ်မံဝယ်ယူအသုံးပြုရန် ဘဏ္ဍာငွေများကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးသို့ စက်တင်ဘာလအတွင်းက ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်းအရ နှစ်အလိုက် ဦးစားပေးမြို့နယ်များကို လူနာတင်ယာဉ်များ ခွဲဝေချထားပေးပြီး ထပ်မံလိုအပ်မှုများအား စိစစ်ပေးပို့မည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြတောင်းခံကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်နှင့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားသည်။

### လုပ်ငန်းလမ်းညွှန်များ သင်ကြားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များမှ ချက်ချင်းဖြည့်ဆည်းပေးနိုင်သည်များကို စီစဉ်ဖြည့်ဆည်းပေးကာ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားရာတွင် ယနေ့ ဆွေးနွေးသွားခဲ့သည့် အချက်များတွင် မြို့နယ်တစ်ခုမှ ကောင်းမွန်သည့် လုပ်ဆောင်ချက်ကို အခြားမြို့နယ်များမှ အတုယူလုပ်ဆောင်နိုင်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း သတင်းအချက်အလက် ပေးပို့မှုများ ပိုမိုကောင်းမွန်စေရေးအတွက် ဝန်ကြီးဌာနမှ Mobile Tablet များ ပေးအပ်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးဌာနမှူးများအနေဖြင့် မြို့နယ်ဆရာဝန်ကြီးများနှင့် Videoconferencing စနစ် ပုံမှန်ဆက်သွယ်ဆွေးနွေးခြင်းများ၊ လပတ်အစည်းအဝေးများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောပစ္စည်းများနှင့် လုပ်ငန်းလမ်းညွှန်များကိုလည်း ပေးပို့သင်ကြားပေးပြီးဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများ ဓာတ်ခွဲအဖြေထွက်သည့်နေ့ကို ရောဂါပိုးတွေ့ရှိမှု ပထမနေ့အဖြစ် မသတ်မှတ်ရန်နှင့် ၎င်းပိုးတွေ့လူနာထံမှ ဓာတ်ခွဲနမူနာရယူသည့်နေ့ကို ရောဂါပိုးတွေ့ရှိမှု ပထမနေ့အဖြစ် သတ်မှတ်ရန်မှာ ကပ်ရောဂါဗေဒသဘောတရားအရ အထူးအရေးကြီးပါကြောင်း၊ မြို့နယ်တစ်ခုနှင့်တစ်ခုတွင် နေရာဒေသအနေအထား၊ လူနေထိုင်မှုပုံစံ၊ စက်ရုံ၊ အလုပ်ရုံများရှိမှုအခြေအနေ၊ ဝင်ထွက်လမ်းကြောင်းများ အခြေအနေ၊ ပြည်သူများ၏ စည်းကမ်းလိုက်နာဆောင်ရွက်မှုအခြေအနေ၊ မြို့နယ်ကော်မတီများ၏ ကူညီမှုအခြေအနေ၊ ကျန်းမာရေးဝန်ထမ်းအင်အား အခြေအနေတူညီမှုမရှိနိုင်သဖြင့် မိမိတို့မြို့နယ်နှင့် အသင့်တော်ဆုံးသော လုပ်ငန်းများကို မြို့နယ်ကော်မတီနှင့်တိုင်ပင်ကာ ဆုံးဖြတ်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ အသက်အရွယ်ကြီးသူများ၊ နာတာရှည်ရောဂါအခံတစ်မျိုးမျိုးရှိသူများ အထူးသဖြင့် ဆီးချိုရောဂါရှိသူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ခြင်းကို ရှောင်ကြဉ်ရန်နှင့် နေအိမ်တွင်လည်း အခြားအတူနေသူများနှင့် ခပ်ခွာခွာနေထိုင်ခြင်း၊ သီးခြားခွဲကာ အိပ်စက်ခြင်းတို့ကို လုပ်ဆောင်ရန်မှာ အထူးအရေးကြီးသဖြင့် မြို့နယ်အဆင့်၌ အသိပေးနှိုးဆော်စေလိုပါကြောင်း၊ အသွားအလာကန့်သတ်ရာ နေရာများ၌ ဆီးချို၊ သွေးတိုး၊ တီဘီ၊ ခုခံကျ စသည့် ရောဂါရှိသူများ ဆေးဝါးများသောက်သုံးမှု မပြတ်လပ်စေရေးကို အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း၊ လတ်တလော အနံ့ပျောက်လက္ခဏာ ခံစားရသူများ၏ ရောဂါသဘောသဘာဝအခြေအနေကို ဆန်းစစ်လျက်ရှိပါကြောင်း။

### ဂုဏ်ယူအသိအမှတ်ပြု

ဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မကြာသေးမီကာလကမှ အသိအမှတ်ပြုခဲ့သော Rapid Antigen Diagnostic Test Kit များကို အဆင့်လိုက် ပေးပို့လျက်ရှိပါကြောင်း၊ ဈေးရောင်းချသူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း (mask) နှင့် မျက်နှာကာ (face shield) များကို မဖြစ်မနေ တပ်ဆင်ကြရန်နှင့် ဈေးဝယ်သူများအနေဖြင့်လည်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) စနစ်တကျတပ်ဆင်ရန်နှင့် အချိန်ကြာမြင့်စွာ လှည့်ပတ်ဝယ်ယူခြင်းမပြုစေရေး ကြီးကြပ်ဆောင်ရွက်ပေးရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များထံ စာဖြင့်ပေးပို့ မေတ္တာရပ်ခံထားရှိပြီးဖြစ်သဖြင့် မြို့နယ်ဆရာဝန်ကြီးများအနေဖြင့် ဤကိစ္စအား ဆက်လက်ဆောင်ရွက်ပါရန် ပြောကြားလိုပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းနေသည့် မြို့နယ်ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၏ ဆောင်ရွက်မှုများကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# ဗုဒ္ဓနှင့်သာဝကတို့ကြား လေးစားဖွယ် ဆရာတပည့်ဆက်ဆံရေး

မိမိုးအေး(ဘားအံတက္ကသိုလ်)

ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းမှာ 'ဆရာ' ဆိုတာ အတော်လေး အရေးပါပါတယ်။ ကျွန်မတို့ဘဝမှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေ အများကြီးရှိနေပါတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာမပါဘဲ တတ်မြောက်တာ မရှိနိုင်ဘူးလို့ ကျွန်မကတော့ ဒီလိုပဲ ယုံကြည်ထားပါတယ်။ ကျွန်မလေ့လာဆည်းပူးခဲ့ပြီး ကျွန်မက ပြန်ပြီးသင်ကြားပေးနေတဲ့ ပါဠိစာပေတွေထဲမှာလည်း ဆရာနဲ့ တပည့်အကြား ထားရှိရမယ့် လေးစားမှု၊ ရိုသေမှု၊ တန်ဖိုးထားမှုတွေ အများကြီးရှိနေပါတယ်။ ဆရာနဲ့တပည့် အပြန်အလှန်ထားရမယ့် ဝတ္တရားတွေ၊ တာဝန်တွေကိုတော့ ဗုဒ္ဓကသိင်္ဂါလသုတ်မှာ လမ်းညွှန်ထားတာ တွေ့နိုင်ပါတယ်။

### ဗုဒ္ဓသာဝကတွေရဲ့ ဆရာတပည့်ဆက်ဆံရေး

ဒီနေရာမှာ ဗုဒ္ဓနဲ့ ဗုဒ္ဓရဲ့ သာဝက တပည့်တွေ ဘယ်လို သဘောထားတွေနဲ့ အပြန်အလှန် ဆက်ဆံကြလဲဆိုတာကို ကျွန်မလေ့လာမိသလောက် ပြောပြချင်ပါတယ်။ တကယ်တော့ ဗုဒ္ဓဟာရဟန်းတွေအတွက်ပဲ ဆရာ မဟုတ်ပါဘူး။ ကျွန်မတို့ လူသားတွေအတွက်လည်း ကောင်းတာကိုသာ ညွှန်ပြပေးတဲ့ ဆရာတစ်ဆူ ဖြစ်ပါတယ်။

ဝိနည်းပါဠိတော်မှာ ရဟန်းတွေ လိုက်နာရမယ့် စည်းမျဉ်းဥပဒေတွေကို ဗုဒ္ဓက အခါအားလျော်စွာ ချမှတ်ပါတယ်။ ဒီလိုစည်းမျဉ်းတွေ ချမှတ်တိုင်းမှာ ဗုဒ္ဓက ပြောကြားတဲ့ စကားတစ်ခွန်း ရှိပါတယ်။ 'အထ ခေါ ဘဂဝါ တေသို့ နိဒါနေ တေသို့ ပကရဏေ ဘိက္ခုသံဃံ သန္နိပါတာပေတွာ တံ ဘိက္ခုံ ပဋိပုစ္ဆိ' လို့ မိန့်လေ့ရှိပါတယ်။ 'ထိုအခါ ဗုဒ္ဓသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီး ထိုရဟန်းကို မေးတော်မူ၏' လို့ အဓိပ္ပာယ်ရပါတယ်။ တစ်ဆက်တည်းမှာပဲ အဖြစ်အပျက်တွေဟာ ဟုတ်သလား၊ မှန်သလားဆိုတာကို 'သစ္စံ ကိရ ဘိက္ခု' လို့ မေးပါတယ်။ တပည့်ဘက်ကလည်း မှန်ကန်တဲ့ စွပ်စွဲချက်ဖြစ်ရင် 'သစ္စံ ဘန္တေ ဘဂဝါ - မှန်ပါတယ်' လို့ ဖြေကြားကြပါတယ်။

ကိစ္စတစ်ခုကို ဆုံးဖြတ်တိုင်းမှာ ဗုဒ္ဓဟာ သူ့သဘော တစ်ခုတည်းနဲ့ မဆုံးဖြတ်တာကို 'ဘိက္ခုသံဃံ သန္နိပါတာပေ တွာ - ရဟန်းအပေါင်းကို စည်းဝေးစေပြီး' ဆိုတဲ့ စကားက ပြဆိုနေပါတယ်။ ပြဿနာတစ်ခုကို မမေးမြန်းဘဲ အလွယ်တကူ မဆုံးဖြတ်တာကလည်း ဗုဒ္ဓရဲ့ ဆရာကောင်းပီသမှုပါပဲ။

ဆရာတပည့်ဆိုတဲ့နေရာမှာ စာသင်တဲ့ ဆရာနဲ့ သင်ယူတဲ့ တပည့်ကိုပဲ ကျွန်မ ဆိုလိုတာ မဟုတ်ပါဘူး။ လုပ်ငန်းခွင်မှာလည်းပဲ အကြီးအကဲနဲ့ အောက်လက်ဝန်ထမ်း ဆရာတပည့် ရှိကြပါတယ်။ ဆရာတပည့်တွေ ကိစ္စတစ်ခုကို ဖြေရှင်းတဲ့အခါမှာ ဆရာတစ်ယောက်တည်းရဲ့ သဘောအတိုင်း ဆုံးဖြတ်တာထက် ဗုဒ္ဓရဲ့ နည်းလမ်းအတိုင်း ဖြေရှင်းကြမယ်ဆိုရင် အများဆန္ဒကို ယူတာဖြစ်လို့ ပွင့်လင်းမြင်သာမှုရှိမယ်။ အမှားအယွင်း နည်းမယ်။




ဒါဟာ ဗုဒ္ဓရဲ့ ဒီမိုကရေစီကို ဖော်ဆောင်တဲ့ နည်းလမ်းလို့ ဆိုနိုင်မယ်ထင်ပါတယ်။ ဆရာ တပည့်ဆက်ဆံရေးမှာ အပြန်အလှန် တိုင်ပင်ကြတာလည်း အရေးပါတဲ့အချက်လို့ ကျွန်မမြင်ပါတယ်။

### နားထောင်ပေးသင့်တဲ့ တပည့်တွေရဲ့အမြင်

ပြဿနာ တစ်ခုဖြစ်ခဲ့ရင် တပည့်တွေ ပြောတာကို ကျွန်မတို့ နားထောင်ပေးဖို့လိုပါတယ်။ ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းမှာက ဆရာကို သိပ်တန်ဖိုးထားကြတာကြောင့် ဆရာကသာ အမှန်ဆိုတဲ့ အစွဲရှိတတ်ပါတယ်။ သူတို့ မှန်တယ်၊ မှားတယ်ဆို ပြောပြဖို့ ကျွန်မတို့ဘက်က အခွင့်အရေးပေးဖို့လိုပါမယ်။ နားထောင်ပေးဖို့ လိုပါမယ်။ မေးမြန်းဖို့လိုပါမယ်။ တစ်ခါတလေမှာ ကျွန်မတို့ဘက်ကလည်း မှားသွားတာမျိုးရှိနိုင်သလို ကျွန်မတို့ တပည့်တွေလည်း အမြဲမမှားနိုင်ဘူးဆိုတာ ကျွန်မတို့ သတိပြုဖို့ လိုမယ်ထင်ပါတယ်။

ကျွန်မရဲ့ အတွေ့အကြုံအရ ကျွန်မရဲ့ စာသင်ပေးရတဲ့ တပည့်တွေနဲ့ရော၊ အလုပ်ခွင်က တပည့်တွေနဲ့ရော တိုင်ပင်ပြီးမှ လုပ်တဲ့ ကိစ္စတွေမှာ မထင်မှတ်ထားလောက်အောင် သူတို့ဆီက အကြံပြုချက်ကောင်းတွေ ရခဲ့တာ ရှိပါတယ်။ ကျွန်မရဲ့ဆုံးဖြတ်ချက်ကို အတော်လေး အထောက်အကူရစေပါတယ်။ သူတို့ရဲ့ တွေးခေါ်နိုင်စွမ်း၊ လုပ်နိုင်စွမ်းတွေကို ကျွန်မတို့ ဆရာတွေ ဝမ်းမြောက်ဝမ်းသာ လက်ခံပေးကြရမှာပါ။

ဆရာနဲ့ တပည့်တွေ အခက်အခဲကြုံလာရင် တစ်ယောက်နဲ့တစ်ယောက် မစွန့်ခွာဘဲ အတူရင်ဆိုင်ဖြေရှင်းကြတာကိုလည်း ဝိနည်းပါဠိမှာ တွေ့ရပါတယ်။ ဗုဒ္ဓ (၁၂) ဝါမြောက်မှာ ဝေရဉ္စာပြည်မှာ ဝါဆိုတုန်း ကပ်ဘေးကြုံပါတယ်။ ဆွမ်းလည်း အတော်ခက်ခဲပါတယ်။ ဒါပေမယ့် ဒီအခက်အခဲကြောင့် ဆရာနဲ့ တပည့်တွေ တစ်ယောက်နဲ့တစ်ယောက်စွန့်ခွာခဲ့တာ မရှိခဲ့ပါဘူး။ ဆရာနဲ့ တပည့်ဟာ ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ ယှဉ်တွဲပြီး ရှိလာတာ နှစ်ကာလအတော်ကြာခဲ့ပါပြီ။ ဆရာဟာ တပည့်ကို ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် မစွန့်ပစ်နိုင်တာဟာလည်း ဆရာ့ရဲ့ မေတ္တာပါပဲ။ ဒီလိုပဲ တပည့်တွေဟာလည်း ဆရာတွေကို ဘယ်လိုပဲ ဖြစ်နေပါစေ ထားခဲ့လို့ မရပါဘူး။

ဗုဒ္ဓဟာ တပည့်တွေအပေါ်မှာ အတော်ပွင့်လင်း လွတ်လပ်ပါတယ်။ ဝါတွင်းသုံးလတာ အတူနေတုန်း တစ်ယောက်နဲ့ တစ်ယောက် စိတ်အခန့်မသင့်တာ ဖြစ်နိုင်တာကြောင့် ဝါကျွတ်တဲ့ အခါမှာ အပြစ်ရှိရင် ခွင့်လွှတ်ကြဖို့ ဖိတ်ကြားရပါတယ်။ ဒါကို ပဝါရဏာလို့ ခေါ်ပါတယ်။ ဆရာတပည့် နှစ်ဦးကြားမှာလည်း အပြန်အလှန် နားလည်ကြဖို့၊ ခွင့်လွှတ်ကြဖို့ ဗုဒ္ဓကသင်ကြားပေးခဲ့ပါတယ်။ လက်တွေ့နယ်ပယ်မှာလည်း ကျွန်မတို့တွေ အမြင်လွဲ အထင်လွဲတာတွေ ရှိနိုင်တာကို ဗုဒ္ဓရဲ့ ပဝါရဏာပြုတဲ့ နည်းလမ်းက ကောင်းကောင်း ဖြေရှင်းပေးနိုင်မယ်ထင်ပါတယ်။

ဗုဒ္ဓဟာ တပည့်သားမြေးတွေရဲ့ အားသာချက်တွေကို ဂုဏ်ပြုချီးကျူးစကားဆိုတာကိုလည်း ပါဠိစာပေတွေမှာ မကြာခဏ တွေ့ရပါတယ်။ ဒီလိုပဲ တပည့်ရဟန်းတွေကလည်း ဗုဒ္ဓရဲ့ ဂုဏ်တော်ကို မကြာခဏ ထုတ်ဖော်ချီးကျူးတတ်ကြပါတယ်။ ဒါဟာ ဘာကိုဖော်ညွှန်းနေလဲဆိုရင် ဆရာရဲ့ ဂုဏ်ကို တပည့်တွေက လေးစားချီးကျူးပြီး ဆရာက တပည့်ရဲ့ အရည်အသွေးကို အသိအမှတ်ပြုပေးတာပဲ ဖြစ်ပါတယ်။ ကျွန်မဆို ကျွန်မတပည့်များက ဆရာမ စာသင်တာ ကောင်းလိုက်တာလို့များ ပြောရင် သိပ်ပျော်တာပေါ့။ ကျွန်မတို့အတွက် ဒါဟာ အားဆေးပါ။ ဒီလိုပဲ သူတို့ လုပ်နိုင်ရင်လည်း ကျွန်မတို့ မပျက်မကွက် အသိအမှတ် ပေးဖို့လိုတယ်။ ထုတ်ဖော်ပြီး ဂုဏ်ပြုပေးဖို့ အရေးကြီးပါတယ်။ ကျွန်မတို့ရဲ့ ဂုဏ်ပြုစကားက သူတို့အတွက် ရှေ့ဆက်ဖို့ ခွန်အားတွေပါပဲ။

### အပြန်အလှန်လေးစားတတ်ဖို့

ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းမှာတော့ ဆရာဆိုတာကို ဘုရား၊ တရား၊ သံဃာ၊ မိဘတို့နဲ့ တစ်တန်းတည်းထားပြီး ရိုသေလေးစားကြပါတယ်။ တပည့်ကသာ ဆရာကို လေးစားရမယ်လို့ ယဉ်ကျေးမှုအရ၊ အစဉ်အလာအရ ကျွန်မတို့ လက်ခံခဲ့ကြပါတယ်။ ကျွန်မတို့လည်း ကျွန်မတို့ ဆရာတွေအပေါ် လေးစားလာခဲ့တာပဲ ဖြစ်ပါတယ်။ ဗုဒ္ဓကတော့ အပြန်အလှန်လေးစားဖို့ ညွှန်ပြပေးခဲ့တာကို အင်္ဂုတ္တရနိကာယ်၊ နဝကဝဂ်၊ နန္ဒကသုတ်မှာ တွေ့ရပါတယ်။ တစ်ခါက ဗုဒ္ဓဟာ ဇေတဝန်ကျောင်းမှာ နေထိုင်တုန်း နန္ဒကမထေရ်က တခြားရဟန်းတွေကို တရားဟောနေတဲ့ နေရာကို ရောက်သွားပါတယ်။ တရားဟောတာကို မပျက်စေချင်တဲ့အတွက် အသံမပြုဘဲ အပြင်ကနေပဲရပ်ပြီး စောင့်ဆိုင်းနားထောင်ခဲ့ပါတယ်။ တရားဆုံးတဲ့ အချိန်ရောက်မှ ချောင်းဟန့်တံခါးခေါက် အသိပေးပါတယ်။ တရားက အတော်ရှည်တာကြောင့် အပြင်မှာ အချိန်ကြာကြာစောင့်ရပေမယ့် လေးလေးစားစားပဲ စောင့်ဆိုင်းပေးခဲ့ပါတယ်။

ကျွန်မလည်း ဒါနဲ့ပတ်သက်ပြီး စိတ်ခံစားချက် ရှိခဲ့ဖူးပါတယ်။ ကျွန်မ မဟာဝိဇ္ဇာတန်းတက်တုန်းက RC-2 မှာ အချိန်ပိုင်းနည်းပြ လုပ်တုန်းကပါ။ ကျွန်မစာသင်ချိန်ပြီးဖို့ အချိန်အတော်လေးကျန်တဲ့အချိန်၊ စာသင်လက်စအချိန်မှာပဲ ဌာနမှူးဆရာတစ်ယောက် သူ့အတန်းကို လာပေါင်းတက်ရမယ့် သူ့တပည့်တွေကို လာခေါ်ခိုင်းပါတယ်။ ကျွန်မစာသင်နေတာ မပြီးသေးမှန်း သိနေတာကိုပဲ သူ့တပည့်တွေကို လွှတ်ပေးဖို့ ပြောခိုင်းလိုက်ပါတယ်။ ကျွန်မရဲ့ အဲဒီစိတ်ခံစားချက်ကို အဲဒီဆရာ သိခဲ့ပုံမပေါ်ပါဘူး။ ကျွန်မကတော့ ကျွန်မအတန်းသွားလို့ ရှေ့အချိန်သင်နေတဲ့ ဆရာမ မထွက်သေးရင် မမြင်ရတဲ့ နေရာကပဲ စောင့်ပါတယ်။ တစ်ခါတလေ ကျွန်မ အရှိန်လွန်ပြီး နောက်ကျမှထွက်လို့ အပြင်မှာ စောင့်နေတဲ့ ဆရာမကို အသေအချာကို တောင်းပန်ခဲ့ပါတယ်။ သူတို့ကို ကျွန်မ ခံစားရသလို မခံစားစေချင်ပါဘူး။

### အတုယူစရာ အပြုအမူတစ်ခု

ကျွန်မတို့ ဆရာမကြီးတစ်ယောက် တစ်ခါမှာ စာသင်ချိန်နောက်ကျပြီးမှ ရောက်လာပါတယ်။ နောက်ကျသွားတာကို တောင်းပန်စကားပြောတော့ ကျွန်မတို့က အားနာပြီး ရပါတယ်ဆရာမကြီးလို့ ပြောတော့.. ဆရာမကြီး ကျွန်မတို့ကို ပြန်ပြောခဲ့တာကို ကျွန်မ ဒီနေ့အထိ မမေ့ပါဘူး။ ဆရာမကြီးရဲ့ လေသံအတိုင်းပြောရရင် "ဒီမယ် သမီးတို့ သားသမီးကမှ မိဘကို၊ တပည့်ကမှ ဆရာကို လေးစားရတာမဟုတ်ဘူး၊ မိဘကရော၊ ဆရာကရော သားသမီး တပည့်ကို လေးစားဖို့လိုတယ်။ ဆရာမကြီးဆို အိမ်မှာ သားသမီးတွေကို ငါမိဘပဲဆိုပြီး သူတို့ကို ပြောချင်သလို ပြောလို့မရဘူး။ ပြောသင့်တာကိုပဲ ပြောရတယ်" တဲ့။ ကျွန်မ ဆရာမကြီးပြောခဲ့သလို ကျွန်မ ဆရာစဖြစ်ချိန်ကနေ ဒီနေ့အထိ ကျွန်မဘက်က တစ်ခုခုကြောင့် နောက်ကျခဲ့တာ၊ ပျက်ကွက်ခဲ့တာရှိရင် မဖြစ်မနေ တောင်းပန်တတ်ပါတယ်။ အဲဒီ အလေ့အကျင့်ကောင်းကိုလည်း ကျွန်မတပည့်တွေကို လိုက်နာတတ်အောင် လေ့ကျင့်ပေးပါတယ်။ ဆရာမကြီး ပြောသလိုပါပဲ။ အပြန်အလှန် လေးစားတာဟာ အပြုသဘောဆောင်ပြီး မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်စေပါဘူး။ ဗုဒ္ဓရဲ့ သူ့တပည့်များအပေါ် လေးစားမှုကို ပြတာ အတုယူစရာ ပါပဲရှင်။

ဗုဒ္ဓက တပည့်သာဝကတွေကို ဆင်းရဲချမ်းသာ၊ အမျိုးညံ့၊ အမျိုးကောင်း မခွဲခြားဘဲ တန်းတူ ဆက်ဆံတာ၊ အခွင့်အရေးအတူပေးခဲ့တာကလည်း ဆရာကောင်းတစ်ယောက်ရဲ့ အရည်အချင်းပါပဲ။ ဒါကို ဗုဒ္ဓက 'နာမည် အသီးသီးရှိတဲ့ မြစ်တွေ ဂင်္ဂါမြစ်ထဲရောက်ရင် မူရင်းနာမည်ပျောက်ပြီး ဂင်္ဂါမြစ်လို့ပဲ ခေါ်ကြပါတယ်။ အသားအရောင်၊ အဆင့်အတန်းတွေ ဘယ်လိုပဲရှိရှိ သာသနာတော်ထဲ ရောက်ရင်တော့ ရဟန်းဆိုတဲ့ နာမည် အောက်ကို အကုန်ရောက်တယ်' လို့ ဆိုပါတယ်။ ရဟန်းဖြစ်ရင် အခွင့်အရေးတန်းတူ ရတာကိုလည်း သာမညဖလသုတ်မှာ ကျွန်မတို့ တွေ့ရှိရမှာပါ။ ကျော့သားရင်သားမခွဲခြားဘဲ တပည့်များကို စောင့်ရှောက်ခဲ့တဲ့ ဗုဒ္ဓရဲ့ ဆရာ့စိတ်ဓာတ်ကလည်း အတုယူစရာပါပဲ။

တကယ်တော့ ဆရာတွေဟာ မိဘတွေနဲ့ မခြားပါဘူး။ မိဘကမှ သားသမီးရှိလှ ဆယ်ဦးပါ။ ဆရာတွေကတော့ မရေတွက်နိုင်တဲ့ သားသမီးတွေ အများကြီးကို ပိုင်ဆိုင်ထားကြတာပါ။ တပည့်တွေကိုလည်း တော်လို့၊ ညံ့လို့၊ ချမ်းသာလို့၊ ဆင်းရဲလို့၊ လိမ္မာလို့၊ မိုက်လို့ ခွဲခြားဆက်ဆံလို့မရပါဘူး။ အားလုံးကို တန်းတူထားပြီး ဆက်ဆံရပါတယ်။ သူတို့ ဘယ်ကပဲလာလာ၊ ဘယ်သူပဲ ဖြစ်ဖြစ် အားလုံးကို ဆရာဖြစ်နေတဲ့ ကျွန်မတို့ဆီရောက်ရင် ကျွန်မတို့ တပည့်အဖြစ် လက်ခံရမှာပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့

**"ကျွန်မတို့ ဆရာမကြီးတစ်ယောက် တစ်ခါမှာ စာသင်ချိန်နောက်ကျပြီးမှ ရောက်လာပါတယ်။ နောက်ကျသွားတာ ကို တောင်းပန်စကားပြောတော့ ကျွန်မတို့က အားနာပြီး ရပါတယ်ဆရာမကြီးလို့ ပြောတော့.. ဆရာမကြီး ကျွန်မ တို့ကို ပြန်ပြောခဲ့တာကို ကျွန်မ ဒီနေ့အထိ မမေ့ပါဘူး။ ဆရာမကြီးရဲ့ လေသံအတိုင်းပြောရရင် 'ဒီမယ် သမီးတို့ သားသမီးကမှ မိဘကို၊ တပည့်ကမှဆရာကို လေးစားရတာမဟုတ်ဘူး၊ မိဘကရော၊ ဆရာကရော သားသမီးတပည့်ကို လေးစားဖို့လိုတယ်။ ဆရာမကြီးဆို အိမ်မှာသားသမီးတွေကို ငါမိဘပဲဆိုပြီး သူတို့ကို ပြောချင်သလို ပြောလို့မရဘူး။ ပြောသင့်တာကိုပဲ ပြောရတယ်' တဲ့။ ကျွန်မ ဆရာမကြီးပြောခဲ့သလို ကျွန်မဆရာ စဖြစ်ချိန်ကနေ ဒီနေ့အထိ ကျွန်မဘက်က တစ်ခုခုကြောင့် နောက်ကျခဲ့တာ၊ ပျက်ကွက်ခဲ့တာရှိရင် မဖြစ်မနေ တောင်းပန်တတ်ပါတယ်။ အဲဒီအလေ့အကျင့်ကောင်းကိုလည်း ကျွန်မတပည့်တွေကို လိုက်နာ တတ်အောင် လေ့ကျင့်ပေးပါတယ်။ ဆရာမကြီးပြောသလိုပါပဲ။ အပြန်အလှန်လေးစားတာဟာ အပြုသဘောဆောင်ပြီး မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်စေပါဘူး"**

# လူငယ်ရေးရာမူဝါဒဆိုင်ရာ မဟာဗျူဟာစီမံချက်အရ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ဆက်စပ်ဝန်ကြီးဌာနတာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ လူငယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက် ( ၂၀၂၀ - ၂၀၂၄) အရ ဦးစားပေးလုပ်ငန်းဖြစ်သည့် ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာ လုပ်ငန်း စီမံချက် ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပ သည်။ (ယာပုံ)



အစည်းအဝေးသို့ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြန်ကြား ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကော်မရှင်တို့က တာဝန် ရှိသူများနှင့် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင် လူငယ်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူငယ် ရေးရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး မူဝါဒဆိုင်ရာမဟာ ဗျူဟာ (၂၀၂၀ - ၂၀၂၄)ကို အတည်ပြုပြီးဖြစ်၍ လာမည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် လာမည့်ဘတ်ဂျက်တွင် စတင် အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကို ရင်ဆိုင်ကျော်လွှားဆဲကာလမှာပင် ကိုဗစ်-၁၉ နှင့် ယှဉ်တွဲပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင်လည်း ထဲထဲဝင်ဝင် ပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုမဟာဗျူဟာကို အကောင်အထည်ဖော်ရန် လူငယ်များ၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူငယ်ရေးရာကော်မတီများအနေဖြင့် အဆင့်ဆင့်ဆောင်ရွက် နေကြပါကြောင်း၊ အကောင်အထည်ဖော်သည့်နေရာတွင် အဓိကတာဝန်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာန (၃)ခု သာမက ဆက်စပ်ဝန်ကြီးဌာနများအားလုံး ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ယခင်က မူဝါဒရေးဆွဲရေး၊ မဟာဗျူဟာရေးဆွဲရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ သက်ဆိုင်ရာဌာနများအပြင် လူမှုအဖွဲ့အစည်းများ၊ ပညာရှင် များပါဝင်ရန် လိုပါကြောင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ ကုလသမဂ္ဂအဖွဲ့များလည်း ပါဝင်ရန်လိုပါကြောင်း၊ မဟာဗျူဟာတွင် လုပ်ငန်းစဉ် (၁၆) ရပ်ရှိရာ လက်ရှိ ကိုဗစ်- ၁၉ နှင့်ယှဉ်ပြီး ဆောင်ရွက်နိုင်သည့်ကဏ္ဍကို ဦးစားပေး ရွေးချယ်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် မျိုးဆက်သစ် လူငယ်များကို လေ့ကျင့်ပြုစုပျိုးထောင်ရန်လိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ပါဝင်မှုသည် အရေးကြီးသည်ကို ဖော်ပြလိုပါကြောင်း။

မဟာဗျူဟာအနေဖြင့် ချမှတ်ရာတွင် ကဏ္ဍ (၁) ခု တည်းကို မဟာဗျူဟာ (၆) ရပ် ချမှတ်ထားပါကြောင်း၊ မဟာဗျူဟာ(၁) သည် လူ့အခွင့်အရေးတန်ဖိုးများ၊ ဒီမိုကရေစီ စံနှုန်းများနှင့် ဖက်ဒရယ်သဘောတရားများကို အခြေခံထား သည့် ပြည်သူ့နီတိသင်ရိုးနှင့် သင်ကြားမှုပုံစံသတ်မှတ် ခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီး ဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပညာရေး၏ ရေရှည်သင်ခန်းစာတွင် ထည့်ရန်ဖြစ်ပါကြောင်း။

မဟာဗျူဟာ (၂)သည် သင်ကြားပေးရန်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်နိုင်ရသည်မှာ ကျောင်းပြင်ပလူငယ်များကို သင်တန်းပေးခြင်းဖြစ်ပါကြောင်း၊ အိမ်မှာနေပြီး အကျိုး ရှိအောင် လေ့ကျင့်သင်တန်းများပေးရပါကြောင်း၊ ရပ်ကွက် ကျေးရွာက လူငယ်များအထိရောက်ရှိအောင် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာ ကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မဟာဗျူဟာ (၃) သည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ကဏ္ဍစုံမှ စံပြလူငယ်များ ပေါ်ထွက်လာနိုင်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာ ကော်မတီများကဦးဆောင်ပြီး တိုင်းရင်းသား ဒေသများအားလုံးပါဝင်နိုင်ရန် ပံ့ပိုးပေးသွားရမည်ဖြစ် ကြောင်း၊ ဒီမိုကရေစီစံနှုန်းများကို ပြည်သူအများသိရှိစေရန် အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် နှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် အွန်လိုင်းစနစ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ပါကြောင်း၊ နည်းပညာပံ့ပိုးမှုများလည်း လိုအပ်မည် ဖြစ်ကြောင်း။

မဟာဗျူဟာ (၄) သည် လူငယ်များက လူငယ်အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အစီအစဉ်များ ဖော်ထုတ် ပေးရမည်ဖြစ်ကြောင်း။

မဟာဗျူဟာ(၅)သည် လူငယ်များ ပရဟိတလုပ်ငန်း များတွင်ပါဝင်ရန် အစီအစဉ်များကို ချမှတ်ပေးရန် ဖြစ်ကြောင်း၊ ယင်းကဏ္ဍအတွက် အထူးအထွေပြောနေစရာ မလိုပါကြောင်း၊ မြန်မာနိုင်ငံလူငယ်များအနေဖြင့် လက်ရှိ လူငယ်များ ပရဟိတလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်နေခြင်း ဖြစ်ပါကြောင်း။

မဟာဗျူဟာ(၆)သည် ဝန်ထမ်းလူငယ်များ၏ အလုပ် နှင့်ပတ်သက်ပြီး တက်ကြွစွာ ဆောင်ရွက်လိုစိတ်ရှိလာ အောင်၊ ဒီမိုကရေစီစံနှုန်းများ၊ ဖက်ဒရယ်သဘောတရားများ ကို သိရှိနားလည်ပြီး အဂတိကင်းရှင်းစွာ လုပ်ငန်းခွင်အတွင်း အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းပေးမည့် အစီအစဉ်များကို ဖော်ထုတ်ရန်ဖြစ်ပါကြောင်းနှင့် အဆိုပါ မဟာဗျူဟာ(၆) ရပ်ကို အကောင်အထည်ဖော်ရန် ယခု တက်ရောက်လာကြသော ဖိတ်ကြားထားသူများ၊ တာဝန် ရှိသူများနှင့် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင်များကို ဆွေးနွေးပေးရန် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်က လူငယ်ဆိုင်ရာကဏ္ဍကြီး (၁၆) ရပ်အနက်မှ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာကဏ္ဍကို ဦးစားပေးဆောင်ရွက်ရန် ရွေးချယ်ထားသည့်အတွက် လုပ်ငန်းစဉ်များ ချမှတ်ရန်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု ဆိုင်ရာကဏ္ဍတွင် အကောင်အထည်ဖော်နေသည့်ဌာနများ အနေဖြင့်လည်း အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားပြီး ၂၀၂၀ - ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ်များက လုပ်ငန်းများအပေါ် ဘဏ္ဍာငွေလျာထားမှု၊ သုံးစွဲနိုင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူငယ်ရေးရာ ကိစ္စရပ်များအတွက် အချိန်ကာလသတ်မှတ်၍ ဆောင်ရွက် မည့်အစီအစဉ်များနှင့် လုပ်ငန်းစီမံချက်မူကြမ်းနှင့် စပ်လျဉ်း ၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင် လူငယ်များက အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် ( ၂၀၂၀ - ၂၀၂၄) အရ ဦးစားပေးလုပ်ငန်းဖြစ်သည့် ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် အကြံပြုညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## တောင်ငူခရိုင် အုတ်တွင်းမြို့၌ အခြေခံလူတန်းစားအိမ်ထောင်စု ၄၆၂ စုအတွက် စားသောက်ကုန် ငါးမျိုး လှူဒါန်း

**တောင်ငူ အောက်တိုဘာ ၃**

တောင်ငူခရိုင် အုတ်တွင်းမြို့ ဈေးရပ်ကွက်ရှိ ရန်ကုန်-မန္တလေး မီးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော Tokyu Construction Co., Ltd မှ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် အုတ်တွင်း မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ယနေ့ နံနက် ၁၀ နာရီတွင် အုတ်တွင်းမြို့ ဈေးရပ်ကွက်ရှိ ကိုဗစ်-၁၉ ကာလတွင် နေထိုင်စားသောက်ရေး အခက်အခဲ ဖြစ်နေသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၄၆၂ စုအတွက် ဆန် ခြောက်ပြည်၊ ဆီတစ်ဘူး၊ ကြက်သွန် တစ်ပိဿာ၊ ကြက်ဥ ၁၀ လုံးနှင့် ဆား တစ်ထုပ်တို့ကို အဆိုပါ စီမံကိန်းရုံးရှေ့၌ ရပ်ကွက်နေပြည်သူများကို ကျန်းမာရေးလမ်းညွှန်ချက် များနှင့်အညီ ပေးအပ်ခဲ့သည်။

ယင်းနောက် အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူများသည် အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၃၅ ဦးအတွက် အခြေခံစားသောက်ကုန် ပစ္စည်းငါးမျိုးကို အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



---

*စာမျက်နှာ ၆ မှ*

စာမျက်နှာ ၆ မှ

### မရှိသင့်သော အကြောက်တရား

ဗုဒ္ဓဟာ တပည့်တွေကို အကြောက်တရားနဲ့ မဆက်ဆံခဲ့ပါဘူး။ အပေါ်မှာ ကျွန်မလေ့လာမိသလောက် ပြောပြခဲ့တာကိုကြည့်ရင် ကြောင်းကျိုးပြပြီး ဆုံးမသိမ်း သွင်းခဲ့တာဖြစ်ပါတယ်။ ဆရာနဲ့ မနီးစပ်ဘဲ ဝေးကွာနေတဲ့ အကြောင်းတရားတွေထဲမှာ အကြောက်တရားလည်း ပါမယ်ထင်ပါတယ်။ အကြောက်တရားကြောင့်၊ အကြောက်တရားရဲ့ လွှမ်းမိုးမှုတွေကြောင့် ကျွန်မတို့ တပည့်တွေ ကျွန်မတို့နဲ့ ဝေးကွာသွားနိုင်တယ်။ စာသင် ခန်းတွေကို ကျောခိုင်းသွားနိုင်တယ်။ ထူးချွန်ထက်မြက်တဲ့ တပည့်တွေ နည်းသွားနိုင်ပါတယ်။ ဒါတွေကိုလည်း ဆရာတွေဖြစ်တဲ့ ကျွန်မတို့ သတိပြုရမှာပါ။ ကျွန်မတို့ မျက်နှာလွှဲလိုက်လို့ မဖြစ်ပါဘူး။ ကျွန်မတို့ ဥပေက္ခာ ပြုလိုက်လို့ မဖြစ်ပါဘူး။ ဘာကြောင့်လဲ။ ကျွန်မတို့က ဆရာဖြစ်နေလို့ပါပဲ။ ကျွန်မတို့ဟာ တစ်ချိန်တည်းမှာ လူသုံးယောက်ဖြစ်နေတာပါ။ ချစ်ခြင်းမေတ္တာပေးတဲ့ မိဘ၊ ပညာသင်ပေးတာသာမက အကာအကွယ်ပေးတဲ့ ဆရာ၊ ခံစားချက်တွေ မျှဝေပေးနိုင်တဲ့ သူငယ်ချင်းကောင်း တွေပါ။

ကျွန်မတို့က 'ဆရာကြီးကို ကြောက်လို့' ဆိုတဲ့စကား ကို ကျွန်မတို့ဆရာကြီးတစ်ယောက် တော်တော်လေးကို သဘောမကျပါဘူး။ သူ့ကို ကြောက်တယ်ဆိုတာကို မကြိုက်ဘူးလို့ ပြောခဲ့ပါတယ်။ ဒီစကားကို ကျွန်မ ဆရာ ဖြစ်မှ ကောင်းကောင်းနားလည်ခဲ့ပါတယ်။ ကျွန်မလည်း ကျွန်မကို ကြောက်တယ်ပြောရင် မကြိုက်တတ်ပါဘူး။ အကြောက်တရားနဲ့ ကျွန်မတပည့်တွေကို ကျွန်မ မဆုံးမ ခဲ့ပါဘူး။ အကျိုးအကြောင်း ပြပြီးပဲ ဆုံးမခဲ့ပါတယ်။ ဆရာအပေါ်မှာ ရိုသေစိတ်၊ လေးစားစိတ်၊ တန်ဖိုးထားစိတ် ထားတတ်ဖို့ကိုပဲ သွန်သင်ခဲ့ပါတယ်။ ကျွန်မ လုပ်သက် တစ်လျှောက် ကျွန်မကံအကောင်းဆုံးအချက်ကတော့ ဆရာကို ရိုသေလေးစား တန်ဖိုးထားတဲ့ တပည့်တွေနဲ့ တွေ့ဆုံရတာပါပဲ။ အဲဒီအတွက် ကျွန်မကိုယ် ကျွန်မ အတော်လေး ဂုဏ်ယူမိပါတယ်ရှင်။

### ဆရာတစ်ဦးရဲ့ပီတိ

ဆရာဖြစ်တဲ့ ကျွန်မကတော့ တပည့်ဘဝမှာရော၊ ဆရာဘဝမှာပါ နေခဲ့ဖူးတာကြောင့် နှစ်ဖက်လုံးရဲ့ ခံစား ချက်ကို ပိုသိနိုင်ပါတယ်။ တပည့်တွေဘက်ကနေ တပည့် ရဲ့ စိတ်ခံစားချက်ကို ခံစားပေးလို့ရသလို ဆရာတွေဘက် ကနေလည်း ဆရာ့ရဲ့ စိတ်ခံစားချက်ကို ခံစားပေးလို့ရပါ တယ်။ တပည့်အဖြစ်နဲ့ ဆရာတွေအပေါ် လေးစားရိုသေ ဝတ္တရားမပျက်ကွက်ခဲ့သလို ဆရာအဖြစ်နဲ့ တပည့်တွေရဲ့ ရိုသေလေးစားမှုခံယူထိုက်အောင် နေထိုင်ပါတယ်။ ကျွန်မ ဆရာမကြီးတစ်ယောက်က ဆုပေးရင် ဆရာ့ထက် တော်တဲ့သူ ဖြစ်ပါစေဆိုတာကို ကျွန်မဆရာဖြစ်မှ ကောင်းကောင်း သဘောပေါက်နားလည်ခဲ့တယ်။ သူတို့ ထူးချွန်ရင်၊ သူတို့အောင်မြင်ရင် ဆရာတစ်ယောက်ရဲ့ ဝမ်းသာပီတိဖြစ်ရတဲ့ စိတ်ခံစားချက်က ဆရာဖြစ်ဖူးမှ သိနိုင်မှာပါ။

ဒီနေ့ခေတ်မှာတော့ ဆရာနဲ့ တပည့်ကြား၊ ဆရာ၊ တပည့်နဲ့ မိဘတွေကြားမှာ မပြေလည်တာတွေ ဖြစ်နေ တာကို မြင်တွေ့ကြားသိနေရပါတယ်။ ဗုဒ္ဓနဲ့ တပည့် သာဝကတွေကြားက ဆက်ဆံရေးက ဒါတွေကို ကောင်းကောင်းဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ ကျွန်မတို့ ဆရာတွေကဘက်ကလည်း စေတနာ၊ ဝါသနာ၊ အနစ်နာမှာ မေတ္တာပါ ပေါင်းစပ်ပြီး တပည့်များကို လမ်းပြပေးရပါမယ်။ ဒီလိုပဲ တပည့်တွေ ဘက်ကလည်း ဆရာတွေရဲ့အပေါ် စောင့်ထိန်းရမယ့် ကျင့်ဝတ်၊ လိုက်နာရမယ့်စည်းကမ်း၊ ဆောင်ရွက် ရမယ့် တာဝန်ဝတ္တရားတွေကို ကျေပွန်ဖို့ အရေးကြီး ပါတယ်။

ကမ္ဘာပေါ်မှာ ဆရာတွေ အများကြီးရှိပါတယ်။ တော်တဲ့ဆရာတွေ၊ ကောင်းတဲ့ဆရာတွေလည်း အများ ကြီး ရှိကြမှာပါ။ ဒါပေမယ့် ဆရာနဲ့ တပည့်ကြားမှာရှိတဲ့ နွေးထွေးမှု၊ ရင်းနှီးကျွမ်းဝင်မှု၊ ချစ်ခင်မှု၊ လေးစားမှု၊ တန်ဖိုး ထားမှုတွေကတော့ မြန်မာ့လူ့အဖွဲ့အစည်းမှာပဲ ရှိပါ တယ်။ ကျွန်မကတော့ ကျွန်မရဲ့ ဖြစ်တည်မှုဖြစ်တဲ့ ဆရာ တစ်ယောက်ရဲ့ ဘဝကို ကျွန်မချစ်တယ်။ တန်ဖိုးထား တယ်။ မြတ်နိုးတယ်။ နိုင်ငံရပ်ခြားမှာ လစာ ကောင်းကောင်းနဲ့ လုပ်ခွင့်ရခဲ့ရင်တောင် ဆရာနဲ့ တပည့် ကြားမှာရှိတဲ့ နွေးထွေးမှု၊ ရင်းနှီးကျွမ်းဝင်မှု၊ ချစ်ခင်မှု၊ လေးစားမှု၊ တန်ဖိုးထားမှုရဖို့ မသေချာတဲ့အတွက် ကျွန်မ မသွားနိုင်ပါဘူးရှင်။

ကျွန်မက ချစ်ခင်လေးစားတန်ဖိုးထားရတဲ့ ကျွန်မရဲ့ ဆရာကြီး၊ ဆရာမကြီးများနဲ့ ကျွန်မလိုပဲ ဆရာအဖြစ် ဘဝကိုတန်ဖိုးထားမြှုပ်နှံထားတဲ့ လုပ်ဖော်ကိုင်ဖက် ဆရာများအားလုံးကို အောက်တိုဘာလ ၅ ရက်နေ့မှာ ကျရောက်မယ့် ကမ္ဘာ့ဆရာများနေ့မှာ ဒီစာစုနဲ့ ဂုဏ်ပြုလိုက်ပါတယ်။ ကျန်းမာပျော်ရွှင် ချမ်းမြေ့ကြ ပါစေရှင်။ ။

# တကယ်လို့ နောက်တစ်ဆင့်ဆိုရင် တချို့လူတွေကို နိုင်ငံတကာမှာလုပ်သလို အိမ်မှာထားဖို့ Contain at Home ပါ

ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ ဆေးတက္ကသိုလ် -၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က အောက်တိုဘာ ၂ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် - ၁ (ရန်ကုန်)]**

အားလုံးမင်္ဂလာပါ။ ၂-၁၀-၂၀၂၀ ရက်နေ့ ရန်ကုန်ရဲ့ ကိုဗစ်အခြေအနေက အားလုံးသိတဲ့အတိုင်း ဒီနေ့ ၈၈၆ ဦးဆိုတော့ အရေအတွက် တော်တော်လေးများပါတယ်။ အရင်နေ့တွေက ထွက်နေတဲ့ ၇၀၀ ကျော်ကနေ အခု ၈၀၀ ကျော်လာပြီး ၉၀၀ နီးပါးဖြစ်သွားတဲ့ သဘောရှိပါတယ်။

**စစ်ဆေးတာတွေ ပိုပြီးများလာ**

ဒါက ကျွန်တော် ထင်ပါတယ်။ မနေ့က Testing Power တက်လာတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ စစ်ဆေးတာတွေ ပိုပြီးများလာတာကြောင့် ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အနေအထားက ကုသမှုစင်တာ တွေကို၊ ကိုဗစ်-၁၉ ကုသရေးဌာနတွေကို ပြောင်းရွှေ့ကုသ နိုင်ရေးအတွက် ပိုမိုပြီး လိုအပ်လာတာ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ကျွန်တော်တို့ ထိန်းနိုင်ပါသေးတယ်။

**ထိန်းသိမ်းထားနိုင်**

ကျွန်တော် မနေ့ကပြောသလိုပဲ အောင်မြင့်မိုရ်၊ ရိုးမအသစ် ဒါတွေအတွက် ဆောင်ရွက်နိုင်သလို၊ ပညာရေး ကောလိပ်၊ နောက်ယဉ်ကျေးမှုတက္ကသိုလ် ဒါတွေမှာလည်း တိုးချဲ့ပြီး ဆောင်ရွက်လာနိုင်တဲ့အတွက် လက်ရှိအနေအထားက ထိန်းသိမ်းထားနိုင်မယ့် အနေအထားမှာရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီး ပြောရရင် တကယ်တော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့၊ နိုင်ငံတော်နဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ထားချက်တွေက တကယ့်ကို တော်တော်လေးကို အစွမ်းကုန်လုပ်ထားတာ ဖြစ်ပါတယ်။

ကျွန်တော်တို့လို နိုင်ငံမျိုးမှာ လူနာတိုင်းကို အခန်းနဲ့ထားတယ်။ အဲကွန်းနဲ့ထားတယ်။ လူနာ လေးယောက်ကို တစ်ခန်း၊ အဲကွန်းနဲ့ထားတယ်။ ရေပူ ရေအေးစက်တွေ၊ နောက် အဝတ်လျှော်စက်တွေ ဒီလိုမျိုးနဲ့ ခုနကလို ကျန်းမာရေးစောင့်ရှောက်မှုအတွက် အောက်ဆီဂျင်တိုင်းတဲ့ စက်တွေ၊ Pressure တိုင်းတဲ့ စက်တွေ၊ ဒါမျိုးတွေကို လူ လေးယောက်၊ ငါးယောက်ကို တစ်ခုထားပေးတာ၊ ဒီလိုမျိုး Facilities နဲ့ ဒီလိုမျိုးထားတယ်၊ ကျန်းမာရေးစောင့်ရှောက်သူတွေ ထားထားပေးတယ်ဆိုတာ တကယ်တော့ တော်တော့်ကို အစွမ်းကုန်ကြိုးစားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

**အထူးပဲ ကျေးဇူးတင်ဖို့ကောင်း**

ဒါကို ပြည်သူလူထုအနေနဲ့ နားလည်ဖို့လိုပါတယ်။ နိုင်ငံတော်ကို ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ နိုင်ငံတော်က သူ့အနေအထားနဲ့ ဒါမျိုးကို အစွမ်းကုန်ဆောင်ရွက်ပေးထားတာ အခုလိုမျိုး လူ ၇၀၀၀ ကျော် ၈၀၀၀ ကို ပြုစုစောင့်ရှောက်ဖို့အတွက် စီစဉ်ပေးထားတာ အထူးပဲ ကျေးဇူးတင်ဖို့ ကောင်းပါတယ်။

တကယ်လို့ Next Step က ဘာလဲဆိုရင် Containment မှာ အခုဟာက Institution တွေမှာ ကိုဗစ်စင်တာတွေမှာ ထားတာပေ့ါနော်။ တကယ်လို့ နောက်တစ်ဆင့်ဆိုရင် တချို့လူတွေကို နိုင်ငံတကာမှာလုပ်သလို အိမ်မှာထားဖို့ Contain at Home ပါ။ အဲဒီအခါကျရင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ လုံခြုံရေးနဲ့ သေချာပေါင်းစပ်ပြီး အဲဒီလိုမျိုး နေနိုင်တဲ့သူတွေကို အဲဒီလိုမျိုး ထားပြီး အခက်အခဲရှိတဲ့သူတွေကို ကိုဗစ်စင်တာတွေမှာ ထားပြီးကုသဖို့ ဖြစ်ပါတယ်။ ဒါက နိုင်ငံတော်အနေနဲ့ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ စင်ထရယ်ကိုဗစ်ကော်မတီအနေနဲ့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒါကလည်း အခုအချိန်မှာစတင်ပြီး ဆွေးနွေးနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ အနေအထားပေ့ါနော်။

ဆက်ပြီးတက်လာရင် ဘယ်လိုလုပ်မှာလဲ၊ ဒါကို တန်းသွားရင် ဘယ်လိုလုပ်မှာလဲ၊ ထိန်းထားနိုင်ရင် ဘယ်လိုလုပ်မှာလဲဆိုတာကို အခုအချိန်မှာ စတင်ပြီး ဆွေးနွေးနေပြီ ဖြစ်ပါတယ်။ ဒီဆေးရုံကြီးတွေရဲ့ အနေအထားကိုလည်း ဒီလိုပြောင်းလဲတဲ့အခါမှာ ဖြစ်လာမယ့်၊ အခုလည်း တိုးတက်များပြားလာနေတဲ့ ပြင်းထန်ရောဂါလက္ခဏာရှိတဲ့သူတွေ ဒါမှမဟုတ် အတော်အသင့်ရောဂါလက္ခဏာရှိတဲ့သူတွေကို ကုသနိုင်ဖို့အတွက်၊ အထူးသဖြင့် ဒီအောက်ဆီဂျင်ပေ့ါနော်။ အောက်ဆီဂျင်ကို ပြည့်ပြည့်ဝဝ ရရှိအောင်ပေးနိုင်ဖို့အတွက်လည်း ယခုအချိန်မှာ စီမံကိန်း၊ စီမံချက်တွေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကိစ္စကို အဓိကအရေးပေါ်လုပ်ငန်းအနေနဲ့ ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေဟာ လက်ရှိ လောလောဆယ် ကိုဗစ်နဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေကြိုးစားနေတဲ့၊ ဒီတိုက်ပွဲမှာ တိုက်ခိုက်နေတဲ့ နည်းဗျူဟာတွေ၊ စနစ်တွေ ဖြစ်ပါတယ်။

> **“အောက်ဆီဂျင်ကို ပြည့်ပြည့်ဝဝ ရရှိအောင်ပေးနိုင်ဖို့အတွက်လည်း အခုအချိန်မှာ စီမံကိန်း၊ စီမံချက်တွေနဲ့ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီကိစ္စကို အဓိကအရေးပေါ်လုပ်ငန်းအနေနဲ့ ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေဟာ လက်ရှိ လောလောဆယ် ကိုဗစ်နဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေ ကြိုးစားနေတဲ့၊ ဒီတိုက်ပွဲမှာ တိုက်ခိုက်နေတဲ့ နည်းဗျူဟာတွေ၊ စနစ်တွေ ဖြစ်ပါတယ်”**


မနေ့က ရန်ကုန်ဆေးရုံကြီးနဲ့ ပတ်သက်ရင် တကယ်တော့ ရန်ကုန်ဆေးရုံကြီးမှာ လူနာတွေ အလွန်များလာတယ်။ ကျဉ်းကျပ်လာတယ်။ တကယ်တော့ တော်တော်လေးကို ဒါလူနာတွေအတွက်လည်း အခြေအနေအရ နေရထိုင်ရခက်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါတွေကိုလည်း မနေ့က အရေးပေါ် စီစဉ်ဆောင်ရွက်ပြီးတော့ အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ပါတယ်။

**အစွမ်းကုန်ဆောင်ရွက်**

အခုဒီနေ့လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားမှုနဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ အခုအစည်းအဝေးလုပ်ဖို့လုပ်နေပါတယ်။ ရန်ကုန်ဆေးရုံကြီးနဲ့ အခုလို ဆေးရုံကြီးတွေအတွက် အရေးပေါ်ပြုပြင်ပြောင်းလဲပြီးတော့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက် ဒီအစည်းအဝေးမှာ ဆွေးနွေးဆုံးဖြတ်ကြမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ထွက်လာမယ့် Output တွေနဲ့ ဆွေးနွေးဆုံးဖြတ်ချက်တွေနဲ့ ပိုမိုကောင်းမွန်အောင် အစွမ်းကုန်ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ထက်လျှံ




## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## သံဖြူဇရပ်မြို့နယ်ရှိ ကျေးရွာများ၌ သောက်သုံးရေ အရည်အသွေးစမ်းသပ်စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာ ၅၂ ရွာ၌ ပြည်သူများ သောက်သုံးလျက်ရှိသည့် ရေအရည်အသွေးများကို စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း (ယာပုံ) အဆိုပါဦးစီးဌာနမှ သိရသည်။



ထိုသို့ စမ်းသပ်စစ်ဆေးရာတွင် ရေထဲတွင်ပါဝင်သော လူနှင့် တိရစ္ဆာန် အညစ်အကြေးခတ်ကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော ဗက်တီးရီးယားပိုး ပါဝင်မှုကို ရေထွက်ပင်ရင်းမှ ယူဆောင်၍ ၂၄ နာရီအတွင်း စမ်းသပ်စစ်ဆေးလျက်ရှိကာ ကျေးရွာ ၅၂ ရွာ၏ အများသုံးနေရာမှ ရေနမူနာများကို သတ်မှတ်ချိန်အတိုင်း ရယူပြီး အောက်တိုဘာလအတွင်း အပြီးစမ်းသပ် စစ်ဆေးမည်ဖြစ်ကာ ရေသန့်စင်စနစ် ဆောင်ရွက်ထားသော ကျုံကဒါတ်ကျေးရွာတွင် နှစ်လတစ်ကြိမ်ဖြင့် ခြောက်ကြိမ် စမ်းသပ်စစ်ဆေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်ရေ၊ သုံးရေ ဖူလုံစွာ ရရှိစေရေး တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ ရေကန်နှင့် စိမ့်စမ်းများ တူးဖော်ပေးခြင်း လုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျိုင်းလော(သတင်းစဉ်)

# ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့တွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲစတင်ပေး စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့၌ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများသည် မြန်မာသံရုံး ဘန်ကောက်မြို့၌ အောက်တိုဘာ ၃ ရက်မှ စတင်၍ ကြိုတင်ဆန္ဒမဲပေးမှုများ စတင်ပြုလုပ်ကြကြောင်း သိရသည်။

အောက်တိုဘာ ၃ ရက်တွင် မြန်မာသံရုံး ပရဝဏ်၌ ဖွင့်လှစ်ထားသည့် မဲရုံ သုံးရုံ၌ မဲဆန္ဒရှင် ၃၈၅ ဦး ဆန္ဒမဲ လာရောက်ပေးခဲ့ကြပြီး အဆိုပါ၃၈၅ ဦးတို့အနက် မဲရုံ-၁ တွင် မဲဆန္ဒရှင် ၁၆၂ ဦး၊ မဲရုံ-၂ တွင် မဲဆန္ဒရှင် ၉၈ ဦး၊ မဲရုံ-၃တွင် မဲဆန္ဒရှင် ၁၂၅ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**တိုကျို**

ထို့ပြင် ဂျပန်နိုင်ငံ၌ ရောက်ရှိနေကြသော မဲဆန္ဒပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများသည် ယနေ့တွင် မြန်မာသံရုံး တိုကျိုမြို့၌ ကြိုတင်ဆန္ဒမဲပေးမှုများ စတင်ပြုလုပ်ခဲ့ပြီး မဲဆန္ဒရှင် ၁၁၅၉ ဦး စည်းကမ်းတကျ လာရောက် ဆန္ဒမဲပေးခဲ့ကြသည်။



ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေကြစဉ်။

မဲဆန္ဒရှင်များအနေဖြင့် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး အစီအမံကိုလည်း အလေးထားလိုက်နာဆောင်ရွက်ခဲ့ကြပြီး ကြိုတင်ဆန္ဒမဲပေးရန် လာရောက်ကြသူများကို မြန်မာသံရုံးမှ ဝန်ထမ်းများ၊ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် လူငယ် Volunteers များက လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြသည်။

မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် Tokai ဒေသရှိ Aichi, Gifu, Mie, Shizuoka ပြည်နယ်များမှ မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအတွက် Aichi ပြည်နယ် နာဂိုယာမြို့ မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်ရုံး၌ အောက်တိုဘာ ၁၁ ရက်အထိ မဲရုံခွဲဖွင့်လှစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မော်စကို**

ရုရှားနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများကလည်း မြန်မာသံရုံး၊ မော်စကိုမြို့၌ ယနေ့တွင် မဲဆန္ဒရှင် ၁၀၀ ကြိုတင်ဆန္ဒမဲများ စတင်လာရောက် မဲပေးခဲ့ကြောင်း သိရသည်။

**ဆိုးလ်**

ထို့ပြင် မြန်မာသံရုံး ဆိုးလ်မြို့၌ ယနေ့တွင် ဒုတိယနေ့ မဲပေးမှု ဆက်လက်ပြုလုပ်ခဲ့ရာ မဲဆန္ဒရှင်ဦးရေ ၁၇၃၇ ဦးကျော်သည် အနယ်နယ်အရပ်ရပ်မှ အဝေးပြေးကားကြီးများကို စင်းလုံးငှား၍လည်းကောင်း၊ အဖွဲ့လိုက်လည်းကောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်းအလိုက် လည်းကောင်း သံရုံးသို့လာရောက်မဲပေးခဲ့ကြသည်။

**ဘန်ဒါဆရီဘီဂါဝန်**

အလားတူ ဘရူနိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် မြန်မာသံရုံး ဘန်ဒါဆရီဘီဂါဝန်မြို့၌ အောက်တိုဘာ ၂ ရက်မှ စတင်၍ ကြိုတင်ဆန္ဒမဲပေးခြင်းကို စတင်ဆောင်ရွက်ခဲ့ရာ ပထမနေ့တွင် ၈၃ ဦးနှင့် ယနေ့တွင် ၇၀ ခန့် လာရောက် ဆန္ဒမဲပေးခဲ့ကြောင်းနှင့် ဘရူနိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ ပရဟိတအဖွဲ့များက လာရောက်ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

ကြိုတင်ဆန္ဒမဲပေးရန် မြန်မာသံရုံးများသို့ ရောက်ရှိလာသည့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ ချမှတ်ထားရှိသည့် ကျန်းမာရေးဆိုင်ရာ ချမှတ်ထားရှိချက်များနှင့်အညီ သံရုံးအဝင်ဝတွင် ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ Face Mask ဖြန့်ဝေတပ်ဆင်ခြင်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် ကိုဗစ်-၁၉ တားဆီး ကာကွယ်ရေးအစီအမံကိုလည်း အလေးထားလိုက်နာဆောင်ရွက်ခဲ့ကြကြောင်းနှင့် ယနေ့တွင် မြန်မာသံရုံး ခြောက်ရုံး၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရုရှားနိုင်ငံ မော်စကိုမြို့ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေကြစဉ်။



ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေကြစဉ်။

## မိုင်းယောင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာထားမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**မိုင်းယောင်း အောက်တိုဘာ ၃**

၂၀၂၀ ပြည့်နှစ် ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် အခြေခံ မဲဆန္ဒရှင်စာရင်းများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ၌ အောက်တိုဘာ ၁ ရက်မှ စတင်၍ ဒုတိယအကြိမ် ကပ်ထားကြေညာထားမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံသိန်းနှင့် တာဝန်ရှိသူများက ယနေ့တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။ (ဓါတ်ပုံ)



မိုင်းယောင်းမြို့နယ်တွင် မဲရုံပေါင်း ဖ၈ ရုံ ဖွင့်လှစ်ရန် လျာထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၆၅၄၉ ဦး ရှိကြောင်း၊ မဲစာရင်းတွင် မိမိတို့၏ အမည်ပါ မပါ သွားရောက်ကြည့်ရှုကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း မြို့နယ်ရွေးကောက်ပွဲ အရာရှိ ဦးစိုင်းမှိုင်ခမ်းထံမှ သိရသည်။

**စိုင်းအောင်ဇော်လင်း**



# အများအကျိုးအတွက် စည်းမျဉ်းစည်းကမ်းထုတ်ရခြင်းဖြစ်



စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားတယ်ဆိုတာဟာ ပြည်သူတွေကို ချုပ်ချယ်ချင်လို့ မဟုတ်ပါဘူး။ ရောဂါကို ချုပ်ချယ်ချင်လို့ပါ။ ရောဂါပြန့်ပွားမှုကို ချုပ်ချယ်ချင်လို့ ထုတ်ထားတာပါ။ ဒါပေမယ့် တချို့ကတော့ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ကို ချုပ်ချယ်တယ်လို့ ထင်ကြပါတယ်။ လုံးဝလွတ်လပ်စွာ လုပ်ပိုင်ခွင့်ဆိုတာ ဘယ်သူ့မှာမှ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ နေရတာက လူ့အသိုင်းအဝိုင်းထဲမှာ နေရတာ၊ တစ်ယောက်တည်း နေတာမဟုတ်ပါဘူး။ တစ်ယောက်ထဲပဲ သဲကန္တာရကြီးရဲ့အလယ်မှာ နေတယ်ဆိုရင်တော့ ကိုယ်လုပ်ချင်တာလုပ်နေလို့ရရင်လည်း ရမှာပေါ့။ ဒါပေမယ့် ဘာမှလည်းမရှိတော့ ဘာမှလည်းလုပ်စရာတော့ ရှိမှာမဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်မ ပြောချင်တာက ဒီလိုစည်းမျဉ်းစည်းကမ်းတွေ ထုတ်တာဟာ အများအကျိုးအတွက် ဖြစ်ပါတယ်။ အဲဒီတော့ အများအကျိုးကို ထိခိုက်တယ်ဆိုရင် ဥပဒေအရ အရေးယူရပါမယ်။ ဒီလိုလည်း အရေးယူချင်လို့ မဟုတ်ဘူး။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၉၇၈ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၆၅၀၃ ဦး ရှိသွားပြီ

နေပြည်တော် အောက်တိုဘာ ၃

အောက်တိုဘာ ၂ ရက် ည ၈ နာရီမှ အောက်တိုဘာ ၃ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၈၁၉၅ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၉၇၈ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၆၅၀၃ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၆၅၀၃ ဦး အနက် သေဆုံးသူ ၃၇၁ ဦး နှင့် ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၄၇၉၅ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ယနေ့ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာပေါင်း - ၈၁၉၅

| ယနေ့ ပိုးတွေ့လူနာအသစ် | ယနေ့ သေဆုံးလူနာအသစ် | ယနေ့ ဆေးရုံမှ ဆင်းခွင့်ရသူ |
|---|---|---|
| ၉၇၈ | ၁၈ | ၄၁၇ |

စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း - ၃၁၆၄၈၃

| ပိုးတွေ့လူနာ စုစုပေါင်း | သေဆုံးလူနာ စုစုပေါင်း | ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း |
|---|---|---|
| ၁၆၅၀၃ | ၃၇၁ | ၄၇၉၅ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိရသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃-၁၀-၂၀၂၀ရက်၊ ည (၈) နာရီ

❊ *ကျော့ဖုံးမှ*

အခြားလုပ်ငန်းများကိုလည်း အချိန်မီပြီးစီးအောင် စနစ်တကျ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အင်းလျားလိတ်စင်တာကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ စနစ်တကျ ဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ အဆိုပါစင်တာတွင် လူနာခုတင် ၅၀၀ အပါအဝင် High-Dependency Unit HDU ၁၆ ခုတင် တစ်ပါတည်း ထည့်သွင်းကုသပေးသွားမည် ဖြစ်သည်။ ထိုသို့ တည်ဆောက်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုများနှင့်အညီ စနစ်တကျ စီမံချက်ရေးဆွဲတည်ဆောက်လျက်ရှိပြီး ၁၀ ရက်အတွင်း အပြီးတည်ဆောက်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်းလျားလိတ်စင်တာ တည်ဆောက်နေမှု အခြေအနေများကို အောက်တိုဘာ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ အလားတူ အောက်တိုဘာ ၁ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကုသတိုက်ဖျက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဆေးတက္ကသိုလ် (၁) (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုး လာရောက်ကြည့်ရှုပြီး "ဒီနေရာက တော်တော်လေး အဆင်ပြေတယ်။ ဘာလို့လဲဆိုတော့ အစကတည်းက ဒီအဆောက်အအုံဟာ စနစ်တကျ ခေတ်မီမီနဲ့ တည်ဆောက်ထားတဲ့ အဆောက်အအုံထဲမှာ အခုလိုမျိုး ကိုဗစ်-၁၉ ကုသရေးစင်တာအဖြစ် ပြောင်းလဲနိုင်တာဟာ ကျွန်တော်တို့အတွက် ကံကောင်းပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပါဝင်တဲ့သူတွေ၊ လှူဒါန်းတဲ့ အလှူရှင်တွေ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါ ကိုဗစ်စင်တာတွင် တက်ရောက်ကုသမည့် လူနာများအတွက် လိုအပ်မည့်အထူးဆေးဝါးများနှင့် အာဟာရပြည့်ဝစေရန် နံနက်၊ နေ့လယ်၊ ညစာများကို အခမဲ့ Food Court ဖြင့် စီစဉ်ဆောင်ရွက်ပေးထားမည် ဖြစ်သည်။ ဆရာဝန်များ၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများအတွက်လည်း သီးသန့်အဆောက်အအုံများ တစ်ပါတည်းပါဝင်မည်ဖြစ်ကာ အခမဲ့ Food Court များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဖျားနာသူများ ရေချိုးရာတွင် အဆင်ပြေစေရန် ရေပူရေအေးစနစ်များကို လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးသည့်အနေဖြင့် အနုပညာရှင်များကလည်း ပြင်ပမှနေ၍ လူနာများကိုတိုက်ရိုက်အားပေးစကားပြောကြားနိုင်မည့် အစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။

ကိုကျော်

## ၃-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၅၄၉၇၇၁ | ၄၇၇၇၅၇၇ | ၂၁၃၅၂၆ |
| ၂။ | အိန္ဒိယ | ၆၄၇၃၅၄၄ | ၅၄၂၇၇၀၆ | ၁၀၀၈၇၅ |
| ၃။ | ဘရာဇီး | ၄၈၈၂၂၃၁ | ၄၂၃၂၅၉၃ | ၁၄၅၄၃၁ |
| ၄။ | ရုရှား | ၁၂၀၄၅၀၂ | ၉၇၅၈၅၉ | ၂၁၂၅၁ |
| ၅။ | ကိုလံဘီယာ | ၈၄၁၅၃၁ | ၇၅၃၉၅၃ | ၂၆၃၉၇ |
| ၆။ | ပီရူး | ၈၂၁၅၆၄ | ၆၉၅၆၄၅ | ၃၂၆၀၉ |
| ၇။ | စပိန် | ၈၁၀၈၀၇ | စိစစ်ဆဲ | ၃၂၀၈၆ |
| ၈။ | အာဂျင်တီးနား | ၇၇၉၆၈၉ | ၆၁၄၅၁၅ | ၂၀၅၉၉ |
| ၉။ | မက္ကဆီကို | ၇၅၃၀၉၀ | ၅၄၁၅၁၈ | ၇၈၄၉၂ |
| ၁၀။ | တောင်အာဖရိက | ၆၇၇၈၃၃ | ၆၁၁၀၄၄ | ၁၆၉၀၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃-၁၀-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၃၁၉၃၃၀ | ၂၅၅၀၄၆ | ၅၆၇၈ |
| အင်ဒိုနီးရှား | ၂၉၉၅၀၆ | ၂၂၅၀၅၂ | ၁၁၀၅၅ |
| စင်ကာပူ | ၅၇၈၀၀ | ၅၇၅၃၄ | ၂၇ |
| မြန်မာ | ၁၆၅၀၃ | ၄၇၉၅ | ၃၇၁ |
| မလေးရှား | ၁၂၀၈၈ | ၁၀၂၁၆ | ၁၃၇ |
| ထိုင်း | ၃၅၈၃ | ၃၃၈၆ | ၅၉ |
| ဗီယက်နမ် | ၁၀၉၆ | ၁၀၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၈ | ၂၇၅ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၁၀-၂၀၂၀) ရက်နေ့၊ နေ့လယ် (၂:၀၀)နာရီ

၁။ (၂-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၄၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၁၃၆ |
| | | သဃ်န်းကျွန်း | ၁၀၆ |
| | | ကြည့်မြင်တိုင် | ၆၁ |
| | | မရမ်းကုန်း | ၅၇ |
| | | မြောက်ဥက္ကလာပ | ၅၆ |
| | | အင်းစိန် | ၅၅ |
| | | ရွှေပြည်သာ | ၅၃ |
| | | တာမွေ | ၄၄ |
| | | တောင်ဥက္ကလာပ | ၄၃ |
| | | ပန်းပဲတန်း | ၄၃ |
| | | လသာ | ၄၁ |
| | | မင်္ဂလာဒုံ | ၃၄ |
| | | ဆိပ်ကြီးခနောင်တို | ၃၀ |
| | | မင်္ဂလာတောင်ညွန့် | ၂၉ |
| | | ဗဟန်း | ၂၄ |
| | | သန်လျင် | ၂၄ |
| | | လှိုင် ** | ၂၁ |
| | | ရန်ကင်း | ၂၀ |
| | | စမ်းချောင်း | ၁၆ |
| | | ကမာရွတ် ** | ၁၆ |
| | | သာကေတ | ၁၄ |
| | | အလုံ | ၁၃ |
| | | လမ်းမတော် | ၁၁ |
| | | ဒဂုံဆိပ်ကမ်း | ၁၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) *** | ၁၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) *** | ၁၁ |
| | | ဒလ | ၉ |
| | | ဒေါပုံ | ၈ |
| | | ဗိုလ်တထောင် | ၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၇ |
| | | ခရမ်း | ၇ |
| | | ဒဂုံ | ၆ |
| | | ပုဇွန်တောင် | ၅ |
| | | မှော်ဘီ | ၃ |
| | | သုံးခွ | ၃ |
| | | ကျောက်တံတား | ၃ |
| | | ကွမ်းခြံကုန်း | ၂ |
| | | လှည်းကူး | ၂ |
| | | တိုက်ကြီး | ၂ |
| | | ထန်းတပင် | ၁ |
| | | ကော့မှူး | ၁ |
| | | စုစုပေါင်း | ၁၀၄၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ညောင်ဦး | ၉ |
| | | အောင်မြေသာစံ | ၇ |
| | | ချမ်းအေးသာစံ | ၁ |
| | | ကျောက်ဆည် | ၁ |
| | | ချမ်းမြသာစည် | ၁ |
| | | မိတ္ထီလာ | ၁ |
| | | သာစည် *** | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၃။ | ကချင်ပြည်နယ် | မိုးညှင်း | ၁ |
| | | စုစုပေါင်း | ၁ |
| ၄။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ၄ |
| | | ဘူးသီးတောင် | ၃ |
| | | ကျောက်တော် | ၂ |
| | | စုစုပေါင်း | ၉ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ဝေါ * | ၁ |
| | | ပဲခူး *** | ၁ |
| | | ရေတာရှည် * | ၁ |
| | | ရွှေတောင် | ၁ |
| | | အုတ်ဖို | ၁ |
| | | စုစုပေါင်း | ၅ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၇ |
| | | ဘိုကလေး | ၇ |
| | | ပုသိမ် | ၅ |
| | | ဖျာပုံ | ၃ |
| | | မအူပင် * | ၂ |
| | | အိမ်မဲ | ၁ |
| | | စုစုပေါင်း | ၂၅ |
| ၇။ | မွန်ပြည်နယ် | သံဖြူဇရပ် | ၃ |
| | | ကျိုက်မရော | ၁ |
| | | မော်လမြိုင် | ၁ |
| | | ကျိုက်ထို * | ၁ |
| | | စုစုပေါင်း | ၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ပခုက္ကူ *** | ၁ |
| | | ပွင့်ဖြူ * | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၀။ | ကရင်ပြည်နယ် | ကော့ကရိတ် * | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၁။ | နေပြည်တော် | ပျဉ်းမနား | ၂ |
| | | ဇမ္ဗူသီရိ | ၁ |
| | | လယ်ဝေး | ၁ |
| | | တပ်ကုန်း | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၂။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီး *** | ၂ |
| | | အောင်ပန်း | ၁ |
| | | ပင်းတယ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၈ |
| | | ကနီ | ၇ |
| | | ဖောင်းပြင် | ၁ |
| | | စုစုပေါင်း | ၁၆ |
| (၂-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၁၄၂) ဦး |

* မြို့နယ်များမှ အချို့သည် ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသူများ ဖြစ်ပါသည်။

** လှိုင်မြို့နယ်မှ (၁) ဦးနှင့် ကမာရွတ်မြို့နယ်မှ (၃) ဦးတို့သည် ပြည်ပသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

*** ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား စစ်ဆေးခြင်းမှ တွေ့ရှိသူများဖြစ်ပါ သည်။

မှတ်ချက်။ (၂-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၄၂) ဦးတွင် အနံ့မရရှိသူ (၁၆၃) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အောင်ပန်းမြို့ အမှတ်(၂) ခုတင် ၇၀၀ ဆေးရုံသို့ အောက်ဆီဂျင်ပေးစက်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၃**

(၅၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီက အမှတ် (၄) ရဲလေ့ကျင့်ရေး ကျောင်းတပ်ဖွဲ့ဝင်၊ မိသားစုများမှ လှူဒါန်းသည့် အောက်ဆီဂျင်ပေးစက် နှစ်လုံး (တန်ဖိုး ငွေကျပ် ၁၂၃၀၀၀၀) ကို ကျောင်းကိုယ်စား ကျောင်းအုပ်ကြီး မောင်မောင်ဦးက အမှတ် (၂) တပ်မတော်ဆေးရုံခုတင် (၇၀၀) အောင်ပန်းမြို့သို့ ပေးအပ်လှူဒါန်းရာ တပ်မှူးဗိုလ်မှူးချုပ် စောရန်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကွမ်းခြံကုန်းမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ရမ်းကလောင်းတွင် ၂ ဒသမ ၁၇ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၃၇ လက်မ၊ ဖောင်းပြင်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ မိုးမိတ်မြို့(မြစ်ဆုံ)တွင် ၁ ဒသမ ၃၀ လက်မ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် ပူတာအိုမြို့နှင့် ဝန်းသိုမြို့တို့တွင် ၁ ဒသမ ၀၂ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ရေတာရှည်မြို့နယ် ရေနီမြို့တွင် နေပြည်တော်ကိုဖြတ်သန်းမောင်းနှင်မည့် ကုန်တင်ယာဉ်မောင်းများအား Test Kit ဖြင့် စစ်ဆေးပေးနေပြီး ၁၆ ဦးတွင် ပိုးတွေ့ရှိ

**ရေတာရှည် အောက်တိုဘာ ၃**

ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသည့် ကုန်တင်ယာဉ်မောင်းနှင်သူနှင့် ယာဉ်နောက်လိုက်များအား ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့မြောက်ဘက်အထွက် စည်ပင်သာယာဈေးအတွင်း၌ အောက်တိုဘာ ၂ ရက် ည ၁၀ နာရီမှ စတင်၍ Test Kit ဖြင့် ကိုဗစ် - ၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ဓာတ်ခွဲနမူနာယူ စစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ **(ယာပုံ)**



ထိုသို့ စစ်ဆေးရာတွင် အောက်တိုဘာ ၃ ရက် နံနက် ၃ နာရီအထိ ကုန်တင်ယာဉ်အစီးရေ ၁၁၆ စီး၊ လူဦးရေ ၂၁၅ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပြီး တစ်ဦးတည်းမောင်းနှင်လာသည့် ယာဉ်မောင်းတစ်ဦးတွင် ရောဂါပိုးတွေ့ရှိခဲ့ကာ ညတွင်းချင်း ရေတာရှည်မြို့နယ်ဆေးရုံရှိ ကူးစက်လူနာများထားရှိရာ သီးသန့်ဆောင်သို့ အလုံပိတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။ ယနေ့နံနက် ၁၀ နာရီမှ ရောဂါရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက်ပိုင်းတွင် ငါးဦး ပိုးတွေ့ရှိခဲ့ပြီး နေ့လယ်ပိုင်း၌ ထပ်မံစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ည ၇ နာရီအထိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၀ ဦး စုစုပေါင်း ၁၆ ဦး တွေ့ရှိခဲ့ကာ ပိုးတွေ့လူနာထပ်မံတိုးလာနိုင်ဖွယ်ရှိနိုင်ကြောင်း ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိ ရေနီမြို့တွင် ကုန်တင်ယာဉ်အစီးရေ ၄၀၀ ခန့် ရပ်တန့်ထားရပြီး နောက်ထပ်ဝင်ရောက်လာသည့်ယာဉ်များကို ရေနီမြို့ တောင်ဘက် ရဲစခန်းရှေ့မှ လည်းကောင်း၊ ဆွာမြို့ တောင်ဘက် မှန်စီကျေးရွာအနီးရှိ ဆွာတိုးဂိတ်တွင် လည်းကောင်း၊ ဖြူးမြို့နယ်တွင်လည်းကောင်း အဆင့်ဆင့် ပိတ်ဆို့ထားခဲ့ပြီး အလှည့်ကျစနစ်ဖြင့် လွှတ်ပေးနေခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ပြောသည်။

ယာယီပြင်ဆင်ထားသောနေရာတွင် တောင်ငူခရိုင်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၄၀ ကျော်ဖြင့် ဓာတ်ခွဲနမူနာ(Swab) ယူခြင်း၊ Test Kit ဖြင့် စစ်ဆေးခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ရေတာရှည်မြို့နယ် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာညီဆွေ က “လက်ရှိ ကျွန်တော်တို့ တောင်ငူခရိုင်အတွင်းက ကျန်းမာရေးဝန်ထမ်း ၄၃ ဦးနဲ့ အခြားအကူအဖွဲ့တွေလည်း ပါသေးတယ်၊ Test Kit ခုရေ ၂၅၀၀ လောက် တောင်ငူက နေ ထုတ်ယူလာတာ။ ညကနဲ့ အခုမနက်ပိုင်းအထိ ၃၀၀ လောက် သုံးပြီးသွားပြီ။ ကျန်းမာရေးအစစ်ဆေးခံသူတွေအနေနဲ့ အဖြေသိရှိရဖို့ နာရီဝက်လောက်ပဲကြာပါတယ်။ ရောဂါပိုးတွေ့ရှိခြင်းမရှိတဲ့သူတွေကို ကျန်းမာရေးထောက်ခံချက် အမြန်ဆုံးဆောင်ရွက်ပေးနေပါတယ်” ဟု ပြောသည်။

ရေနီမြို့ခံများ အနေဖြင့် ယာဉ်တန်းရှည်ကြီးဖြစ်ပေါ်၍ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများ စုဝေးနေကြခြင်းကြောင့် ကျန်းမာရေးအရ စိုးရိမ်ပူပန်မှုများ ရှိနေကြပြီး ရန်ကုန်မှ မထွက်ခွာမီ ယာဉ်မောင်းများကို ကျန်းမာရေးစစ်ဆေးပေးနိုင်ပါက ယခုကဲ့သို့ အစုအဝေးကြီးဖြစ်ပေါ်ခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ် ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။ ကျန်းမာရေးစစ်ဆေးရေး ယာယီစခန်းတွင် ပိုးတွေ့လူနာများပြားလျက်ရှိရာ ရေနီမြို့ပေါ်ကားလမ်းတစ်လျှောက်ဈေးဆိုင်များ ပိတ်ခြင်း၊ ထုံးဖြူးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့ ဆောင်ရွက်နေကြသည်။

**သန်းလွင်**
**(ဆွာ)**

# အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်းဂျိုးဘိုင်ဒင် ကိုဗစ် -၁၉ ကူးစက်ခံရခြင်းမရှိ



ဂျိုးဘိုင်ဒင်နှင့်ဇနီးဖြစ်သူ ဂျေးဘိုင်ဒင်တို့ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက်က အတူတွေ့ရစဉ်။

**ဝါရှင်တန် အောက်တိုဘာ ၃**
အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ရွေးချယ်ခံထားရသူ ဂျိုးဘိုင်ဒင်နှင့်ဇနီးဖြစ်သူတို့တွင် ကိုဗစ် -၁၉ ကူးစက်ခံထားရခြင်းမရှိဟု ဂျိုးဘိုင်ဒင်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်ဇနီးဖြစ်သူတို့တွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း သတင်းများထွက်ပေါ်ပြီးနောက် ယခုလိုကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

စိတ်ပူပေးခဲ့ကြသောလူတစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးတင်ကြောင်းနှင့် လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လူမှုဝေးကွာ အစီအစဉ်များအတိုင်း နေထိုင်ခြင်းတို့မှာ အရေးကြီးကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချောင်းရင်ကလည်း အမေရိကန်သမ္မတနှင့် သမ္မတကတော်တို့ လျင်မြန်စွာ ပြန်လည်ကျန်းမာလာရေး အတွက် တွစ်တာမှတစ်ဆင့် ဆုမွန်ကောင်းတောင်းပေးကြောင်း သိရသည်။

ထို့ပြင် ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲကလည်း သမ္မတထရမ့် ကိုဗစ် -၁၉ မှပြန်လည်ကျန်းမာလာရေး ဆုတောင်းစကား ပြောကြားခဲ့သည်။ ပုံမှန်နေထိုင်မှုဘဝသို့ မကြာမီအချိန်အတွင်း သမ္မတထရမ့်ပြန်လည်ရောက်ရှိလာရေးကိုလည်း မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဖော်မြူလာဝမ်းပြိုင်ပွဲတွင် ဟွန်ဒါကားကုမ္ပဏီပါဝင်တော့မည်မဟုတ်




တိုကျို အောက်တိုဘာ ၃
ဖော်မြူလာဝမ်းပြိုင်ပွဲကြီးမှ နောက်ဆုတ်သွားတော့မည်ဟု ဟွန်ဒါကားကုမ္ပဏီက ပြောကြားခဲ့သည်။ သဘာဝပတ်ဝန်းကျင် မထိခိုက်စေသည့် စွမ်းအင်ထုတ်လုပ်မှုကို ဦးစားပေး လုပ်ဆောင်လိုသည့်အတွက် ၂၀၂၁ ခုနှစ်ရာသီကုန်ပြိုင်ပွဲအပြီးတွင် ထောက်ပံ့ပေးမှုများကို ရပ်တန့်တော့မည်ဟု ဟွန်ဒါကုမ္ပဏီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။


ကုမ္ပဏီဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ ဟာချီဂို တာကာဟီရိုက ဟွန်ဒါကုမ္ပဏီသည် ဖော်မြူလာဝမ်းမှရရှိလာသည့် ကျွမ်းကျင်မှုများကို အသုံးပြုကာ စွမ်းအင်နည်းပညာပိုင်းတွင် တိုးတက်အောင်မြင်မှုများရရှိအောင် လုပ်ဆောင်မည်ဟု အောက်တိုဘာ ၂ ရက်တွင် ပြောကြားခဲ့သည်။

နောက်ထပ်မျိုးဆက်သစ်ဖြစ်သည့် လျှပ်စစ်နှင့် လောင်စာသုံးကားများတွင် နည်းပညာပိုင်းဆိုင်ရာပိုမို တိုးတက်လာစေရန်ရည်ရွယ်ထားသည်။ ဟွန်ဒါကုမ္ပဏီသည် ၁၉၆၄ ခုနှစ်တွင် ဖော်မြူလာဝမ်းကားပြိုင်ပွဲ၌ ဝင်ခွင့်ရသည့် ပထမဆုံးဂျပန်ကားကုမ္ပဏီဖြစ်သည်။ ၁၉၈၀ နှောင်းပိုင်းမှ ၁၉၉၀ အစောပိုင်းကာလအထိ ဟွန်ဒါအင်ဂျင် အသုံးပြုထားသည့် ကားများမှာ အကြိမ်ပေါင်းများစွာ အနိုင်ရရှိခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ၂၀၀၈ ခုနှစ်တွင် အဆိုပါပြိုင်ပွဲမှ ယာယီအားဖြင့် နောက်ဆုတ်ခဲ့ရသည်။ ထို့နောက် ပြိုင်ပွဲတွင် ပြန်ပါဝင်လာခဲ့ပြီး ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ရာသီပြိုင်ပွဲများတွင် ငါးကြိမ်တိုင်တိုင်အနိုင်ရရှိခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်အစိုးရက ကိုဗစ် - ၁၉ ကာကွယ်ဆေးကို ပြည်သူများအား အခမဲ့ဖြန့်ဝေပေးမည်

တိုကျို အောက်တိုဘာ ၃
**ဂျပန်အစိုးရသည် ကိုဗစ် - ၁၉ ကာကွယ်ဆေးအတွက် ကုန်ကျစရိတ် အားလုံးကို ကျခံမည်ဖြစ်ပြီး ကာကွယ်ဆေးကြောင့် ဘေးထွက်ဆိုးကျိုးခံစားရပါက ထိုသူများကို လျော်ကြေးပေးမည်ဖြစ်ကြောင်း သိရသည်။**




အစိုးရသည် အောက်တိုဘာ ၂ ရက်တွင် ကာကွယ်ဆေးဖြန့်ဝေမည့် အစီအစဉ်ကို ကျန်းမာရေးဝန်ကြီးဌာနရှိ ကျွမ်းကျင်ပညာရှင်များသို့ တင်ပြခဲ့သည်။

ကာကွယ်ဆေးကြောင့် ဘေးထွက်ဆိုးကျိုး ခံစားရသည့် မည်သူကိုမဆို ငွေကြေးဆိုင်ရာ အထောက်အပံ့ပေးအပ်ရန်နှင့် အခြားသက်သာချောင်ချိရေး အစီအစဉ်များ ပေးအပ်ရန် စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အစိုးရက ပေးအပ်မည့်အထောက်အပံ့သည် တီဘီရောဂါကဲ့သို့ အခြားသောကူးစက်ရောဂါဆိုင်ရာ ကာကွယ်ဆေးများကြောင့် ဖြစ်ရသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ခံစားရသူများကို ပေးအပ်သည့် အထောက်အပံ့များနှင့် တူညီကြောင်း သိရသည်။

အကယ်၍ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက နစ်နာသူများကို လျော်ကြေးပေးရမည်ဆိုလျှင် ယင်းအတွက် ကုန်ကျစရိတ်ကို အစိုးရက ကျခံမည်ဖြစ်သည်ဟု ဆိုသည်။

အကယ်၍ ကာကွယ်ဆေးတွင် ပြဿနာတစ်ခုခု ပေါ်ပေါက်ခဲ့လျှင် သို့မဟုတ် ကိုဗစ်-၁၉ ရောဂါအတွက် ထိရောက်ခြင်းမရှိခဲ့လျှင် အစိုးရက ပေးအပ်မည့် လျော်ကြေးနှင့် ထောက်ပံ့ရေး အစီအစဉ်များကို ပယ်ဖျက်မည်ဖြစ်ကြောင်း သိရသည်။ အစိုးရ၏တင်ပြချက်ကို ကျွမ်းကျင်သူများက ထောက်ခံခဲ့သည်။ ဂျပန်အစိုးရသည် လာမည့်နှစ်၏ပထမနှစ်ဝက်တွင် ဂျပန်ပြည်သူများ အားလုံးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး လုံလောက်စွာရရှိရေး အနောက်နိုင်ငံများမှ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများနှင့် ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားနိုင်ငံမှ ပေးပို့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်ကို ဗင်နီဇွဲလား လက်ခံရရှိ

**ကရာကတ်စ် အောက်တိုဘာ ၃**
ဗင်နီဇွဲလားအာဏာပိုင်များသည် ရုရှားနိုင်ငံမှ Sputnik V ကာကွယ်ဆေးပထမအသုတ်ကို အောက်တိုဘာ ၂ ရက်က လက်ခံရရှိခဲ့ပြီး ကာကွယ်ဆေးတတိယအဆင့် လက်တွေ့စမ်းသပ်မှုများကို နိုင်ငံအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

မိုင်ကွီတာမြို့ ဆိုင်မွန်ဘိုလီဗာ နိုင်ငံတကာလေဆိပ်သို့ ကာကွယ်ဆေးအလုံးရေ ၂၀၀၀ ရောက်ရှိခဲ့သည်။ ဗင်နီဇွဲလားဒုတိယသမ္မတ ဒယ်လ်စီ ရိုဒရီဂွက်က ကာကွယ်ဆေးပထမအသုတ် ဆိုက်ရောက်မှုကို သမိုင်းဝင်အခိုက်အတန့်တစ်ခုအနေဖြင့် ဖော်ပြခဲ့ပြီး ဗင်နီဇွဲလားနိုင်ငံသည် အနောက်စက်ဝန်းတွင် အဆိုပါကာကွယ်ဆေး တတိယအဆင့် လက်တွေ့စမ်းသပ်မှု၌ ပါဝင်ဆောင်ရွက်သည့် ပထမဆုံး နိုင်ငံဖြစ်ကြောင်း ပြောကြားခဲ့သည်။

စမ်းသပ်ကုသမှုပြီးစီးလျှင် ဗင်နီဇွဲလားအာဏာပိုင်များ အနေဖြင့် ရုရှားနှင့်အတူပူးပေါင်းကာ ကရာကက်စ်၌ ကာကွယ်ဆေးထုတ်လုပ်သည့်စက်ရုံများပြုလာအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

ယခုလအတွင်းမှာပင် နိုင်ငံအတွင်း မြို့တော် ကရာကတ်စ်မှအစပြုကာ ကာကွယ်ဆေးလက်တွေ့စမ်းသပ်မှုကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ကာလို့စ်အယ်လ်ဗာရာဒိုက ပြောကြားခဲ့သည်။ တတိယအဆင့် စမ်းသပ်မှုပြီးစီးလျှင် ကာကွယ်ဆေး အမြောက်အမြားထုတ်လုပ်မှုဖြစ်စဉ်ကို စတင်မည်ဖြစ်ကြောင်း အယ်လ်ဗာရာဒိုက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ရွှေ့ပြောင်းနေထိုင်သူများ ချဉ်းကပ်လာသဖြင့် ဂွါတီမာလာ နယ်စပ်တွင် မက္ကဆီကိုဘက်မှ လုံခြုံရေးတပ်ဖွဲ့များ ချထား

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၃**
ဟွန်ဒူးရပ်စ်နိုင်ငံမှ အုပ်စုလိုက်ထွက်ခွာလာသည့် ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီးသည် နယ်စပ်နားနီးကပ်လာသည့်အတွက် အောက်တိုဘာ ၂ ရက်တွင် ဂွါတီမာလာနယ်စပ်၌ မက္ကဆီကို အမျိုးသား လူဝင်မှုကြီးကြပ်ရေးအင်စတီကျု INM မှ လုံခြုံရေးတပ်ဖွဲ့ဝင်ပေါင်း ၁၀၀ ကျော်ကို တပ်ဖြန့်ချထားခဲ့သည်ဟု သိရသည်။

အမျိုးသားလူဝင်မှုကြီးကြပ်ရေးအင်စတီကျုသည် နိုင်ငံအတွင်း တရားဝင်ဝင်ရောက်မှုကို လူ့အခွင့်အရေးအပေါ် လေးစားမှုနှင့်အတူ လုံခြုံစိတ်ချရမှုများ တိုးမြှင့်ပေးထားကြောင်း (INM) မှ ကော်မရှင်နာဖရန်စွကို ဂါဒူနိုက ပြောသည်။ လူပေါင်း ၃၀၀၀ ပါဝင်သည့် ရွှေ့ပြောင်းနေထိုင်သူ လူအုပ်ကြီးသည် စက်တင်ဘာ ၃၀ ရက်က ဟွန်ဒူးရပ်စ်နိုင်ငံ ဆန်ပီဒရိုဆူလာမြို့မှ ထွက်ခွာလာခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် ဂွါတီမာလာနယ်မြေအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်။

နယ်စပ်တွင် ရဲများ၏ တားဆီးမှုများကိုကျော်ဖြတ်ပြီး ဂွါတီမာလာနယ်စပ်ကို ကျော်ဖြတ်ကာ ဝင်ရောက်လာခဲ့ကြခြင်း ဖြစ်သည်။ ဂွါတီမာလာ အာဏာပိုင်များသည် ဟွန်ဒူးရပ်စ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူအချို့ကို ဟွန်ဒူးရပ်စ်နိုင်ငံအတွင်း ပြန်သွားစေခဲ့သည်။

သို့သော်လည်း ရာနှင့်ချီသည့် လူအုပ်ကြီးမှာ မက္ကဆီကိုနယ်စပ်အထိ ဆက်လက် ချီတက်နေကြဆဲဖြစ်သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် မက္ကဆီကိုနိုင်ငံအတွင်းသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့်သာဝင်ရောက်ကြရန် မက္ကဆီကိုဘက်မှ ကမ်းလှမ်းထားသည်။ ကိုဗစ် - ၁၉ ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးသတ်မှတ်ချက်များကို လိုက်နာခြင်းမရှိဘဲ ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူများကို အရေးယူသွားမည်ဟု INM က သတိပေးခဲ့သည်။ **ဆင်ဟွာ**

# အမေရိကန်သမ္မတ ထရမ့် ဆေးရုံတက်ရောက်ပြီး ကိုဗစ်-၁၉ ကုသမှုခံယူလျက်ရှိ

ဝါရှင်တန်ဒီစီ အောက်တိုဘာ ၃

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အောက်တိုဘာ ၂ ရက်က ဆေးရုံတက်ရောက်ခဲ့ပြီး ကိုဗစ်- ၁၉ ကုသမှုခံယူနေကြောင်း၊ သူ့အနေဖြင့် ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း ပြောကြားလိုက်သည်။**



ရဟတ်ယာဉ်ပေါ်မှဆင်းလာသည့် အမေရိကန်သမ္မတထရမ့်ကို တွေ့ရစဉ်။

အမေရိကန်သမ္မတထရမ့်နှင့် သမ္မတကတော် မယ်လနီယာထရမ့်တို့ ကိုဗစ်-၁၉ ကူးစက်ခံလိုက်ရကြောင်း ထိတ်လန့်စရာကြေညာချက်ထွက်ပေါ်လာပြီးကတည်းက သမ္မတထရမ့်ကို တစ်လကျော်မျှသာလိုတော့သည့် ရွေးကောက်ပွဲမဲဆွယ်ဟောပြောမှုများတွင် တွေ့မြင်ရမည်မဟုတ်သေးချေ။ သမ္မတထရမ့်သည် အိမ်ဖြူတော်မှ အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် နှာခေါင်းစည်းတပ်ဆင်ကာ ထွက်လာခဲ့ပြီးနောက် ဝါရှင်တန်အပြင်ဘက်ရှိ စစ်ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် ထွက်ခွာသွားခဲ့သည်။

အိမ်ဖြူတော်အတွင်း ရိုက်ကူးထားသည့် ၁၈ စက္ကန့်စာ ဗီဒီယိုအတိုလေးတွင် သမ္မတထရမ့်က သူ့အနေဖြင့်ဆေးရုံတက်ရောက်ကုသမှု ခံယူရမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် အခြေအနေကောင်းမွန်အောင်လုပ်ဆောင်နိုင်မည်ဟု ထင်မြင်ကြောင်း ပြောကြားထားသည်။

အခြေအနေ အားလုံးကောင်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် သမ္မတကတော်လည်း ကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ထရမ့်က ဆက်လက်ပြောကြားသည်။

အိမ်ဖြူတော်သတင်းပြန်ကြားရေးဝန်ကြီး ကေးလ်လိတ်မက်နန်နီက ထုတ်ပြန်ကြေညာချက်တွင် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက သမ္မတထရမ့်ကို နောက်ထပ်ရက်အနည်းငယ်အတွက် လုပ်ငန်းတာဝန်များကို စစ်ဆေးရုံ၌ လုပ်ဆောင်ရန် အကြံပေးထားကြောင်း ဖော်ပြထားသည်။

ဆေးရုံတက်ရောက်ခြင်း၏ ရည်ရွယ်ချက်သည် သမ္မတထရမ့်အနေဖြင့် ရောဂါလက္ခဏာမပြသော်လည်း ထိုထက်ပိုမိုဆိုးရွားမှုမဖြစ်စေရန် ဖြစ်သည်။

သမ္မတထရမ့်၏ ထိပ်တန်းလက်ထောက်များက အသက် ၇၄ နှစ်ရှိ သမ္မတထရမ့်သည် ရောဂါလက္ခဏာမပြသသလို၊ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်လျက်ရှိကြောင်း၊ အလွန် တက်ကြွသူတစ်ဦးဖြစ်ကြောင်း အားတက်ဖွယ်မှတ်ချက်ပြု ပြောကြားထားသော်လည်း အောက်တိုဘာ ၂ ရက်နှောင်းပိုင်းတွင် အိမ်ဖြူတော်သမားတော် ဆန်ကွန်လေးက သမ္မတထရမ့်၏ အခြေအနေမှာ အနည်းငယ် ပြင်းထန်လျက်ရှိကြောင်း ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

## မလေးရှားနိုင်ငံ၏ အောက်တိုဘာ ၂ ရက် ကူးစက်မှုသည် တစ်နေ့တာအတွင်း ကူးစက်မှုအများဆုံးဖြစ်

**ကွာလာလမ်ပူ အောက်တိုဘာ ၃**

မလေးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ စတင်ကူးစက်ပျံ့နှံ့မှုဖြစ်ပွားကတည်းက အောက်တိုဘာ ၂ ရက် ကူးစက်ပျံ့နှံ့မှုသည် တစ်နေ့တာအတွင်း ကူးစက်ပျံ့နှံ့မှုအများဆုံးဖြစ်ပြီး စုစုပေါင်း ကူးစက်ခံရသူ ၂၈၇ ဦးရှိကြောင်းနှင့် စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းသည် ယခုအခါ ၁၁၇၇၁ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂ ရက်တွင် ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်- ၁၉ ကူးစက်မှုများသည် နိုင်ငံခြားပြန် ကူးစက်မှုများမဟုတ်ဘဲ ပြည်တွင်းကူးစက်မှုများသာဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

မြောက်ပိုင်းကီလတန်ပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုနှင့်ဆက်စပ်ပြီး အစုလိုက် ကိုဗစ်-၁၉ ကူးစက်မှုတွင် လူပေါင်း ၁၂၈ ဦး ကူးစက်ခံထားရကြောင်း သိရသည်။ ကျန်းမာရေးအာဏာပိုင်များက နောက်ထပ်အစုလိုက်ကူးစက်မှု နှစ်ခု ထပ်မံစုံစမ်းရရှိထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ကို ဆန့်ကျင်တိုက်ဖျက်ရာတွင် ထိုက်သင့်သလောက် အောင်မြင်မှုရရှိနေပြီဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ်သေဆုံးသည့် သတင်းဖော်ပြချက်မရှိသေးသည့်အတွက် သေဆုံးသူ စုစုပေါင်း ၁၃၆ ဦးသာ ရှိသေးကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါပြင်းထန်စွာခံစားနေရသူ ၂၂ ဦးအား အထူးကြပ်မတ်ကုသပေးလျက်ရှိပြီး ဆေးရုံမှ ပြန်လည်ဆင်းလာသူ ၁၀၀၉၅ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်၊ ရုရှားနှင့် ပြင်သစ်တို့ အဇာဘိုင်ဂျန်နှင့် အာမေးနီးယားတို့ကို အပစ်ရပ်စဲရန် တိုက်တွန်းပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်၊ ရုရှားနှင့် ပြင်သစ်သမ္မတတို့သည် အငြင်းပွားပိုင်နက်နယ်မြေနှင့် ပတ်သက်ပြီး အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့ကြား တစ်ကျော့ပြန် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခြင်းအပေါ် အပစ်ရပ်စဲရန် တိုက်တွန်း ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ထရမ့်၊ ရုရှားသမ္မတ ပူတင်၊ ပြင်သစ်သမ္မတ မက်ခရွန်တို့သည် အောက်တိုဘာ ၁ ရက်က ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ၎င်းတို့သုံးနိုင်ငံသည် နာဂေါ်နို-ခါရာဘတ်ဒေသတွင် ဆယ်စုနှစ်များစွာအငြင်းပွားမှုနှင့်ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါကြေညာချက်တွင် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားတို့သည် ထိရောက်သည့် စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်စတင်ရန် နှောင့်နှေးမှုမရှိဘဲ ယုံယုံကြည်ကြည်နှင့် ကြိုတင်သတ်မှတ်ထားခြင်းမျိုးမရှိဘဲ ပြုလုပ်ရန် တိုက်တွန်းထားသည်။

အမေရိကန်၊ ပြင်သစ်နှင့်ရုရှားနိုင်ငံတို့သည် အဆိုပါပြဿနာကို နှစ်ပေါင်း ၃၀ ကျော် လျစ်လျူရှုခဲ့ပြီးနောက် အပစ်ရပ်စဲရေးတွင် ပါဝင်ပတ်သက်လာသည်ကို လက်မခံနိုင်ကြောင်းနှင့် အဇာဘိုင်ဂျန်ကိုထောက်ခံကြောင်း တူရကီသမ္မတက ပြောကြားလိုက်သည်။

ယခင် ဆိုဗီယက်ပြည်ထောင်စုနှစ်နိုင်ငံကြား အငြင်းပွားမှုသည် ဆယ်စုနှစ် အတော်ကြာဆက်လက်ဖြစ်ပွားနေခဲ့သည်။ နာဂေါ်နို-ခါရာဘတ်ဒေသသည် အဇာဘိုင်ဂျန်တွင်ရှိသော်လည်း ယင်းဒေသတွင် အများအားဖြင့် အာမေးနီးယား လူမျိုးစုများနေထိုင်ကြသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ တစ်သိန်းကျော်လာ

**နယူးဒေလီ အောက်တိုဘာ ၃**

အိန္ဒိယနိုင်ငံတွင် အောက်တိုဘာ ၃ ရက်အထိ ကိုဗစ်- ၁၉ ကြောင့်သေဆုံးသူ တစ်သိန်း ကျော်လွန်လာကြောင်း၊ တရားဝင်စာရင်းဇယားထုတ်ပြန်ဖော်ပြချက်များအရ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့ဒုတိယလူဦးရေ အထူထပ်ဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ တစ်ဝန်း ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် ၁၀၀၈၄၂ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။

အမေရိကန် ပြည်ထောင်စုနှင့် ဘရာဇီးနိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ကမ္ဘာ့တတိယသေဆုံးမှုနှုန်းအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသည့်ဖြစ်စဉ်ပေါင်း ၆ ဒသမ ၄၇ သန်းရှိပြီး ယခုပုံစံအတိုင်း ဆက်လက်သွားနေပါက အမေရိကန်ပြည်ထောင်စုကို ကျော်လွန်ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံ၏ လူဦးရေသည် ၁ ဒသမ ၃ ဘီလီယံရှိရာ မည်သို့ပင်ဆိုစေ အမေရိကန်ပြည်ထောင်စုထက် လူဦးရေ လေးဆနီးပါးပိုများသည်။

ထို့ကြောင့် သေဆုံးသူ ဦးရေလည်း နှစ်ဆများလာနိုင်သည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက် ခံရသည့် တရားဝင်စာရင်းဇယားထုတ်ပြန်မှုများအပေါ်လည်း သံသယဖြစ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ၏ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသည့်နှုန်းကို ယုံကြည်စိတ်ချရမလားဆိုသည်ကို မသိရကြောင်း အိန္ဒိယနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးစောင့်ကြည့်စနစ် မရှိကြောင်းရောဂါပိုးမွှားဗေဒပညာရှင် တီဂျက်ကော့ဘ်ဂျွန်က ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ စမ်းသပ်စစ်ဆေးမှု တစ်နေ့လျှင် တစ်သန်းနီးပါး စစ်ဆေးလျက်ရှိသော်လည်း အိန္ဒိယနိုင်ငံ၏ လူဦးရေနှင့်ဆိုလျှင် တခြားနိုင်ငံများထက် နည်းနေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေစဉ်။

အမေရိကန် ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံထက် ငါးဆပိုမိုစမ်းသပ်စစ်ဆေးလျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသည့်အမှန် လူဦးရေသည် တကယ့်တရားဝင်စာရင်းဖော်ပြမှုများထက် ပိုမိုများနိုင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဘီလျံနာထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် ကိုဗစ်-၁၉ ကူးစက်ခံရပြီး ပြန်ကောင်းလာဟုဆို

**ဘန်ကောက် အောက်တိုဘာ ၃**

ယခင်ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်တရာ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်းနှင့် လွန်ခဲ့သောလက ဆေးရုံတက်ရောက်ဆေးကုသမှုခံယူခဲ့ရာ ထိုအချိန်ကတည်းကပင် နေပြန်ကောင်းလာကြောင်း ၎င်း၏နီးကပ်သောသတင်းရင်းမြစ်များအရ သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းတွင် နေထိုင်သော အသက် ၇၁ နှစ်ရှိ ဘီလျံနာ မစ္စတာသက်ဆင်သည် စက်တင်ဘာလလယ်ခန့်တွင်ဆေးရုံမှ မဆင်းခင်ဆေးရုံ၌ သီတင်းနှစ်ပတ်ခန့် ဆေးကုသမှုခံယူခဲ့ကြောင်း ၎င်းနှင့်နီးစပ်သော အသိုင်းအဝိုင်းများက ပြောသည်။

လွန်ခဲ့သောသီတင်းပတ်အတော်ကြာက သူ့အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသည်မှာ အမှန်တကယ်ဖြစ်ကြောင်း၊ သို့သော်လည်း ယခုအခါတွင် ၎င်းမှာ နေပြန်ကောင်းလာပြီဖြစ်ကြောင်း သက်ဆင်နှင့် ဆက်နွှယ်မှုရှိသည့် ဖြူထိုင်းပါတီသတင်းရင်းမြစ် အရ သိရသည်။

စားသောက်ပွဲ အခမ်းအနားတစ်ခုသို့ တက်ရောက်ပြီးနောက် သက်ဆင်မှာ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရသည်ဟု ယုံကြည်ထားကြသည်။

သက်ဆင်သည် ၂၀၀၆ စစ်အာဏာသိမ်းမှုတွင် ရာထူးမှ ဖြုတ်ချခံရပြီးနောက် ၂၀၀၈ ခုနှစ်တွင် တိုင်းပြည်မှ ထွက်ခွာသွားခဲ့သည်။ သူသည် ထိုင်းနိုင်ငံတွင် အကျင့်ပျက်ခြစားမှုများဖြင့် စွပ်စွဲခံထားရသည်။

နောက်ထပ် သုံးနှစ်ကြာပြီးနောက် အာဏာသိမ်းမှုမဖြစ်ပွားခင် ၎င်း၏ညီမဖြစ်သူ ရင်လတ်သည် ၂၀၁၁ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

မစ္စတာသက်ဆင်၏ ကိုဗစ်- ၁၉ ကူးစက်မှုမှ နေပြန်ကောင်းလာသည့်သတင်းနှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် သမ္မတကတော် မယ်လာနီယာ ထရမ့်တို့ ကိုဗစ်-၁၉ ကူးစက်ခံရသည်မှာ ထူးခြားစွာ တိုက်ဆိုင်မှုတစ်ခု ဖြစ်သည်။ သမ္မတထရမ့် နေပြန်ကောင်းလာစေရန် ကမ္ဘာ့ခေါင်းဆောင်များက ဆုတောင်းမေတ္တာများ ပေးပို့လျက်ရှိသည်။

**အေအက်ဖ်ပီ**



သက်ဆင်နှင့် ၎င်းညီမဖြစ်သူ ရင်လတ်တို့ကို တွေ့ရစဉ်။

# ကိုဗစ် - ၁၉ ရဲ့ ခြိမ်းခြောက်မှုကို တစ်ဖန်ပြန်လည်တွန်းလှန်နေရသည့် ဥရောပနိုင်ငံများ

ခြူးစန္ဒီနွေး

အခုဆိုရင် ကမ္ဘာ့နိုင်ငံအတော်များများမှာ ကိုဗစ်-၁၉ ကူးစက်မှုတွေ တစ်ကျော့ပြန် များပြားလာတဲ့သတင်းတွေ ကမ္ဘာ့သတင်းမီဒီယာတွေမှာ တွေ့လာရပါတယ်။ အဲဒီထဲမှာ ပြင်သစ်နိုင်ငံဟာလည်း တစ်ခုအပါအဝင်ပါပဲ။ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ နေထိုင်ကြတဲ့ပြည်သူတွေဆိုရင် လာမည့်သီတင်းပတ်အတွင်း အသွားအလာပိတ်ဆို့ကန့်သတ်မှုအောက်မှာ ပြန်လည်နေထိုင်ရမယ့် အန္တရာယ်ကြားကျရောက်နေပါတယ်။ ပါရီမြို့မှာ ကိုဗစ် -၁၉ ကူးစက်မှုတွေပိုပိုပြီးဆိုးရွားလာတယ်လို့ ပြင်သစ်အစိုးရကကြေညာပြီးတဲ့နောက် အခုလို သတင်းထွက်ပေါ်လာတာပါပဲ။

## ကူးစက်မှုများလာ

စက်တင်ဘာ ၃၀ ရက်မှာ ပါရီမြို့တွင် ကူးစက်ပျံ့နှံ့မှုနှုန်းဟာ အဆမတန်များပြားလာတာကြောင့် အမြင့်ဆုံးသတိပေးမှုတွေ ပြုလုပ်ဖို့ဖြစ်လာတယ်လို့ ပြင်သစ်ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗန်းက အောက်တိုဘာ ၁ ရက်မှာ ပြောကြားခဲ့ပါတယ်။ လူပေါင်းတစ်သိန်းမှာ ၂၅၀ ကူးစက်ခံရပြီး အထူးကြပ်မတ်ကုသဆောင်ရဲ့ ခုတင် ၃၀ ရာခိုင်နှုန်းဟာလည်း ကိုဗစ်-၁၉ လူနာတွေနဲ့ပြည့်နှက်လာပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ သတိပေးမှုအဆင့်ကို အမြင့်ဆုံးထားဖို့ ဖြစ်လာတာပါ။ အောက်တိုဘာ ၄ ရက်မှာ ကိုဗစ် -၁၉နဲ့ပတ်သက်တဲ့အညွှန်းကိန်းတွေကို ပြန်လည်လေ့လာသွားမှာပဲဖြစ်တယ်လို့ ပါရီမြို့တော်ဝန်က ပြောကြားခဲ့ပါတယ်။

## လူငယ်တွေကြားမှာ ကူးစက်မှုမြင့်

ပါရီမြို့ ကျန်းမာရေးအာဏာပိုင်အဖွဲ့ အကြီးအကဲဖြစ်သူ အော်ရီလင်းရီဆိုးကတော့ ပါရီမြို့မှာရှိတဲ့အထူးကြပ်မတ်ကုသဆောင်တွေရဲ့ခုတင် ၃၀ ရာခိုင်နှုန်းမှာတော့ ကိုဗစ် -၁၉ လူနာတွေနဲ့ ပြည့်နေပြီး ဒေသခံတစ်သိန်းမှာ ကူးစက်ခံရသူ ၁၀၀ ကျော်ဟာ အသက် ၆၅ နှစ် အထက်လူတွေဖြစ်နေပါတယ်လို့ ပြောပါတယ်။ အသက်၂၀ နဲ့ ၃၀ ကြားလူငယ်တွေမှာလည်းကူးစက်မှုမြင့်နေပြီး လူပေါင်းတစ်သိန်းမှာ ကူးစက်ခံရသူ ၄၅၀ ခန့်က လူငယ်တွေပါပဲ။ စားသောက်ဆိုင်နဲ့ ဘားပိုင်ရှင်တွေဟာလည်း နောက်ထပ်ထုတ်ပြန်တဲ့ကန့်သတ်ချက် အသစ်တွေကို စက်တင်ဘာ ၂၈ ရက်မှာ ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။ သတိပေးမှုအဆင့်သတ်မှတ်ချက်ကို အမြင့်ဆုံးထားလိုက်ပြီဆိုရင် ဘားတွေနဲ့ စားသောက်ဆိုင်တွေ ပိတ်လိုက်ရတော့မှာပါ။

## ပြင်သစ်နိုင်ငံ၏ကန့်သတ်ချက်များ

ပါရီမြို့ကစီးပွားရေးလုပ်ငန်းရှင်အများစုကတော့ ကာလရှည်ကြာလုပ်ငန်းတွေ ပိတ်လိုက်ရမှုကြောင့် ထိခိုက်မှုတွေရှိလာမှာကို စိုးရိမ်နေကြပြီး အဲဒီအတွက်ကြောင့်လည်း ပိတ်ဆို့ကန့်သတ်မှုတွေကို ဆန့်ကျင်ခဲ့ကြတာပါ။ ပါရီမြို့ မှာ အရင်ကတည်းက ကန့်သတ်မှုတွေကို တိုးမြှင့် လုပ်ဆောင်ပြီးသားပါ။ လူ ၁၀ ဦးထက်ပိုပြီး စုဝေးခွင့် မရှိသလို ည ၁၀ နာရီနောက်ပိုင်း ဘားတွေပိတ်ဖို့ အမိန့်ထုတ်ထားပါတယ်။တကယ်လို့ လုပ်ငန်းရှင်တွေဘက်က လိုက်နာဖို့ ပျက်ကွက်ခဲ့မယ်ဆိုရင် ဆိုင်တွေပိတ်ပစ်ရနိုင်တယ်လို့ ပါရီရဲတပ်ဖွဲ့က လွန်ခဲ့တဲ့ သီတင်းပတ်မှာပဲ ပြောကြားခဲ့ပါတယ်။ လမ်းသွားလမ်းလာတွေအနေနဲ့ ပါးစပ်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရမှာဖြစ်သလို အများပြည်သူနဲ့သက်ဆိုင်တဲ့ အလုံပိတ်အခန်းတွေမှာ နေထိုင်သူတွေလည်း ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ဖို့လိုပါတယ်။



ပါရီမြို့မြေအောက်ရထား စီးနင်းသူများကို စက်တင်ဘာ ၂၈ ရက်က တွေ့ရစဉ်။

> “အီတလီနိုင်ငံရဲ့ ကိုဗစ် - ၁၉ အရေးပေါ်အခြေအနေအောက်မှာ ဝန်ကြီးချုပ်အနေနဲ့ ပြည်သူတွေစည်းကမ်းလိုက်နာဖို့ရာ အမိန့်ချမှတ်နိုင်ပါတယ်။ ဒါကြောင့်လည်း မစ္စတာကွန်တီရဲ့အစိုးရအဖွဲ့ဟာ ကိုဗစ် - ၁၉ ကူးစက်မှုအသစ်တွေကို လျင်လျင်မြန်မြန်ပဲ တန်ပြန်နိုင်ခဲ့ပါတယ်”

## ဥရောပတစ်လွှား စည်းကမ်းတင်းကျပ်မှုများ

ပြင်သစ်နိုင်ငံလိုပါပဲ။စပိန်နိုင်ငံမှာလည်းကူးစက်မှုတွေ တစ်ဖန် မြင့်တက်နေတဲ့အတွက် မက်ဒရစ်မြို့ကို အသွားအလာပိတ်ဆို့ကန့်သတ်မှုအောက်မှာ ပြန်ထားတော့မယ်ဆိုပြီး စပိန်အစိုးရက ကြေညာခဲ့ပါတယ်။ဥရောပတစ်လွှားနိုင်ငံအတော်များများမှာ ကိုဗစ် - ၁၉ ဒုတိယလှိုင်းကို ရင်ဆိုင်ဖို့အတွက် ဒေသတွင်း အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေနဲ့ စည်းကမ်းချက်အသစ်တွေကို ပြန်လည်ချမှတ်နေကြပါတယ်။ နယ်သာလန်နိုင်ငံမှာဆိုရင်လည်း အများပြည်သူနဲ့သက်ဆိုင်တဲ့ အလုံအခန်းတွေမှာ အခမ်းအနားကျင်းပမယ်ဆိုရင် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ကြဖို့ အမိန့်ထုတ်ထားပါတယ်။

## ဗြိတိန်နိုင်ငံ၏ ကန့်သတ်ချက်များ

ဗြိတိန်မှာဆိုရင်လည်း ကိုဗစ် - ၁၉ ဒုတိယလှိုင်းရဲ့ ရိုက်ခတ်မှုကိုစိုးရိမ်တာကြောင့် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာကန့်သတ်ချက် အသစ်တွေ ထုတ်ပြန်ခဲ့ပါတယ်။ အင်္ဂလန်တစ်လွှား အရက်ဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ အခြားဖျော်ဖြေရေးလုပ်ငန်းတွေဟာ ည ၁၀ နာရီကနေ နံနက် ၅ နာရီအထိပိတ်ထားရမယ်လို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေနဲ့ အငှားယာဉ်စီးမယ်ဆိုရင်လည်း နှာခေါင်းစည်းတပ်ဆင်ရမှာဖြစ်ပြီး မင်္ဂလာဆောင်ခံပွဲမှာလည်း လာရောက်မယ့် ပရိသတ်အင်အားကိုယခင် ၃၀ ခွင့်ပြုပေးရာကနေ ၁၅ ဦးအထိ လျှော့ချခဲ့ပါတယ်။ ဗြိတိန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုဟာ ခုနစ်ရက်တစ်ခါ နှစ်ဆတိုးနေတဲ့အတွက် အောက်တိုဘာလလယ်လောက်ရောက်ရင် နေ့စဉ်ကူးစက်မှုနှုန်းဟာ ၄၉၀၀၀ အထိ ရောက်ရှိနိုင်တယ်လို့ ဗြိတိန်အစိုးရရဲ့ ထိပ်တန်းသိပ္ပံပညာရှင်တွေ၊ ဆေးဘက်ဆိုင်ရာပညာရှင်တွေက အကြံပြုပြီးတဲ့နောက်မှာတော့ ကန့်သတ်ချက်တွေကိုတစ်ရစ်ချင်း တိုးမြှင့်လာခဲ့တာပဲ ဖြစ်ပါတယ်။

## ကူးစက်မှုနိမ့်သည့် အီတလီနိုင်ငံ

ဥရောပမှာကူးစက်မှုတွေမြင့်နေပေမယ့် တစ်ချိန်က ကူးစက်မှု ရဲ့ဗဟိုချက်မနေရာတစ်ခုဖြစ်တဲ့ အီတလီနိုင်ငံကတော့ ချီးကျူးစရာပါပဲ။ အီတလီနိုင်ငံဟာ တစ်ခါ တုန်းက ကိုဗစ်-၁၉ ကူးစက်မှုဒဏ်ကို ဥရောပမှာ ဆိုးဆိုးရွားရွား ခံစားခဲ့ရပေမယ့် အခုအခါမှာတော့ အိမ်နီးချင်းစပိန်နဲ့ ပြင်သစ်နိုင်ငံတို့နဲ့ယှဉ်ရင် ကိုဗစ် - ၁၉ ကူးစက်မှုနှုန်း အများကြီး လျော့နည်းနေတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ် နှစ်ပတ်အတွင်းမှာ အီတလီနိုင်ငံမှာ လူတစ်သိန်းမှာ ၃၈ ဦးပဲ ကိုဗစ်-၁၉ ကူးစက်ခံရတာကို တွေ့ရပါတယ်။ အခြားဥရောပနိုင်ငံတွေနဲ့ယှဉ်ရင် ဒါဟာ အတော်လေးနိမ့်တဲ့ကူးစက်မှုနှုန်းပဲဖြစ်ပါတယ်။ စပိန်နိုင်ငံမှာဆိုရင် လူပေါင်းတစ်သိန်းမှာ ၃၃၀ ဝန်းကျင် ကူးစက်ခံရပြီး ပြင်သစ်မှာတော့ ၂၃၀ နဲ့ ဗြိတိန်မှာတော့ ၁၀၈ ဦး ကူးစက်ခံနေရပါတယ်။

## သတိကြီးကြီး ထားရန်လို

အီတလီနိုင်ငံဟာ ပြီးခဲ့တဲ့ နွေဦးကာလမှာကူးစက်မှုမြင့်ခဲ့တာကြောင့် စိတ်သောက ရောက်စရာတွေနဲ့ ကြုံတွေ့ခဲ့ရပြီး အခုအချိန်မှာတော့ အဲဒီလိုအဖြစ်အပျက်မျိုးနဲ့ မကြုံတွေ့ရအောင် သေချာလေး ဂရုတစိုက်ရှိတယ်လို့ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူတွေက ပြောပါတယ်။

သူတို့ဟာ နောက်ထပ်ကြုံတွေ့လာမယ့် ခက်ခဲတဲ့ အချိန်တွေကိုလည်း ကြံ့ကြံ့ခံရင်ဆိုင်နေကြပါတယ်။ အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီကတော့ အီတလီနိုင်ငံသားတွေအနေနဲ့ ကိုဗစ် -၁၉ ကို ပေါ့လျော့မနေဘဲ သတိကြီးကြီးထားကြဖို့ သတိပေးနှိုးဆော်ထားပါတယ်။

အီတလီ နိုင်ငံရဲ့ ကိုဗစ် -၁၉ အရေးပေါ်အခြေအနေအောက်မှာ ဝန်ကြီးချုပ်အနေနဲ့ ပြည်သူတွေစည်းကမ်းလိုက်နာဖို့ရာ အမိန့်ချမှတ်နိုင်ပါတယ်။ ဒါကြောင့်လည်း မစ္စတာ ကွန်တီရဲ့အစိုးရအဖွဲ့ဟာ ကိုဗစ် -၁၉ ကူးစက်မှုအသစ်တွေကို လျင်လျင်မြန်မြန်ပဲ တန်ပြန်နိုင်ခဲ့ပါတယ်။

## လူတန်းစားမရွေး ကူးစက်နိုင်

အခုအခါမှာတော့ကိုဗစ် -၁၉ ဒုတိယလှိုင်းရိုက်ခတ်မှုကိုတစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့နေရတာပါ။ ဥရောပတစ်လွှားကူးစက်မှုတွေ တစ်ဖန်တိုးမြင့်လာမှုနဲ့အတူ နိုင်ငံ့ခေါင်းဆောင်တွေထိပါ ကူးစက်မှုတွေရှိနေတာကိုတွေ့လာရပါတယ်။

အောက်တိုဘာ ၂ ရက်မှာဆိုရင် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်နဲ့ ဇနီးဖြစ်သူတို့ ကိုဗစ်- ၁၉ ကူးစက်ခံထားရတဲ့သတင်းတွေ ကမ္ဘာ့မီဒီယာတွေမှာ ပျံ့နှံ့နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကာကွယ်ဆေးလက်လှမ်းမမီသေးတဲ့ကာလမှာ ကိုဗစ် - ၁၉ ဟာ လူတန်းစားမရွေး ကူးစက်နိုင်တာကြောင့် အားလုံး မေ့မေ့လျော့လျော့မနေဖို့ လိုအပ်ပါတယ်။ ။

ကိုးကား - ယူရိုနယူးစ်၊
စီအင်န်အင်န်

# နိုင်ငံတကာသတင်းတိုထွာ

## ဂျာမနီတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးလက်တွေ့စမ်းသပ်မှု အဆင့်-၃ ကိုခွင့်ပြု

ဘာလင် အောက်တိုဘာ ၃

ဂျာမနီနိုင်ငံ ကာကွယ်ဆေးနှင့် ဇီဝဆေးပညာဗဟိုအဖွဲ့ (ပီအီးအိုင်)သည် ကိုဗစ်-၁၉ ကာကွယ်ဆေးလက်တွေ့စမ်းသပ်မှု အဆင့်-၃ ကို အောက်တိုဘာ ၂ ရက်က ခွင့်ပြုကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးကို ဂျာမန်ကူးစက်ရောဂါသုတေသနဌာန (ဒီဇက်အိုင်အက်ဖ်)နှင့် အိုင်ဒီတီ ဘိုင်အော့လော်ဂျီကာ ဆေးဝါးကုမ္ပဏီတို့က ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ပီအီးအိုင်၏အဆိုအရ လက်တွေ့စမ်းသပ်မှုအဆင့်-၃ တွင် ပထမအဆင့်၌ အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်းကျန်းမာသည့်စေတနာ့ဝန်ထမ်း ၃၀ က လေးပတ်ခြားပြီး ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူကြမည်ဖြစ်သည်။

လူသားများတွင် ကာကွယ်ဆေးလက်တွေ့စမ်းသပ်မှုသည် ကိုဗစ်- ၁၉ တိုက်ဖျက်နိုင်သောဘေးကင်းပြီး အာနိသင်ထိရောက်သည့် ကာကွယ်ဆေးများအဖြစ် ခွင့်ပြုချက်ရရှိရန် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပီအီးအိုင်က ပြောသည်။ ဂျာမန်အစိုးရသည် ကိုဗစ်-၁၉ ကာကွယ်ဆေးသုတေသနနှင့် ဖော်ထုတ်မှုအရှိန်မြှင့်တင်ရန် ယူရိုသန်း ၇၅၀ (အမေရိကန်ဒေါ်လာ ၈၇၈ သန်း) အသုံးပြုကာ အထူးရန်ပုံငွေအစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ကိုလံဘီယာတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူပေါင်း ၈၄၁၅၃၁ ဦးအထိ ရောက်လာ

ဘိုဂိုတာ အောက်တိုဘာ ၃

ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ခံရသူ ၆၁၉၂ ဦး တွေ့ရှိပြီးနောက် လွန်ခဲ့သော ၂၄ နာရီအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်သည် ၈၄၁၅၃၁ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၂ ရက်တွင် ပြောကြားလိုက်သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၂၀၁ ဦး ထပ်မံသေဆုံးကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်သည် ၂၆၃၉၇ ဦးအထိ ရောက်ရှိလာကြောင်း သိရသည်။

ယခုအချိန်အထိ လူပေါင်း ၇၅၃၉၅၃ ဦး ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ဖော်ပြထားသည်။

အောက်တိုဘာ ၂ ရက်က ကျန်းမာရေးဝန်ကြီး ဖာနန်ဒို ရုဇ်က ကိုဗစ် -၁၉ စတင်ဖြစ်ပွားချိန်ကတည်းက ယခုဆိုလျှင် အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိသော ကိုဗစ်ဝေဒနာသည်များမှာ နှစ်ဆတိုးလာကြောင်း ပြောကြားလိုက်သည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၃၅ ရက် သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ❖ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ❖ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။**

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**

## နမ့်ခမ်းမြို့၌ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်

နမ့်ခမ်း အောက်တိုဘာ ၃

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့၌ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းတင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး နိုင်လင်းသိန်း၊ စခန်းမှူး ဒုတိယရဲမှူး တင်ဆန်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ သင်တန်းသားများ တက်ရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ကျင်းပသည်။ သင်တန်းဖွင့်ပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး (ယာပုံ) အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ၂၈ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဝေမွန်(ရွှေရည်မြေ)



## သန်လျင်မြို့နယ်၌ အထူးရဲသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ လာမည့်နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထူးရဲသင်တန်းကို အောက်တိုဘာ ၁ ရက်မှစ၍ သန်လျင်အထက(၁) ရတနာရှင်းသန့်ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းသို့ သန်လျင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အထူးရဲသင်တန်းသား ၂၂၈ ဦး တက်ရောက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နည်းပြများက စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို သန်လျင်မြို့နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သုံးနေရာခွဲ၍ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

# ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃

**ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီဥက္ကဋ္ဌ သူရဦးရွှေမန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် –**




အားလုံးမင်္ဂလာပါ ချစ်ခင်လေးစားရပါသောပြည်သူလူထုကြီးခင်ဗျာ၊

မိမိတို့နိုင်ငံမှာ ပါလီမန်ဒီမိုကရေစီစနစ် ရပ်ဆိုင်းသွားတာ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ကပါ။ အဲဒီအချိန်မှာ ကျွန်တော့်အသက် ၁၄ နှစ်ပင် မပြည့်သေးပါ။ နှစ်ပေါင်း ၄၉ နှစ်အကြာ ၂၀၁၁၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ လွှတ်တော်တွေ အသစ်ပေါ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာပါတယ်။

နှစ်ပေါင်း ၄၉ နှစ်အတွင်း နိုင်ငံ့အရေးနှင့် ယှဉ်တွဲဖြစ်ပေါ်လာခဲ့တဲ့ ပါတီနိုင်ငံရေးမျိုးစုံကို ကြုံတွေ့ခဲ့ရတယ်။ တော်လှန်ရေးကောင်စီကာလ လူနဲ့ပတ်ဝန်းကျင်တို့ရဲ့ အညမည သဘောတရားဖြင့် တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပါတယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တစ်ပါတီစနစ်ကို ကျင့်သုံးပြီး အာဏာသုံးရပ်ကို ရယူအုပ်ချုပ်ခဲ့တယ်။ သဘောတရားရေးကောင်းလှတဲ့ လမ်းစဉ်ပါတီအစိုးရသည် ၁၉၈၈ လူထုအုံကြွမှုအရေးအခင်းမှာ အာဏာလက်လွှတ်ခဲ့ရတယ်။ အကြောင်းရင်းမှာ စီးပွားရေးကျဆင်းခြင်းကို ပြည်သူတွေ လက်မခံနိုင်တော့၍ ဖြစ်ပါတယ်။ သင်ခန်းစာယူစရာပါ။

ပြည်ခိုင်ဖြိုးပါတီသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ရွေးကောက်ပွဲမှာ အနိုင်ရလို့ အစိုးရဖွဲ့နိုင်ခဲ့ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ သောင်ပြိုကမ်းပြိုအနိုင်ရခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း အစိုးရဖွဲ့ပြီး တိုင်းပြည်အုပ်ချုပ်နေပါတယ်။

ကံအားလျော်စွာ ကျွန်တော့်အနေနဲ့ ပါတီစုံဒီမိုကရေစီခေတ်ဦးမှာ အာဏာရပါတီ၊ အစိုးရအသီးသီးတို့ရဲ့ နိုင်ငံရေးသဘောတရား၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ပုံကို ကောင်းစွာသိရှိခဲ့ရပါတယ်။ တော်လှန်ရေးကောင်စီ၊ လမ်းစဉ်ပါတီ၊ နဝတ၊ နယက အစိုးရအသီးသီးတို့ အကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။ အာဏာရှင်ဆိုတာ ခေတ်တိုင်းမှာ ရှိနေတတ်တာကို သတိပြုမိပါတယ်။ ပြည်သူများကတော့ အာဏာရှင်ဆိုရင် ဘယ်လိုအာဏာရှင်မျိုးကိုမှ မကြိုက်ပါ။ ဒါကြောင့် ဒီမိုကရေစီ စနစ် ခိုင်မာအားကောင်းရေးအတွက် အားလုံးက အစွမ်းကုန်ကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ ခေတ်အဆက်ဆက်က နမူနာယူစရာများ၊ သင်ခန်းစာယူစရာများကို ရရှိထားလို့ သတိနှင့်ယှဉ်ပြီး နိုင်ငံနှင့် ပြည်သူ့ဘဝ ပိုမိုတိုးတက်ကောင်းမွန်အောင် မိမိတို့ ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ထားပါတယ်။

**– ပြည်သူလူထုကြီးခင်ဗျာ**

အထူးကော်မရှင်ဥက္ကဋ္ဌတာဝန်ယူပြီး ၃ နှစ်အကြာမှာ နိုင်ငံမှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံရေးပါတီတစ်ရပ်ထူထောင်ပြီး နိုင်ငံနှင့် ပြည်သူများဘဝ တိုးတက်မြင့်မားရေးအတွက် လွတ်လပ်၊ တက်ကြွ၊ နိုးကြားစွာဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ တကယ်တော့ မိမိအသက်အရွယ်နှင့် ဘဝအခြေအနေအရ စွန့်လွှတ်တယ်ဆိုတာထက် စွန့်စားတွက်ချက်ပြီး အားလုံးအတွက်၊ နိုင်ငံ့အတွက် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ကောင်းကျိုးဆောင်လို့ အမည်ရတဲ့ UBP ပါတီကို မှတ်ပုံတင်ခွင့်ရပြီး ၁ နှစ်ကျော်အကြာမှာ ပြည်သူများ၏ ယုံကြည်မှု၊ အားပေးမှု၊ ထောက်ခံမှု၊ ဝန်းရံမှုတို့ကြောင့် အစိုးရဖွဲ့စည်းနိုင်မယ့် ပါတီကြီး တစ်ရပ် ဖြစ်လာခဲ့ပါတယ်။ မြို့နယ်ပေါင်း(၂၆၁) မြို့နယ်မှာ လွှတ်တော်ကိုယ်စားလှယ် ပေါင်း ၈၂၇ ဦး ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

မိမိဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို သင်ခန်းစာဖော်ထုတ်တဲ့အခါ နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုအားနည်းခြင်း၊ ကိုယ်ကျိုးစီးပွားနှင့် အဖွဲ့အစည်း၏ အကျိုးစီးပွားကို ရှေ့တန်းတင်လွန်းခြင်း၊ နိုင်ငံ့အကျိုးစီးပွားအတွက် ဖွဲ့စည်းထားကြတယ်ဆိုတဲ့ အဖွဲ့အစည်းတွေသည်ပင်လျှင် အချင်းချင်း ရန်သူလို၊ ရန်ဘက်လို သဘောထား၍ အပြုတ်တိုက်၊ အပြတ်ရှင်းလိုကြခြင်းများကြောင့် ပြည်သူများ ဒုက္ခကြီးငယ်ကျရောက်ပြီး နိုင်ငံလည်း နိမ့်ကျ၊ နောက်ကျနေရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကောင်းကျိုးဆောင်ပါတီသည် နိုင်ငံရေးသင်ခန်းစာရယူ၍ နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားအတွက်ဆိုလျှင် မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်မည်။ ပါတီအကျိုးစီးပွားနှင့် နိုင်ငံ့အကျိုးစီးပွားယှဉ်လာလျှင် နိုင်ငံ့အကျိုးစီးပွားကို ဦးစားပေး ဆောင်ရွက်မည်။ သူတစ်ပါးမကောင်းကြောင်းမပြောနဲ့ ကိုယ်ကောင်းအောင်နေ။ သူတစ်ပါးကို အပြစ်မပြောနဲ့။ ကိုယ်အပြစ်မဖြစ်အောင်နေ။ ဘယ်သူတရားပျက်ပျက်၊ ကိုယ်မပျက်စေနဲ့။ ဘာပဲလုပ်လုပ် ဥပဒေနှင့်အညီလုပ်။ အမျိုးသားအကျိုးစီးပွားအတွက်ဆိုရင် အသစ်လည်း တည်ဆောက်၊ အဟောင်းကိုလည်း မြှင့်တင်မည်ဟု သွေးစည်းညီညွတ်ရေး အတွက်၊ အမျိုးသားအကျိုးစီးပွားအတွက်၊ တရားဥပဒေစိုးမိုးရေးအတွက်၊ အခြေခံမှုနဲ့ သဘောတရားများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

**– ပြည်သူလူထုကြီးခင်ဗျာ**

ကောင်းကျိုးဆောင်ပါတီသည် ရှေ့ကတာဝန်ယူသွားသည့် ပါတီနှင့် အစိုးရအဖွဲ့ တို့၏ တည်ဆောက်မှုများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ထားမှုများကို လက်ဆင့်ကမ်းသယ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ကောင်းကျိုးဆောင်ပါတီသည် ပြည်သူများရလိုတဲ့ အဖွဲ့အစည်းမျိုး၊ အစိုးရမျိုးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်လို့ စေတနာကောင်း၊ အရည်အချင်းကောင်း၊ အတွေ့အကြုံကောင်းရှိသူများကို စုစည်းထားရှိပါတယ်။

ကောင်းကျိုးဆောင်ပါတီသည် ယနေ့ကာလ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတကာဆက်ဆံရေးနဲ့ ဖိအားများ၊ အကျပ်အတည်း၊ အခက်အခဲများကို စာနာနားလည်မှု အပြည့်ရှိပါတယ်။

အရေးထဲအရာပေါ် မြွေပူရာကင်းမှောင့်ဆိုသလို အထွေထွေအခက်အခဲတွေ၊ အကျပ်အတည်းတွေ၊ ဖိအားပေးမှုတွေ ကြုံတွေ့နေရတဲ့နိုင်ငံနှင့် ပြည်သူတွေဟာ ကိုဗစ်–၁၉ကပ်ရောဂါရဲ့ နှိပ်စက်မှုကြောင့် အလုပ်အကိုင်များဆုံးရှုံး၊ စီးပွားရေးများစွာထိခိုက်၊ စိတ်ပိုင်းဆိုင်ရာ ဖိစီးခံစားမှုတွေရှိပြီး ထမင်းနပ်မှန်အောင်စားရဖို့နဲ့ ဘဝရှင်သန်ရအောင် ကြိုးစားရုန်းကန်ကြရပါတယ်။ အငယ်စား၊ အသေးစား၊ အလတ်စား အပါအဝင် လုပ်ငန်းရှင်များကလည်း လုပ်ငန်းတွေ အတော်များများ ရပ်ဆိုင်းရသလို လုပ်ငန်းတွေ လျှော့ချခဲ့ကြရပါတယ်။

တောင်သူလယ်သမားများကလည်း အကြွေးနွံနစ်နေ၍ အတော်ကြီး အဆင်မပြေကြပါ။ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ပို့ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်နေကြသူများ၊ ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတသမားများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ အနေ့ယာဉ်လုပ်သားများ၊ တစ်နေ့လုပ်တစ်နေ့စား ပြည်သူများ၊ အခြေခံအလုပ်သမားများသည်လည်း ခက်ခဲစွာရပ်တည်ရုန်းကန်နေကြရပါတယ်။ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို မိမိရပ်ရွာမှာ အလုပ်အကိုင် အဆင်မပြေကြလို့ နိုင်ငံရပ်ခြားသွားရောက် အလုပ်လုပ်နေကြစဉ်မှာပဲ ကိုဗစ်ကြောင့် ကိုယ့်နိုင်ငံကို ပြန်လာကြရပါတယ်။ အလုပ်အကိုင် အဆင်မပြေမှုတွေ၊ စီးပွားရေးလုပ်ငန်းမျိုးစုံ ယိုင်လဲမှုတွေကို ပြန်လည်ထူထောင်ဖို့ အရေးကိစ္စက အင်မတန်ကြီးလေးပါတယ်။

**– ပြည်သူလူထုကြီးခင်ဗျာ**

ကောင်းကျိုးဆောင်ပါတီ(UBP)သည် ပြည်သူများအကြောင်းကို အမှန်အတိုင်း၊ အရှိပကတိအတိုင်း သိရှိရန်နှင့် ပြည်သူများ၏ လိုအပ်ချက်အခက်အခဲများကို သိမြင်ပြီး စားဝတ်နေရေး၊ လူမှုရေးအခြေအနေတွေ ယနေ့အခြေအနေထက် ပိုပြီးကောင်းမွန်အောင် မှန်ကန်ထိရောက်သည့် လက်ငင်း၊ ရေတို၊ ရေရှည် အစီအမံများ ရေးဆွဲပြီး ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံကို တည်ဆောက်တဲ့နေရာမှာ ပြည်သူ့မျက်နှာနဲ့ တိုင်းပြည်မျက်နှာကြည့်ပြီး ပြည်သူ့အကျိုးစီးပွားနဲ့ တိုင်းပြည်အကျိုးစီးပွားကို ဦးစားပေးရမှာပါ။ မိမိတို့ပါတီကတော့ **"ပြည်သူက ပထမ၊ ပြည်သူက အဓိက"** ဖြစ်တယ်လို့ ခံယူထားတဲ့အတွက် တိုင်းရင်းသားများရဲ့ ဖက်ဒရယ်အခွင့်အရေးနဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးရရှိရေးကို ဦးစားပေးဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်။

ကောင်းကျိုးဆောင်ပါတီ(UBP) သည် ပြည်သူများကတာဝန်ပေးအပ်လျှင် နိုင်ငံကို–

၁။ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံထူထောင်မည်။
၂။ ပြည်သူတစ်ဦးချင်းစီနဲ့ နိုင်ငံ၏ စီးပွားရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်။
၃။ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စတဲ့ လူမှုရေးကဏ္ဍများကို စနစ်တကျဟန်ချက်ညီညီ တိုးတက်အောင် ဆောင်ရွက်မည်။
၄။ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်တို့ သဟဇာတဖြစ်အောင် ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်။
၅။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဥပဒေအရပ်ရပ်ကို ခေတ်ကာလနဲ့ လျော်ညီသော ဥပဒေများဖြစ်လာစေရန် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်သွားမည်။
၆။ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားမျှတရေး၊ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ငြိမ်းချမ်းရေး ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်။
၇။ ပြည်သူလူထု တွေ့ကြုံဆောင်ရွက်နေရသည့် လုပ်ငန်းကဏ္ဍတိုင်းတွင် လွယ်ကူချောမွေ့ အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်ရန် မူဝါဒများနဲ့ စံပြုလုပ်ထုံးလုပ်နည်း(SOP)များ ဖြစ်ပေါ်ရေး၊ သတင်းအချက်အလက်နှင့် စာရင်းအင်းအချက်အလက်စနစ် ထိရောက်မှန်ကန်မြန်ဆန်စွာ အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

**– ပြည်သူလူထုကြီးခင်ဗျာ**

ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် ကဏ္ဍနယ်ပယ်အသီးသီးတွင် ဖြစ်ပေါ်နေသော –

၁။ မြေယာနှင့် ဆက်စပ်သက်ဆိုင်သည့် ကိစ္စရပ်များ၊
၂။ မဟာဗျူဟာဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ မြို့ပြနှင့်ကျေးလက်ကွာဟမှု လျော့နည်းစေရန် သောက်သုံး ရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှု ဘဝ တိုးတက်ကောင်းမွန်ရေး ကိစ္စရပ်များ၊
၃။ တောင်သူ လယ်သမားများအတွက် စိုက်စရိတ်ချေးငွေ နှုန်းထားနှင့် ပြန်ဆပ်ကာလကို တိုးမြှင့်ရေးကိစ္စရပ်နှင့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ၏ ထိုက်တန်သည့် ဈေးနှုန်းနှင့် ဈေးကွက်အာမခံချက်ရရှိရေး ကိစ္စရပ်များ၊
၄။ အလုပ်သမားများ၊ အလုပ်ရှင်များ လုပ်ငန်းခွင်အဆင်ပြေစေရေး၊ လုပ်ခလစာနှင့် ဝင်ငွေ တိုးမြှင့်ရေးကိစ္စရပ်များ၊
၅။ ဝန်ထမ်းများ အဆင့်နှင့် လျော်ညီစွာ ဂုဏ်သိက္ခာရှိရှိ တာဝန်ထမ်းဆောင်နိုင်ရန် လစာနှင့်စရိတ် တိုးမြှင့်ခံစားရရှိရေးကိစ္စရပ်များနှင့် အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေး အဆင်ပြေစေရေးဆိုင်ရာ ကိစ္စရပ်များ၊
၆။ အငယ်စား၊ အသေးစား၊ အလတ်စား၊ အကြီးစား စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးရရှိရေးနှင့် အားပေးမြှင့်တင်ရေးကိစ္စရပ်များ၊
၇။ အလုပ်လုပ်လိုသော အရွယ်ရောက်သူတိုင်း အလုပ်အကိုင်ရရှိရေး ကိစ္စရပ်များကို ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်သွားပါမယ်။
၈။ ထို့အတူ ပြည်သူလူထုကို "အချိန်ကုန်၊ ငွေကုန်၊ လူပန်း" ဖြစ်နေရတဲ့ အခွန်အခဆိုင်ရာကိစ္စရပ်များ၊ လိုင်စင်ဆိုင်ရာကိစ္စရပ်များ၊ တင်ဒါဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်နှင့် မီတာခဆိုင်ရာ ကိစ္စရပ်များ၊ မြို့ဝင်ကြေးဆိုင်ရာကိစ္စရပ်များ၊ စည်ပင်ဆိုင်ရာကိစ္စရပ်များ၊ မှတ်ပုံတင်ရရှိရေးကိစ္စများကို ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်သွားပါမယ်။
၉။ အထူးအစီအမံတစ်ရပ်အနေဖြင့် ကိုဗစ်–၁၉ ကြောင့် ထိခိုက်ဆုံးရှုံးခဲ့သော ကျန်းမာရေး၊ ပညာရေးတို့အပြင် လက်ရှိအလုပ်အကိုင်နှင့် စီးပွားရေးလုပ်ငန်းများအား လက်ရှိအခြေအနေနှင့် ကိုက်ညီသော လူမှုစီးပွားရေးပုံစံသစ်တွင် ပြည်သူများဘဝရှင်သန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ကောင်းကျိုးဆောင်ပါတီသည် လုပ်ဆောင်မှုမှန်သမျှကို ဥပဒေနှင့်အညီ တရားနည်းလမ်းတကျ၊ မှန်ကန်မျှတစွာ ဆုံးဖြတ်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**– ပြည်သူလူထုကြီးခင်ဗျာ**

ဒီမိုကရေစီဆိုတာ ပြည်သူက အစိုးရတစ်ရပ်ကို ရွေးချယ်တင်မြှောက်ရုံဖြင့် မလုံလောက်သေးဘဲ အစိုးရက ပြည်သူများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးနဲ့ လူမှုဘဝလုံခြုံအောင် ဆောင်ရွက်ပေးနိုင်မှ ဒီမိုကရေစီဆိုတဲ့ နိုင်ငံရေးသဘောတရား ပြည့်စုံပါတယ်။ တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်မှာ ပြည်သူ့တာဝန်၊ အစိုးရတာဝန်ဆိုတာရှိပါတယ်။ တာဝန်ကျေတဲ့ အစိုးရတစ်ရပ် ဖြစ်မှ ပြည်သူနဲ့ တိုင်းပြည်အတွက် အကျိုးရှိမှာဖြစ်ပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ ပြည်သူများအတွက် ပိုကောင်းအောင် ပြောင်းပေးနိုင်တဲ့ အစိုးရတစ်ရပ် ရွေးချယ်ပေးရန် လိုအပ်နေပါပြီ။

သို့ဖြစ်ပါ၍ ပြည်သူများကလည်း **"ပိုပြီးကောင်းအောင်ပြောင်းပေးနိုင်တဲ့၊ အပြောနှင့် အလုပ်ညီညွတ်တဲ့ ကောင်းကျိုးဆောင်ပါတီ UBP"**ကို **"အရွေးမှန်လို့ အမှန်ရွေးပြီး"** ပြောင်းလဲထောက်ခံမဲပေးကြပါ။ ကောင်းကျိုးဆောင်ပါတီ (UBP) ကလည်း အပြောနှင့်အလုပ် ညီညွတ်ပါမယ်။ ပြည်သူများအတွက် တာဝန်ကျေပွန်ပါမယ်လို့ ရဲရဲဝံ့ဝံ့ကတိပြုပါတယ်။

ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

### "ပြည်ထောင်စုကောင်းကျိုးဆောင်ကြစို့"

**ရေး – အောင်နိုင်စန်း**
**ဆို – ရွှန်းလဲ့အောင် (ယဉ်ကျေးမှုတက္ကသိုလ်)**

**ပြည်ထောင်စုရဲ့ ကောင်းကျိုးဆောင် တာဝန်ထမ်းစို့မောင်**
**ကျန်းမာ၊ လန်းဖြာသော လူ့ဘောင် ပညာတိုးတက်အောင်**
**ဘဝအဆင့်အတန်းမြင့်မားကြအောင် ဦးတည်အမြဲရွက်ဆောင်**
**ကြီးပွားတိုးတက်စေဖို့ တိုင်းပြည်ကောင်းကျိုးဆောင်**
**မျိုးဆက်သစ်တို့ တိုးတက်အောင် စုပေါင်းခွန်အားနဲ့ဆောင်**
**ဒီမိုကရေစီနိုင်ငံတော် ဖက်ဒရယ်စနစ်နဲ့နေ၁**
**သစ္စာအဓိဋ္ဌာန်လေးနက်စွာ တို့ကြိုးစားကြမှာ**
**မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ တို့ဖွဲ့စည်းခဲ့တာ**
**တို့တိုင်းပြည်၊ တို့အကျိုး အစဉ်မျှော်ကိုးလို့ ဆောင်ရွက်မည်**
**ကဏ္ဍစုံတိုးတက်ရေးမှာ စေတနာကောင်းနဲ့ အစဉ်ရပ်တည်**
**မြို့တိုင်းနဲ့ရွာတိုင်းမှာကွယ် တရားဥပဒေအုပ်စိုး**
**လုပ်ငန်းနှင့်အခွင့်အလမ်းသာတယ် စည်ပင်ကာဖွံ့ဖြိုး**
**လူမှုစီးပွားဘဝလုံခြုံအောင် အခွင့်အလမ်းမျှတခြင်းကိုဖော်ဆောင်**
**လူမှုစီးပွားဘဝလုံခြုံအောင် အခွင့်အလမ်း မျှတခြင်းကိုဖော်ဆောင်**
**အခွင့်အလမ်း မျှတခြင်းကိုဖော်ဆောင်**
**အများအကျိုးကို ထမ်းဆောင်စို့မနေး ... ။**

# ဖက်ဒရယ်ပြည်ထောင်စုပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃

**ဖက်ဒရယ်ပြည်ထောင်စုပါတီ ဒုတိယဥက္ကဋ္ဌ ဦးစဝ်သာဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

မင်္ဂလာပါခင်ဗျား…

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တောင်ပေါ်မြေပြန့် ဒေသအသီးသီးမှာ နေထိုင်တဲ့ ၁၃၅ မျိုးသော ညီနောင်တိုင်းရင်းသားများ ကိုယ်စိတ်နှလုံး သုံးပါးစလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား.....

ကျွန်တော်ကတော့ ဖက်ဒရယ်ပြည်ထောင်စုပါတီ FUP ရဲ့ ဒုတိယဥက္ကဋ္ဌ ဦးစဝ်သာဦးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ပါတီကို ၂၀၁၃ ခုနှစ်မှာ တည်ထောင်ခဲ့ပါတယ်။ အမှတ်စဉ်(၇၁)နဲ့ (၂၄-၁၂-၂၀၁၃)ရက်နေ့မှာ တရားဝင်နိုင်ငံရေးပါတီအဖြစ် ခွင့်ပြုချက်ရပြီးတဲ့ ပါတီဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ထူးခြားတဲ့ ပါတီတစ်ပါတီ ဖြစ်ပါတယ်ခင်ဗျား။ လူတစ်ဦးချင်းမှသည် ပါတီတစ်ရပ် ဖြစ်ပေါ်လာခဲ့ခြင်းမဟုတ်ဘဲ လူမျိုးတူရာစုဖွဲ့ထားကြတဲ့ တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များဟာ မိမိတို့မိခင်ပါတီများမှ တရားဝင်နုတ်ထွက်ရပါတယ်။ ဒီလိုနုတ်ထွက်ပြီးမှ တိုင်းရင်းသားအားလုံးပါဝင်တဲ့ ဒီတိုင်းရင်းသားများသည်လည်း နောက်ခံပါတီအင်အားရှိတဲ့ ကိုယ်စားလှယ်များက တည်ထောင်သူများအဖြစ် ပါဝင်ကာ ဒီ.. ဖက်ဒရယ်ပြည်ထောင်စုပါတီကို တည်ထောင်ခဲ့ကြခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများမှ နုတ်ထွက်ကိုယ်စားလှယ်များ စုဖွဲ့ဦးဆောင်တည်ထောင်ပြီး မြန်မာနိုင်ငံသားအားလုံးပါဝင်တဲ့ နိုင်ငံအနှံ့မှလူမျိုးစုအားလုံးပါဝင်နိုင်တဲ့ ထူးခြားတဲ့ ပါတီတစ်ရပ်ဖြစ်ပါတယ်ခင်ဗျား...။

ဒီအပြင် ၁၉၆၂ ခုနှစ်နောက်ပိုင်း နာမည်ဆိုးအတပ်ခံရပြီး မြန်မာနိုင်ငံမှ စွန့်ပယ်ခံခဲ့ရတဲ့ ဖက်ဒရယ်ဆိုတဲ့ဝေါဟာရကို ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံရေးကဏ္ဍမှာ ပြန်လည်၍ တရားဝင် ပထမဆုံးအသုံးပြုခဲ့တဲ့ပါတီဖြစ်လို့ ထူးခြားပါတယ်ဆိုရင်လည်း မမှားပါဘူးခင်ဗျား။ ဖက်ဒရယ်ဆိုတာ ခွဲထွက်ခြင်းမဟုတ်၊ ခွဲထွက်ခြင်းမဖြစ်ရအောင် ကာကွယ်တဲ့ စနစ်တစ်ရပ်ဖြစ်ကြောင်း နားလည်မှုပြန်လည်ရလာစေလို့ ဒီအမည်နဲ့ ပါတီတည်ထောင်ခွင့်ပြုခဲ့တာဟာလည်း ထူးခြားချက်တစ်ရပ်ပါခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ နိုင်ငံကြီး(၂)ခုကြားမှာ တည်ရှိနေတဲ့ နိုင်ငံဖြစ်ပေမယ့် နိုင်ငံကြီး(၁)နိုင်ငံတော့ မဟုတ်ပါ။ တောင်တန်း၊ မြေပြန့်၊ ပင်လယ်ပြင် စသဖြင့် ပထဝီအနေအထား အပူ၊ အအေးမတူတဲ့ သဘာဝအနေအထား စသဖြင့် ကွဲပြားကြတဲ့နေရာများမှာ ဌာနေတိုင်းရင်းသားစုံဟာလည်း သူတို့တည်ရာရပ်ဝန်းများနှင့် လိုက်လျောစွာနေထိုင်ခဲ့ကြပါတယ်။ ဓလေ့စရိုက်၊ ဘာသာစကား၊ အယူဝါဒ၊ ယဉ်ကျေးမှု၊ စာပေနဲ့ထုံးတမ်းစဉ်လာများကို မတူကွဲပြားစွာသုံးနှုန်းလျက် ရှေးပဝေသဏီ နှစ်ပေါင်း ထောင်ကျော်ကာလမှ ယနေ့တိုင် အေးအတူ၊ ပူအမျှ ဥမကွဲသိုက်မပျက် အတူတကွ နေထိုင်လာခဲ့ကြပါတယ်။

ဒီလိုနိုင်ငံနယ်နိမိတ်တစ်ခုအတွင်းမှာ ပဋ္ဌာန်းဆက်များအဖြစ် ဒေသအလိုက် မတူညီမှုများနဲ့ ရှင်သန်ရပ်တည်နေကြရာမှာ အားလုံးကို ပုံစံတစ်မျိုးတည်း၊ အယူဝါဒတစ်မျိုးတည်း စသဖြင့် တစ်မျိုးတည်းဆိုတဲ့ စကားရပ်နဲ့ လွှမ်းခြုံမယ်ဆိုရင်တော့ ကွဲအက်မှုများ၊ တန်ပြန်မှုများရှိတတ်ကြတာ သဘာဝတစ်ရပ်ပါခင်ဗျား။ မတူညီမှုများကြားမှာ တူညီမှုများကို တူရာစု၍ ထိုအစုများကိုမှ တူသောဆုံရပ်မှာ ပေါင်းစည်းစေခြင်းကတော့ ထာဝရပေါင်းစည်းမှုကို ရစေနိုင်ပါမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်ခင်ဗျား။ ထိုသို့ ပေါင်းစည်းနိုင်စေရန်မှာလည်း ပြည်နယ်၊ ပြည်မ၊ တောင်တန်း၊ မြေပြန့်မခွဲခြားဘဲ တန်းတူပြဋ္ဌာန်းခွင့်၊ တန်းတူအုပ်ချုပ်ခွင့်၊ တန်းတူတရားစီရင်ခွင့်နှင့် သယံဇာတအချိုးကျခံစားခွင့်တို့အပေါ်မှာ တည်နေသည်ဟု ယုံကြည်ပါတယ်ခင်ဗျား။

ထိုသို့ယုံကြည်သည့်အလျောက် လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် တန်းတူညီမျှခြင်းဆိုတဲ့ လောကပါလတရား(၃)ပါးအပေါ်တွင် ရပ်တည်၍ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရန် ကျွန်တော်တို့ပါတီက အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါတယ်ခင်ဗျား။

ကျွန်တော်တို့ပါတီဟာ တိုင်းရင်းသားပါတီများကို အခြေပြုထားသောပါတီဖြစ်သည်နှင့်အညီ တိုင်းရင်းသားအရေးကို အရေးအကြီးဆုံးကဏ္ဍအဖြစ် သတ်မှတ်ပါတယ်။ တိုင်းရင်းသား (လူနည်းစု) မျိုးနွယ်များ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးသည် ပါတီ၏အဓိကမူဝါဒ တစ်ရပ်ဖြစ်ပါတယ်။ ထို့အပြင် လူများစုတိုင်းရင်းသားများကလည်း ထိုအချက်ကို သတိမူမိရန်၊ အတူတကွ ဝိုင်းဝန်းစောင့်ရှောက်နိုင်ကြရန် လူမျိုးကြီးဝါဒနှင့် အစွန်းရောက်လူမျိုးရေးဝါဒနှစ်ရပ်ကို ရှောင်ကြဉ်ကြရန်လည်း ဆောင်ရွက်ကျင့်သုံးလျက်ရှိပါတယ်။

နိုင်ငံခြားရေးသည်လည်း ပါတီအတွက်အရေးကြီးပါသည်။ လက်ရှိကာလတွင် နယ်နိမိတ်ချင်းထိစပ်နေသော အင်အားကြီး(၂)နိုင်ငံနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအကျိုးအတွက် ရေရှည်ဆက်ဆံရေး ထူထောင်ရပါမယ်။

စီးပွားရေးကဏ္ဍမှာတော့ တောင်ပေါ်မြေပြန့်ထွက် သယံဇာတအပါအဝင် ထွက်ကုန်ပစ္စည်းစုံကို ဈေးကွက်တွင် ကုန်ချောအဖြစ်ဖြင့်သာ တင်ပို့နိုင်ရန် ဦးစားပေးဆောင်ရွက်ရပါမယ်။ ဒီအတွက် ခေတ်ပညာတတ်လူငယ်များကို အဆင့်မြင့် နည်းပညာများရရှိရေး ပြည်တွင်း၊ ပြည်ပသို့ စေလွှတ်ရယူစေပါမယ်။ မျှတသော ပြည်တွင်းဈေးကွက်ယှဉ်ပြိုင်မှုကိုလည်း ဖန်တီးပေးရပါမယ်။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများအားလုံး အဆင်ပြေစေရေး ရေရှည်ကြည့်၍ လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ၊ အခြေခံအဆောက်အဦများကို ဖန်တီးပေးရပါမယ်။

နိုင်ငံတော်၏ အဓိကလုပ်ငန်းဖြစ်ခဲ့တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာလည်း နိမ့်ကျနေမှု အားလုံးကို ဥပဒေနှင့်အညီ မြှင့်တင်ထိန်းကျောင်းပေးရပါမယ်။ စိုက်ပျိုးရေးနည်းစနစ်အတွက် အဆင့်မီနည်းပညာတက္ကသိုလ်များ၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ၊ ပြည်တွင်းတွင်ထုတ်လုပ်နိုင်ရေးအတွက် အဆင့်မီစက်ရုံများ ဖော်ဆောင်ပေးရပါမယ်။ လယ်ယာမြေအပါအဝင် မြေဟူသမျှကို မတရားသိမ်းပိုက်ခြင်းများ လုံးဝမရှိစေဘဲ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်မှုကို တရားဝင်ဖြစ်ရန် ဆောင်ရွက်ပေးရပါမယ်။

သစ်တောကဏ္ဍ၊ မွေးမြူရေးကဏ္ဍတို့တွင်လည်း တရားမဝင်ထုတ်လုပ်မှုများကို နှိမ်နင်းခြင်း၊ တစ်ပင်ခုတ် ဆယ်ပင်စိုက်စနစ်များ အသက်သွင်းပေးခြင်း၊ တစ်ပိုင်တစ်နိုင် စည်းကမ်းမဲ့မွေးမြူရေးစနစ်မှ စနစ်တကျစီးပွားဖြစ် မွေးမြူရေးစနစ်သို့ တွန်းတင်ခြင်း၊ သစ်နှင့် မွေးမြူရေးထွက်ကုန်ချောများသာ နိုင်ငံတကာသို့ တင်ပို့နိုင်ရေး ကူညီခြင်းများဖြင့် တောင်တန်းမြေပြန့်မခွဲဘဲ စီးပွားရေးအဆင်ပြေစေရပါမယ်။

နိမ့်ကျလျက်ရှိသော ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကိုလည်း အခြေခံမှစ၍ တစ်ထစ်ချင်းမြှင့်တင်ပါမည်။ အခြေခံလူတန်းစားတစ်ရပ်လုံးအား နေ့စဉ်ခြိမ်းခြောက်နေသော အစားအစာလုံခြုံမှုကို နိုင်ငံတော်မှ တာဝန်ယူနိုင်ရန် ကြိုးပမ်းပါမယ်။ မြို့နယ်တိုင်း မတတ်နိုင်သေးလျှင်ပင် တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများတိုင်းတွင် အစားအစာအား စစ်ဆေးပေးနိုင်မည့် အဆင့်မီဓာတ်ခွဲခန်းများကို မြန်နိုင်သမျှ အမြန်ဆုံး တည်ဆောက်ဖွင့်လှစ်ပေးရပါမည်။ တိကျစွာ စစ်ဆေး၍ ထိရောက်စွာ အရေးယူပေးရပါမည်။

ဒါမှ လူထုရဲ့ ကျန်းမာရေးဘဝကို မြှင့်တင်ပေးနိုင်ပါမည်။ ထိုမှတစ်ဆင့် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးပညာရှင်များ မွေးထုတ်ခြင်း၊ ပစ္စည်းပြည့်စုံသည့် ဆေးရုံများ တည်ဆောက်ခြင်းများ ဆောင်ရွက်ရပါမည်။

နိုင်ငံ့ဝန်ထမ်းများနှင့် အလုပ်သမားများကို ဤကျန်းမာရေး၊ ပညာရေးကဏ္ဍတွင် အခမဲ့ခံစားခွင့်ရရှိရေးကိုလည်း ဆောင်ရွက်ပေးရပါမည်။ ဝန်ထမ်းနှင့် မိသားစု (သတ်မှတ်ချက်ဖြင့်)ဟာ သက်ဆိုင်ရာ ကျန်းမာရေးဌာနတွင် အခမဲ့ဆေးကုသခွင့်၊ မိသားစုဝင်များသည် ပညာရေးဌာန၏ စာသင်ရာဌာနတိုင်းတွင် အခမဲ့ပညာသင်ကြားခွင့် ရရှိရပါမည်။ လိုအပ်၍ ပြည်ပတွင် ရယူရန် ရှိခဲ့ပါကလည်း နိုင်ငံတော်၏စရိတ်ဖြင့် ခံစားခွင့်ရရှိစေရပါမည်။ အငြိမ်းစားရယူမည့်ဝန်ထမ်းများအတွက် နောင်ရေး မပူပန်စေရန် ၎င်းအခြေချမည့်အရပ်တွင် ရာထူးနှင့် ကိုက်ညီသည့် နေအိမ်ကို ချီးမြှင့်ငွေအစား ပေးအပ်ချီးမြှင့်ပါမည်။ အငြိမ်းစားမယူမီကာလတွင်လည်း ဝန်ထမ်း၊ အလုပ်သမားများ၏ စားဝတ်နေရေးအတွက် လစာအပြင် ရိက္ခာများ၊ ဝတ်စုံများ၊ ဝန်ထမ်းအိမ်ရာများဖြင့် ထောက်ပံ့ပေးပါမည်။ အဘက်ဘက်မှ လိုလေသေးမရှိ ဖြည့်ဆည်းထားပေးသည့်ကြားမှ အဂတိလိုက်စားမှုများ ပေါ်ပေါက်ခဲ့ပါက မထင်မှတ်နိုင်အောင် ပြင်းထန်သည့် အရေးယူမှုမျိုးဖြင့် ပြစ်ဒဏ်ချမှတ်ရပါမည်။

နိုင်ငံ၏ဝန်ထမ်း၊ အရာထမ်းနှင့် အလုပ်သမားကဏ္ဍများတွင် အရည်အချင်းတူများကို အခွင့်အရေးပေးပါက အမျိုးသမီးနှင့် လူငယ်များကို ဦးစားပေးအဆင့်ထားပါမည်။ ကျား/မ၊ လူကြီး/လူငယ်မရွေး အရည်အချင်းသာသူကို ဦးစားပေးခံစားစေရမည့် ယဉ်ကျေးမှုတစ်ရပ်ကို ထူထောင်ပါမည်။

ဤဖက်ဒရယ် ပြည်ထောင်စုပါတီ FUP သည် ပြည်နယ်-ပြည်မ၊ တောင်တန်း-မြေပြန့်မခွဲခြားဘဲ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ညီနောင်တိုင်းရင်းသားအားလုံး၏ တန်းတူညီမျှရေးကို အခြေခံ၍ အရာအားလုံးကို ချဉ်းကပ်ပါသည်။ သို့မှသာ တိုင်းရင်းသားအားလုံး အပြန်အလှန် ယုံကြည်လေးစားမှု၊ စည်းလုံးမှုတို့ဖြင့် ငြိမ်းချမ်းမှုကိုရရှိပါမည်။ ထိုသို့ ငြိမ်းချမ်းမှသာ နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို အာမခံနိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတည်ဆောက်ဖြစ်ပေါ်လာနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ တောင်တန်းမြေပြန့်မခွဲခြားဘဲ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ လောကပါလတရားပေါ်တွင် အခြေခံ၍ တစ်ဦးတစ်ဖွဲ့ချင်း၏ လွတ်လပ်မှုနှင့် အခွင့်အရေးကို အလေးထားပြီး လူနည်းစုကို အခြေပြုသော ပြည်သူအားလုံးအတွက် တရားမျှတမှု၊ ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပေးမည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အဓိကမောင်းတံဖြစ်လာမည့် ဖက်ဒရယ်ပြည်ထောင်စုပါတီ FUPကို မဲပေးကြဖို့ တောင်းဆိုမေတ္တာရပ်ခံအပ်ပါတယ်..ခင်ဗျား။

တောင်ပေါ်မြေပြန့်မှ ညီနောင်သားချင်းများအားလုံး ကပ်ကြီး(၃)ပါး၊ ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးကြပါစေကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်လာသော နိုင်ငံရေးရွေးကောက်ပွဲတွင် နိုင်ငံရေးစစ်စစ်ကိုသာ ရွေးချယ်နိုင်ကြပါစေကြောင်း၊ ကိုယ်စားလှယ်အရွေးမှန်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ခင်ဗျား။

## ဖက်ဒရယ် ပြည်ထောင်စုပါတီ

**၁။ တိုးတက်မယ့် ဒို့ရှေ့လမ်းအတွက်.....ဦးဆောင်နိုင်ဖို့**
**မျှတတဲ့ လူ့အခွင့်အရေးနဲ့.....ရပ်တည်နိုင်ဖို့**
**ငြိမ်းချမ်းရေးပန်းပွင့်များနဲ့.....အလှဆင်နိုင်ဖို့**
**ဖက်ဒရယ်ပြည်ထောင်စုပါတီ....လာပြီ။**
**၂။ တိုင်းရင်းသားစည်းလုံးမှုနဲ့.....ချစ်ခင်နိုင်ဖို့**
**လွတ်လပ်တဲ့စနစ်သစ်များနဲ့.....မညှိုးနိုင်စေဖို့**
**မျှတတဲ့ ဒို့အခွင့်အလမ်းတွေ.....တန်းတူညီဖို့**
**ဖက်ဒရယ်ပြည်ထောင်စုပါတီ.....လာပြီ။**
**CHO: အနီရောင်ဆိုတာ ရဲရင့်ခြင်းနဲ့ ပြတ်သားတဲ့ အရောင်အဆင်း**
**အဖြူရောင်ဆိုတာ ရိုးသားခြင်းနဲ့ သစ္စာရှိခြင်း၊**
**အဖြူရောင်ကြယ်စင် သုံးပွင့်အဓိပ္ပာယ်**
**လွတ်လပ်ခြင်း**
**တရားမျှတခြင်း**
**တန်းတူညီမျှခြင်း.....တို့ဖြစ်ဖို့**
**ဖက်ဒရယ်ပြည်ထောင်စုပါတီ**
**ဒီမိုကရေစီလမ်းနဲ့ ထပ်တူညီ.....ပြည်သူတွေကို လမ်းပြပေးမယ့်**
**အက်ဖ်ယူပီပါတီ**
**အင်အားသစ်ခရီး/အိပ်မက်အသစ် အတွက် အမှန်မဲပေးကြမည်**

**Solo**

**၁.....၂.....CHO:**

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်း ခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

# ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃

**ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးမြင့်ခိုင် (ခ) စူကျားခိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် –**

**(က) ပါတီ၏ မူဝါဒများ။**

၁။ ပြည်ထောင်စုထာဝရတည်တံ့ခိုင်မြဲရေးကို ဦးတည်ပါသည်။

၂။ တိုင်းရင်းသားလူမျိုးစုများအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး အစဉ်အမြဲ အပြန်အလှန်လေးစားကြပြီး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် အတူတကွ နေထိုင်သွားအောင် ဦးတည်ပါသည်။

၃။ အချုပ်အခြာအာဏာသည် တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူလူထု တစ်ရပ်လုံးထံ အမြဲတည်ရှိ၍ ၎င်းတို့ကသာ အချုပ်အခြာအာဏာသုံးရပ်တို့၏ ပိုင်ရှင်အစစ်ဖြစ်သည်။

၄။ လူထုကိုအခြေပြုသော ပါတီစုံဒီမိုကရေစီစနစ် အမှန်ပေါ်ထွန်းလာရေးနှင့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသမ္မတနိုင်ငံတော် တည်ဆောက်ရေး စသည်တို့ကို ဦးတည်ရည်ရွယ်သည်။

၅။ တိုင်းရင်းသားလူမျိုးစုများအားလုံးနှင့်တကွ ပြည်သူလူထုတစ်ရပ်လုံးတို့အတွက် “တန်းတူညီမျှမှု (EQUALITY)၊ တရားမျှတမှု (JUSTICE)၊ လွတ်လပ်မှု (FREEDOM)၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ” အမှန်တကယ်ရရှိခံစားလာနိုင်အောင် ကျွန်ုပ်တို့ပါတီက ဦးတည်ရည်ရွယ်သည်။

၆။ ကျွန်ုပ်တို့ပါတီသည် “ပြည်သူလူထုအတွက် (FOR THE PEOPLE)၊ ပြည်သူလူထုထံမှ (FROM THE PEOPLE)၊ ပြည်သူလူထုထံသို့ (TO THE PEOPLE) နှင့် ပြည်သူ့အကျိုးရှေးရှုလုပ်ဆောင်မည်”စသည်တို့ကို ဦးထိပ်ထားသော ပါတီဖြစ်ပါသည်။

၇။ မည်သူ မည်သည့်အဖွဲ့အစည်းမဆို တရားဥပဒေ၏အထက်၌ မရှိစေရ၊ လူတိုင်းသည်တရားဥပဒေ၏ရှေ့တွင် တန်းတူမှုရှိရမည်။ လူတိုင်းသည် တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုရှိစေပြီး တရားဥပဒေကို ရိုသေလေးစား လိုက်နာဆောင်ရွက်ရမည်။

၈။ နိုင်ငံသူနိုင်ငံသားတိုင်းသည် ဘာသာရေးကို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိရမည်။ လူမျိုး၊ ဘာသာ အသားအရောင်မတူသူများအပေါ် မုန်းတီးခွဲခြားဆက်ဆံခြင်း မပြုလုပ်ရ၊ ကျား/မ တန်းတူရေးနှင့်တစ်လင်တစ်မယားစနစ်ကိုလည်း ထွန်းကားရန်ဦးတည်ပါသည်။

၉။ တောင်သူလယ်သမားနှင့်ပတ်သက်ရင် “လယ်လုပ်သူတိုင်း လယ်ပိုင်ရှိရမည်၊ ယာလုပ်သူတိုင်း ယာပိုင်ရှိရမည်” ဆိုသည့်ဆောင်ပုဒ်အတိုင်း လယ်ယာခြံမြေများကို လက်ဝါးကြီးအုပ်သည့်စနစ် ပပျောက်သွားအောင် ဦးတည်ဆောင်ရွက်နိုင်မှသာ ယနေ့မိမိတို့၏ လယ်ယာခြံမြေဆုံးရှုံး၍ မတတ်နိုင်သည့်နောက်ဆုံး နိုင်ငံခြားများသို့ သန်းပေါင်းများစွာ သွားရောက် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ဆင်းရဲဒုက္ခများကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

၁၀။ ၂၀၀၈ – ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေးထားခဲ့သော “ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း” တို့တွင် စစ်မှန်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် (SELF–ADMINISTRATION RIGHT) နှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် (SELF–DETERMINATION RIGHT) တို့ကို လက်တွေ့အမှန်ရရှိလာအောင် အကောင်အထည်ဖော်ပေးကြပါရန် ဦးတည်လိုလားနေပါသည်။

၁၁။ ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် “ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပေါင်းသင်းနေထိုင်ရေး” ဆိုသည့်မူကိုလည်း ဦးတည်နေပါသည်။

၁၂။ မူးယစ်ဆေးဝါးမှန်သမျှ တိုက်ဖျက်ရေးကိုလည်း အမြဲဦးတည်ပါသည်။

**(ခ) ပါတီ၏လုပ်ငန်းစဉ်များ**

၁။ “သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ” ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ကမ္ဘာ့အစိုးရများ INGO နှင့် NGO အဖွဲ့အစည်းများမှ အကူအညီရယူနိုင်ပါက ရယူလျက် “သာယာလှပသောကမ္ဘာမြေကြီးကို မပျက်စီးရအောင်” ကျွန်ုပ်တို့ပါတီက မိမိတို့တတ်နိုင်သလောက် စဉ်ဆက်မပြတ် ကြိုးစားလုပ်ကိုင်သွားမည်။

၂။ ပြည်ထောင်စုအတွင်းရှိ သမိုင်းဝင်ပစ္စည်းများ၊ အဆောက်အဦများ၊ စေတီဘုရားကျောင်းကန်များ၊ တောရိုင်းကျေးငှက်သတ္တဝါများ၊ သစ်တောများ ပျက်စီးပျောက်ကွယ်မသွားအောင် ကျွန်ုပ်တို့ ပါတီဝင်များက တတ်နိုင်သလောက် ကာကွယ်စောင့်ရှောက်နေပါသည်။ အထူးသဖြင့် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုရားကျောင်းများနှင့် ဒုတိယကမ္ဘာစစ်အတွင်း ယနေ့ ပြည်ထောင်စု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ကျွန်ုပ်တို့ ကိုးကန့်ဒေသတွင် အသက်ပေါင်း (၂၀၀) ခန့် ပေးဆပ်ခဲ့ပြီး ဖက်ဆစ်ဂျပန်ကို တိုက်ခိုက်ကျဆုံးခဲ့သည့် ကိုးကန့်တိုင်းရင်းသား စစ်သည်တော်များအား ရည်စူး၍ ယနေ့ “တာရွှေထန် ဈေးအထက်” မားမားမတ်မတ် ရပ်တည်လျက်ရှိသည့် “အမှတ်တရကျောက်တိုင်” ကို ပျက်စီးပျောက်ကွယ်မသွားအောင် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကိုယူပြီး ပြုပြင်ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။

၃။ ကိုးကန့်ဒေသအပါအဝင် ပြည်ထောင်စုတစ်ခုလုံး၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်လျက် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ရယူကာ ယနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော “ONE BELT ONE ROAD ၊ ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု” ကမ္ဘာ့စီးပွားဖွံ့ဖြိုးမှု စီမံကိန်းကြီးမှ ပြည်ထောင်စုတစ်ခုလုံးအတွက် အပြုသဘောဆောင်သော၊ ကိုယ့်ဘက်သူ့ဘက် အကျိုးစီးပွားရှိနိုင်သောလုပ်ငန်းများ ဖြစ်ထွန်းလာနိုင်အောင် ကျွန်ုပ်တို့ပါတီမှ ဥပဒေဘောင်အတွင်းမှ တတ်စွမ်းသလောက် ကြိုးစားဆောင်ရွက်နေပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်ကာ အေးချမ်းသာယာပြီး နိုင်ငံသူ နိုင်ငံသားအပေါင်းတို့ စိတ်ချမ်းသာကိုယ်ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သပြီး နိဂုံးချုပ်တင်ပြအပ်ပါသည်။

---

## ကျောက်မဲ၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေးအထူးရဲ သင်တန်းဖွင့်

**ကျောက်မဲ အောက်တိုဘာ ၃**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေးအထူးရဲ သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် မြို့ကျက်သရေဆောင်ခန်းမ၌ ယမန်နေ့က ကျင်းပရာ သင်တန်းသား ၄၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထက်စံက အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးခွင့်ရရှိစေရန်၊ လူ့အခွင့်အရေးဘာသာရပ်၊ ရဲကျင့်ဝတ်ဘာသာရပ်၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်တတ်စေရန်ရည်ရွယ်ပြီး အထူးရဲသင်တန်းဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အထူးရဲသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ ရက်သတ္တ လေးပတ်ကြာ စာတွေ့ လက်တွေ့များ သင်ကြားပေးမည်ဖြစ်သည်။

ကျောက်မဲမြို့နယ်အတွင်းတွင် လျာထားမဲရုံ ၁၁၁ ရုံရှိပြီး မဲရုံတစ်ရုံလျှင် အထူးရဲတစ်ဦးနှုန်းဖြင့် မဲရုံ ၁၁၁ ရုံအတွက် အထူးရဲတပ်ဖွဲ့ဝင် ၁၁၁ ဦးတို့ကို ကျောက်မဲမြို့နယ်အတွင်းရှိ မြို့မရဲစခန်း၊ မိုင်းငေါ့မြို့၊ မိုင်းလုံမြို့၊ ပုံဝိုးကျေးရွာအုပ်စု နောင်ပိန်ကျေးရွာအုပ်စုရှိ နယ်မြေရဲစခန်း ငါးခုတို့တွင် သက်ဆိုင်ရာနယ်မြေအလိုက်ခွဲ၍ သင်တန်းဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မိုင်းထွန်း**

**(ပြန်/ဆက်)**

---

## မိုးမောက်မြို့နယ်၌ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် လုံခြုံရေးဆောင်ရွက်မည့် အထူးရဲသင်တန်း ဖွင့်ပွဲကျင်းပ

**မိုးမောက် အောက်တိုဘာ ၃**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် လုံခြုံရေးဆောင်ရွက်မည့် အထူးရဲသင်တန်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အမှာစကားပြောကြားရာ အရပ်သားမှ အထူးရဲတပ်ဖွဲ့ဝင်ဆောင်ရွက်မည့်အခါစည်းကမ်း၊ စည်းလုံးညီညွတ်မှု၊ တစ်ဦးနှင့်တစ်ဦး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တတ်မှုတို့သည် အရေးကြီးသော လိုက်နာရမည့် အကြောင်းအရာများဖြစ်ကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သင်တန်းကာလတွင် နေထိုင်ကြရန်တို့ကို ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးဝဏ္ဏစိုးအောင်ကလည်း နိုဝင်ဘာလ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံတစ်ဝန်းလုံး တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည် ဖြစ်သောကြောင့် ရွေးကောက်ပွဲလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ လက်ရှိအင်အားဖြင့် လုံလောက်မှုမရှိသည့်အတွက် အထူးရဲများကို ခန့်အပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် ယခုသင်တန်းတွင် အထူးရဲတပ်ဖွဲ့ဝင်များ သိရှိလိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အခြားသိမှတ်ဖွယ်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် ကြေညာစာတမ်းများ စသည့်သိမှတ်ဖွယ်ရာများကို ထုတ်နုတ်သင်ကြားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မိုးမောက်၊ လွယ်ဂျယ်၊ ဒွေ့ဖုန်းယန်မြို့များမှ အထူးရဲတာဝန်ဆောင်ရွက်မည့် သင်တန်းသား ၄၅ ဦး တက်ရောက်မည်ဖြစ်ကြောင်းနှင့် သင်တန်းနည်းပြအဖြစ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်ဝင်းနှင့် အဖွဲ့က ဆောင်ရွက်မည်ဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ အ.ထ.က ပညာရတနာခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**လွန်းနန်းထွေး**

**(ပြန်/ဆက်)**

---

## ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကြေညာပေးထား

**လေးမျက်နှာ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ်အဖြစ် ကပ်ထားကြေညာခြင်းကို ယမန်နေ့မှ စတင်၍ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားကြေညာပေးထားကြောင်း သိရသည်။

### ကပ်ထားကြေညာပေးမည်

ထိုသို့ ကပ်ထားကြေညာခြင်းသည် ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်ဖြစ်ပြီး အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာ ပေးထားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲစာရင်းတွင် မိမိအမည် မပါဝင်ပါက ပုံစံ – ၃ ဖြင့် အမည်ထည့်သွင်းရန် တောင်းဆိုခြင်း၊ အခြားဒေသမှ လာရောက်နေထိုင်သူများဖြစ်ပါက ပုံစံ – ၃ (က) ဖြင့် လျှောက်ထားခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်ပါက ပုံစံ – ၄ ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ –၄ (ဂ) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပြန်လည်စိစစ်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လေးမျက်နှာမြို့နယ်၌ မဲရုံပေါင်း ၁၈၈ ရုံ သတ်မှတ်ထားရှိပြီး မဲဆန္ဒရှင်ဦးရေ ၈၂၅၈၁ ဦးရှိကြောင်း သိရသည်။

**ဝေဝေ**

**(လေးမျက်နှာ)**

---

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .**

## ကိုဗစ်-၁၉ ရောဂါကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် မန္တလေးမြို့မှ စေတနာ့ဝန်ထမ်းဆရာဝန်များနှင့် သူနာပြုများ ရန်ကုန်မြို့သို့ ထွက်ခွာ



**မန္တလေး အောက်တိုဘာ ၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအား ပူးပေါင်းပါဝင်ကူညီနိုင်ရန် မြန်မာနိုင်ငံ ပုဂ္ဂလိက ဆေးရုံများအသင်းကိုယ်စားပြု၍ ရန်ကုန်မြို့ရှိ ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများတွင် သွားရောက်တာဝန်ထမ်းဆောင်မည့် အထက်မြန်မာပြည် ဆေးရုံကြီးခုနစ်ရုံမှ ဆရာဝန်/သူနာပြု ၄၉ ဦးတို့ ယမန်နေ့က မန္တလေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ဆရာဝန်များနှင့် သူနာပြုများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ တာဝန်ရှိသူများက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းရှိ မြို့တော်ဆေးရုံတွင် တွေ့ဆုံပြီး ဂုဏ်ပြု အမှာစကားပြောကြားကြသည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းကိုယ်စားပြု၍ ရန်ကုန်မြို့ရှိ ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများတွင် တာဝန်ထမ်းဆောင်ရန် မန္တလေးမြို့ရှိ ဆေးရုံခုနစ်ရုံတို့မှ ကျန်းမာရေးဝန်ထမ်းများမှာ မြို့တော်ဆေးရုံမှ ဆရာဝန်/သူနာပြု ၁၅ ဦး၊ ငြိမ်းဆေးရုံမှ ဆရာဝန်/သူနာပြု ၁၀ ဦး၊ မန္တလာဆေးရုံမှ ဆရာဝန်/သူနာပြုရှစ်ဦး၊ ကံ့ကော်ဆေးရုံမှ ဆရာဝန်/သူနာပြုငါးဦး၊ ပန်းလှိုင်ဆေးရုံမှ ဆရာဝန်/သူနာပြုလေးဦး၊မြတ်တော်ဝင်ဆေးရုံမှ ဆရာဝန်/သူနာပြုလေးဦး၊ အာရောဂျံဆေးရုံမှ သူနာပြုတစ်ဦး၊ GRAND MANDALAY မှ ဆရာဝန်/သူနာပြုနှစ်ဦးတို့က စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီကာ ကိုဗစ် - ၁၉ ရောဂါကုသရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(မြန်/ဆက်)**

## လဟယ်မြို့နယ်အတွင်းရှိ တောင်တန်းသာသနာပြုကျောင်း လေးကျောင်းတည်ဆောက်ရန် ထောက်ပံ့

**လဟယ် အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်း လေးကျောင်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ထောက်ပံ့ရန်ပုံငွေဖြင့် ဘုန်းတော်ကြီးကျောင်း တည်ဆောက်ရန် တစ်ကျောင်းလျှင် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှုန်း လေးကျောင်းအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်းငွေကျပ် သိန်း ၄၀၀ ကို ယမန်နေ့က လဟယ်မြို့ တောင်တန်းသာသနာပြု ဗဟိုကျောင်းတော်၌ ထောက်ပံ့ပေးသည်။

အဆိုပါထောက်ပံ့ငွေသည် နာဂဒေသလဟယ်မြို့နယ်အတွင်းရှိ တောင်တန်း သာသနာပြုကျောင်းများဖြစ်သော လွန်းထောင်းကျေးရွာ၊ ယွန်တိုင်းကျေးရွာ၊ မွန်တုံးညိုကျေးရွာနှင့် ဆော်လော်နောက်ကုန်းကျေးရွာတို့တွင် တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်းဆောက်လုပ်နိုင်ရန် တစ်ကျောင်းလျှင် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ထောက်ပံ့ခဲ့ခြင်းဖြစ်ပြီး အဆိုပါထောက်ပံ့ လှူဒါန်းငွေကို ခေတ္တနာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး (လဟယ်)မှ ဒုတိယညွှန်ကြားရေးမှူးဦးရဲမင်းနှင့် မြို့နယ်သာသနာရေးဦးစီးမှူး ဦးလှဝင်းတို့က လဟယ်မြို့နယ် တောင်တန်းသာသနာပြုဗဟိုဆရာတော် ဘဒ္ဒန္တသုမနထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ရှားဆက်(မြန်/ဆက်)**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန


## မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၁၀ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၆၅ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၆ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၁ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၇ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၁ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၂ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၄ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၂ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၉၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၃ . ၉၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၃၃၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)


**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၀၀၀ | ၃၇၆၁ | ၃၇၆၃၈၅၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၄၀၂၉ | ၁၄၈၇၀၅၅၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၀၀၀ | ၂၂၀၀၀ | ၂၁၈၄ | ၄၇၅၁၆၅၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၁၆၇ | ၄၅၁၂၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၅၁ | ၁၅၈၁၀၀ |


ခင်ရတနာ - စုစည်းသည်



HTOO
ဖိုးလုံး...ဘာလုပ်နေတာလဲကွ
ဖေ့ဘွတ်ကြည့်နေတာ ဦးတင့်ရဲ့
ဈေးကောက်ပွဲကလည်း နီးလာပြီနော်...
အေးကွ...ဒီအချိန် ဒီကာလ ရောက်ပြီဆိုမှဖြင့်...
ဖေ့ဘွတ်ပေါ်မှာမလိုလားအပ်တဲ့ အမုန်းစကား ဖန်တီးမှုတွေ..အခြေအမြစ်မရှိ ကောလာဟလသတင်းထုတ်လွှင့်မှုတွေကို လက်လွှတ်စပယ် မယုံစားသင့်ဘူး
အမှားအမှန် ဝေဖန်ပိုင်းခြားတတ်ဖို့တော့လိုတာပေါ့ ဖိုးလုံးရေ..
ဘယ်သူဘယ်ဝါကို မဲပေးပါလို့ ငါအတင်းနဲ့မတိုက်တွန်းဘူးနော်.. ဒါပေမယ့် မဲရုံကိုသွားပြီးမဲပေးဖြစ်အောင် ပေးဖို့ကိုတော့တိုက်တွန်းချင်တယ်ဟေ့..
'နိုင်ငံသားတိုင်း အခွင့်အရေး ပြည့်စုံ တာဝန်ကျေပြီ မဲပေး' ဆိုသလို အခွင့်အရေးကိုလက်လွှတ်ဆုံးရှုံးမခံသင့်ဘူး
ဒီမိုကရေစီ ဖွံ့ဖြိုးဖို့ မဲပေးကြပါစို့
စိတ်ချ..တစ်မိသားစုလုံး မဲပေးဖြစ်အောင် ပေးဦးမှာ...


မေမေခေါင်းကိုက်နေလို့ အိပ်ရာထဲကနေ မထနိုင်ဘူးသားရဲ့...
ဒီနေ့တော့ ဖေဖေ မီးဖိုချောင်ဝင်ရတော့မယ်...
ကဲ...ငါ့သားကဘာဟင်းတွေ စားချင်သလဲ ပြောပါဦးကွ...
သားလား...အင်း...ဟိုလေ...အခေါက်ကင်ရယ်...
ပြီးတော့...ချိချဥ်ကြော်ရယ်၊ ဘီစတိတ်ရယ် စားမယ်ဖေဖေ...
ဖေဖေက အဲဒီလောက်တော့ မချက်တတ်ဘူးလေ...သားရဲ့
ဖေဖေချက်စရာမလိုပါဘူးဖေဖေရဲ့၊ သားအွန်လိုင်းကနေမှာထားပြီးမို့ ဖေဖေက ပိုက်ဆံရှင်းပေးလိုက်ရုံပဲ...


ကာတွန်း
အင်း..စတေးဟုမ်း ကာလမှာ ဒီလိုအိမ်နေ..နေလို့ဘာမှအဓိပ္ပာယ်ရှိမှာမဟုတ်ဘူး..တစ်ခုခု လုပ်မှပဲ..
နီကြောင်ကတော့ စာဖတ်တာ ဝါသနာပါတော့..စာအုပ်တွေပဲ ဖတ်ပြီးနေမှာ..
မိုးမိုးကလည်း..ပန်းချီဆွဲတာ ဝါသနာပါတော့ ပန်းချီတွေလေ့ကျင့်ပြီး ဆွဲနေမှာပဲ..
ဟီး...
အင်း..သူတို့လည်း သူတို့..အားသန်ရာ အလုပ်တွေကိုလုပ်ရင်း အချိန်တွေကို အကျိုးရှိရှိ..အသုံးချနေကြတာဆိုတော့...
ငါလည်း..ကိုယ်သန်ရာသန်ရာကိုလုပ်မှပဲ.. အဟင်း...
ကျွန်တော့်အားသန်တဲ့အရာကတော့..စားမယ်..ဝါးမယ် သောက်မယ်..ဟီး...
အရသာလည်းရှိတယ်..အနံ့လည်းရတယ်..ပြီးရင် တရေးအိပ်မယ်..အဲ့ဒါ ကျွန်တော့်သန်တဲ့ပိုင်းပါ..
ဟီး..


ချစ်ချစ်
ကာတွန်းအောင်ဗလ
အား ဘွတ် ဘွတ် ဘွတ်
ဘိုးဘိုး ဘာဖြစ်လို့လဲ ဟင်...
သွားဖုံးတွေ နာနေလို့ကွ... ဘွတ်..ဘွတ်
ဆေးတွေ မသောက်ဘူးလား ဘိုးဘိုး...
သောက် နေတာပဲ... ပျစ်ပျစ်
ဒါပေမယ့် မသက်သာဘူး နာတာပဲ...
ကျန်တဲ့အချိန် သိပ်မနာဘူးကွ... အစာစားပြီးချိန်ဆို အရမ်းနာတယ်
ဒါဆိုရင်များ ဘာအစားအစာမှ မစားဘဲ နေလိုက်လေ၊ ဘိုးဘိုးရဲ့..
နား


ပလာတူး
ကာတွန်း စမ်းချောင်းကိုကိုအောင်
အောင်မယ်ယ် အကြောင်ဆန်နေပါလား၊ ဦးလာပြီပေါ့၊
ဝါး.
ဟော- ကြွက်ချောက် နေပြီ၊
ချောင်.
ကြောင်ဆိုယ်ပေါ် ခုန်တက်သွားပြီ၊
ချလွမ်...
အဲမှာ- နွားနို့တွေ သောက်နေပါလား၊
ပလပ် ပလပ်
ဟဲ့- ပလာတူး၊ ကြောင် ဒီလောက်သောင်းကျန်းနေတာ၊ ဘာလုပ်နေလည်း၊
ကြောင်ကလေးရွှေဝါ စာစီစာကုံး ပြိုင်ပွဲမှာ ဝင်ပြိုင်မလို့
ကြောင်တွေစရိုက်ကို လေ့လာနေတာမေမေ..၊
ပြီး၊



## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကလေးတွေသင်ယူဖို့အကောင်းဆုံးတူရိယာတွေ

ကေ - ဂျူဝယ်လ်

**ကလေးလေးတို့ရေ တီဗွီဖန်သားပြင်ပေါ်မှာ ကလေးအချို့ တေးဂီတတူရိယာတွေကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်နေကြတာကို တွေ့ဖူးကြပါသလား။ ကလေးတို့ အခြေခံပညာကျောင်းသင်ခန်းစာတွေထဲမှာလည်း ဂီတကို ဘာသာ ရပ်တစ်ခုအဖြစ် ထည့်ထားတယ်နော်။ ဘာကြောင့် ဂီတဘာသာရပ်တွေကို သင်ကြားပေးရတာလဲ ဆိုတာရော သိကြသလား။ ဂီတဆိုတာ လူတွေရဲ့ နှလုံးသားကို ပျော့ပျောင်းစေတယ်၊ ကလေးတို့အတွက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ အပြည့်ရှိလာစေတယ်၊ ကလေးတို့ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေ၊ အတွေးအခေါ်လေးတွေ ကောင်းမွန်စေပါတယ်။ ဒါကြောင့် ကလေးဘဝမှာကတည်းက ဂီတဘာသာရပ်ကို သင်ယူဖို့ လူကြီးတွေက အားပေးကြတာ ဖြစ်ပါတယ်။ ဂီတကို ချစ်မြတ်နိုးတဲ့အခါ ကြောက်ရွံ့စိတ်၊ အားငယ်စိတ်နဲ့ အထီးကျန်စိတ်တွေ၊ အကောင်းမမြင်တတ်တဲ့စိတ်တွေ ဖယ်ရှားပေးတာမို့ ဂီတဆိုတာ ကလေးတို့အတွက် လက်ဆောင်တစ်ခုလည်း ဖြစ်တာပေါ့။**

မမတို့နိုင်ငံမှာတော့ မြန်မာ့တူရိယာတစ်မျိုးဖြစ်တဲ့ စည်းနဲ့ဝါးကို ကလေးဘဝမှာ သင်ကြားခဲ့ရသလို မြန်မာ့စောင်းနဲ့ ပတ္တလားတို့၊ ပလွေတို့ကိုလည်း ကလေးငယ်ဘဝကတည်းက တီးခတ်တတ်အောင် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေကျင်းပပြီး ဂီတပညာရှင် မျိုးဆက်သစ်ကလေးတွေ မွေးထုတ်ပေးနေခဲ့ပါတယ်။

ကလေးတို့က တေးဂီတတူရိယာတွေကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုတတ်လာတဲ့အခါ သိပ်ကိုနားထောင်လို့ကောင်းတဲ့ ဂီတသံလေးတွေ ဖန်တီးတတ်လာတာပေါ့။ ဒီတစ်ပတ်မှာ မမက ကလေးတို့ကို သင်ယူဖို့အကောင်းဆုံးနဲ့ ကလေးတွေနဲ့ အကိုက်ညီဆုံးဖြစ်တယ်လို့ ကမ္ဘာပေါ်က ဂီတကျောင်းတွေက အသိအမှတ်ပြုထားတဲ့ တူရိယာအမျိုးအစားတွေနဲ့ မိတ်ဆက်ပေးချင်တာပါ။ အဲဒီထဲမှာမှ မမတို့နိုင်ငံနဲ့ကိုက်ညီမယ့် တူရိယာအမျိုးအစားတွေကို ရွေးချယ်ပြီး ပြောပြပေးမယ်နော်။

### ဂီတာ

ယောကျ်ားဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် တီးခတ်နိုင်ပြီး အသက်ကြီးတဲ့အထိ ကလေးတို့အနားမှာ ဆောင်ထားသင့်တဲ့အရာလေးကတော့ ဂီတာလေး တစ်လက်ပဲ ဖြစ်ပါတယ်။ ပျော်ရွှင်စရာမွေးနေ့ပွဲတွေအတွက် ဂီတာလေးတီးပြီး မွေးနေ့ဆုတောင်းသီဆိုပေးနိုင်သလို၊ စိတ်ညစ်နေတဲ့သူငယ်ချင်းကိုလည်း ဂီတာလေးက ထွက်လာတဲ့ သံစဉ်လေးတွေနဲ့ ပျော်အောင်ဖန်တီးပေးနိုင်ပါတယ်။ ကလေးတို့ရဲ့ မေမေ၊ ဖေဖေတို့နဲ့အတူတူ ဘဝမှာမမေ့နိုင်တဲ့ နေ့ရက်တွေကို သီချင်းတွေအတူတူ သီဆိုရင်း ဖြတ်သန်းနိုင်တာကြောင့် ကမ္ဘာပေါ်က ကလေးအတော်များများက ဂီတာတီးသင်လိုကြပါသတဲ့။ ထူးခြားချက်က အခြားတူရိယာတွေထက် ဂီတာတီးတဲ့ပညာရပ်က ပိုပြီးသင်ရလွယ်ကူသလို ခန္ဓာကိုယ်လှုပ်ရှားမှုလည်း သိပ်မပါတဲ့အတွက် အားစိုက်ထုတ်စရာလည်း မလိုပါဘူးတဲ့။ ကဲ ကလေးတို့ရော ဂီတာတီးသင်ချင်နေပြီမဟုတ်လား။




### စန္ဒရား

စန္ဒရားကိုလည်း လက်ချောင်းကလေးတွေ ကောင်းကောင်းရွေ့လျားနိုင်ပြီဆိုတာနဲ့ ကလေးဘဝကတည်းက တီးခတ်တတ်အောင် လေ့ကျင့်သင်ကြားလို့ ရပါတယ်။ စန္ဒရားတီးခတ်ခြင်းက ရာစုနှစ်နဲ့ချီပြီး လူကြိုက်များတဲ့



ဂီတဖြစ်ပေမယ့် သင်ရတာကတော့ သိပ်ပြီးမလွယ်ပါဘူး။ ကလေးတို့ သိပ်မကျွမ်းကျင်ခင်အထိတော့ အနားမှာ အမြဲလေ့ကျင့်ပေးနေရမယ့် ကျွမ်းကျင်တဲ့ စန္ဒရားဆရာတစ်ယောက်တော့ လိုအပ်တာပေါ့ကွယ်။ အခုနောက်ပိုင်းမှာ လေးလံတဲ့စန္ဒရားကြီးတွေအစား ကီးဘုတ်တွေက အစားထိုးဝင်လာပြီပေါ့။ ကီးဘုတ်မှာလည်း သံစဉ်တွေ ကောင်းကောင်းဖန်တီးလို့ရတဲ့အပြင် နောက်ခံဂီတ၊ အခြားတူရိယာဂီတသံမျိုးစုံ နည်းပညာနဲ့ ပေါင်းစပ်အသုံးပြုနိုင်တာမို့ ကလေးတွေက ကီးဘုတ်တီးသင်ကြပါတယ်။




### တယော

တယောဆိုတဲ့ တူရိယာကို ကလေးတို့ မြင်ဖူးကြသလား။ တယောက ကြိုးတပ်ထားတဲ့ တူရိယာဖြစ်ပြီး တယောကြိုးတွေကို ဘိုးတံကပိုးကြိုးနဲ့ ပွတ်တိုက်တဲ့အခါ တယောသံထွက်လာတာပေါ့။ ကလေးတို့ရဲ့ ပခုံးပေါ်မှာ တယောကိုတင်ပြီး လက်တစ်ဖက်က တယောကြိုးလေးတွေကို ထိန်းညှိရတယ်။ ကျန်တဲ့လက်တစ်ဖက်ကတော့ တယောတီးခတ်ဖို့အတွက် ဘိုးတံကိုကိုင်ပြီး တီးခတ်တဲ့အခါ ညင်သာပျော့ပျောင်းပြီး နားထောင်လို့ သိပ်ကောင်းတဲ့ တယောဂီတသံလေးတွေ ထွက်လာတာပေါ့။ တယောထိုးတဲ့ပညာကို သင်ယူရတာက အတော်အသင့်ခက်ခဲပေမယ့် တယောရဲ့ ထူးခြားတဲ့ဂီတသံက စိတ်လှုပ်ရှားမှုတွေ၊ စိတ်ခံစားမခိုင်မာမှုတွေကို ပြောင်းလဲပေးပြီး တည်ငြိမ်ရင့်ကျက်တဲ့ကလေးတွေဖြစ်လာဖို့အတွက် အကျိုးရှိစေတယ်လို့ ဂီတပညာရှင်တွေက ဆိုထားကြပါတယ်။

### ဘာဂျာ (ဟာမိုနီကာ) harmonica

တူရိယာတွေအနက်က ဈေးသက်သာပြီး ကလေးတွေအလွယ်တကူ တီးမှုတ်လို့ရတဲ့ တူရိယာလေးကတော့




ဟာမိုနီကာလို့ခေါ်တဲ့ ဘာဂျာလေးတွေပေါ့။ ဘာဂျာလေးတွေက သာယာတဲ့အသံလေးတွေထွက်ပြီး အခြားတူရိယာတွေနဲ့လည်း တွဲဖက်ပြီးသုံးကြပါတယ်။ ဘာဂျာလေးတွေက ကလေးတို့ပါးစပ်ထဲက မှုတ်ထုတ်လိုက်တဲ့ လေအားနဲ့ သာယာတဲ့အသံတွေကို ထွက်ပေါ်စေတာပါ။

### ဒရမ်

တီးဝိုင်းတွေမှာ မပါမဖြစ်တီးခတ်ကြတဲ့ ဒရမ်ကို ကလေးတို့ သိကြတယ်မဟုတ်လား။ အပေါ်ထိပ်မှာ အပြားဝိုင်းလေး ချိတ်ဆွဲထားပြီးအောက်မှာတော့ ဒရမ်



အဝိုင်းကြီးတွေကို တွဲစပ်ထားတာပေါ့။ ဒရမ်တီးသံဟာ သိပ်ကို နားထောင်ကောင်းပြီး စိတ်ကိုပျော်ရွှင်စေပါတယ်။ ဒရမ်ဆိုတာက သားရေပတ်ထားတဲ့ တူရိယာဖြစ်ပြီး မြန်မာလိုပြောရင်တော့ ဗုံအမျိုးအစားတစ်ခုပဲပေါ့။ ကလေးတို့ စားပွဲခုံတွေကို ခဲတံလေးတွေနဲ့ခေါက်တဲ့အခါ အသံလေးတွေထွက်ပေါ်လာတတ်တာ၊ မာကျောတဲ့အရာဝတ္ထုနှစ်ခုကို တီးခေါက်တာတွေကလည်း အသံတွေ ထွက်ပေါ်တတ်တာကလည်း ဒရမ်ရဲ့သဘောတရားပဲပေါ့ကွယ်။

### ပလွေ

ပလွေမှုတ်တာက တောရွာတွေမှာ အရင်က သိပ်ကိုခေတ်စားတာပေါ့။ အေးအေးလူလူနဲ့ ပလွေသံလေးကို နားထောင်ရတာ သိပ်ကိုသာယာတာပဲ။ ပလွေလေးတွေကို



မမတို့ဆီမှာတော့ ဝါးနဲ့ လုပ်ကြတယ်။ အခြားနိုင်ငံတွေမှာတော့ စတီး ဒါမှမဟုတ် ကြေးနဲ့လုပ်သတဲ့။ ပလွေချောင်းလေးမှာ သံစဉ်အမျိုးမျိုးထွက်အောင် အပေါက်ငယ်လေးတွေ ဖောက်ထားတယ်။ လေမှုတ်လိုက်တဲ့အခါ အသံပေါက်လေးတွေကို လက်တစ်ဖက်ကနေကစားရင်း သာယာအောင်တီးမှုတ်ရတာပါ။ အမှန်က ပလွေမှုတ်တာဟာ နည်းနည်းတော့ခက်ပါသတဲ့။ ဒါပေမယ့် လေမှုတ်တူရိယာတွေကို ကလေးတို့ သင်ယူမယ်ဆိုရင်တော့ ပလွေလေးက အခြေခံပါပဲတဲ့ကွယ်။

ကဲ - ဒီတစ်ပတ်မှာတော့ ကလေးတို့ကို ဗဟုသုတဖြစ်ဖွယ် ကလေးတို့သင်ယူရလွယ်တဲ့ တူရိယာလေးတွေအကြောင်းကို ပြောပြပေးတာဖြစ်ပြီး အချို့အရာတွေကတော့ မမတို့နိုင်ငံမှာ သိပ်ပြီးအသုံးမပြုကြတာတော့ ရှိပါတယ်။ ကလေးတို့အားလုံး ဂီတသံလေးတွေကို နားဆင်ရင်း စိတ်ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးတယ်နော်။

## လောကဝတ် (Etiquette)

# ကိုဗစ်ယဉ်ကျေးမှုလေးတွေ

မမမေ

ကိုဗစ်-၁၉ရောဂါက အခုထိလည်း ပြန့်ပွားနေတုန်းပဲနော်။ ရောဂါပိုးက လေထဲကနေတစ်ဆင့် ပြန့်ပွားပြီး အရာဝတ္ထုတွေအပေါ်မှာလည်း တွယ်ကပ်နေနိုင်တယ်။ ကလေးတို့ခန္ဓာကိုယ်ထဲကို အလွယ်တကူ ဝင်ရောက်နိုင်ပြီး အဝတ်အစားတွေမှာလည်း ကပ်နေနိုင်တာကြောင့် အတတ်နိုင်ဆုံး အပြင်မထွက်ကြပါနဲ့။ ဒီတစ်ပတ်မှာ မမက ကလေးတို့ကို ကိုဗစ်- ၁၉ ရောဂါဖြစ်နေတုန်းမှာ ကာကွယ်သင့်တဲ့အရာတွေထဲက အရေးအကြီးဆုံးဖြစ်တဲ့အရာတွေကို သတိမမေ့အောင် တစ်ခေါက်ထပ်ပြောပြချင်ပါတယ်။ လိုက်နာပြီးတော့ ကိုဗစ်ရောဂါပိုးတွေကို ကိုယ့်အတွက်ရော၊ သူများအတွက်ပါ ကာကွယ်တားဆီးပေးကြရအောင်နော်။

### စက္ကန့်၂၀ကြာ လက်ဆေး

လက်ကိုဆပ်ပြာနဲ့ ရေနဲ့ဆေးတဲ့အခါ ပြီးပြီးရောဆေးလို့မရပါဘူးနော်။ စက္ကန့် ၂၀ ကြာတဲ့အထိ လက်ဖဝါး၊ လက်ဖမိုး၊ လက်မနှစ်ဖက်ကြား၊ လက်ချောင်းတွေအကြားနဲ့ လက်ကောက်ဝတ်တွေကို သေသေချာချာ ပွတ်တိုက်ဆေးကြောရမှာကို လုံးဝမပျင်းရဘူးနော်။ လက်ချောင်းကလေးတွေပေါ်မှာ မတော်တဆ ကပ်နေနိုင်တဲ့ ရောဂါပိုးတွေကို ကာကွယ်ဖို့က စက္ကန့် ၂၀ကြာ လက်ဆေးခြင်းကနေပဲ ကာကွယ်နိုင်မှာမို့ပါကလေးတို့ရေ။

### လက်နှစ်ကမ်းအကွာ

တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေခြားနေထိုင်ဖို့အတွက် လူသားတွေကို ဆေးပညာရှင်တွေက အကြံပေးထားပါတယ်။ ကလေးတို့က နီးနီးကပ်ကပ်နေမိမယ်ဆိုရင် အလစ်ချောင်းနေတဲ့ ရောဂါပိုးက အားလုံးဆီကို ဝင်ရောက်သွားနိုင်တာမို့ သူငယ်ချင်းတွေနဲ့ဆိုရင် ကလေးတို့ လက်ကလေးအချင်းချင်း ဆန့်တန်းလိုက်ရင် လုံးဝမမီနိုင်မယ့် လက်နှစ်ကမ်း အကွာကသာ ပြောဆိုဆက်ဆံဆော့ကစားပါလို့ မမက သတိပေးပါရစေ။

### ချောင်းဆိုးနှာချေလျှင်ကာကွယ်

ဒါကလည်းကလေးတို့အားလုံး သိပြီးသားဖြစ်မှာပါ။ သိရုံနဲ့တော့လည်းမပြီးဘဲ ကိုယ်တိုင်လိုက်နာဖို့လည်း အရေးကြီးတာပေါ့ကလေးတို့ရေ။ ဒါကြောင့် နှာချေတဲ့အခါ၊ ချောင်းဆိုးတဲ့အခါတိုင်း လက်ကိုင်ပဝါ ဒါမှမဟုတ် တံတောင်နဲ့ဖုံးအုပ်ပြီး လုပ်ဆောင်ကြဖို့ လိုပါတယ်။ အမြဲအလေ့အကျင့်ရအောင် အိမ်မှာနေစဉ်ကတည်းက လိုက်နာကြပါနော်။




### အပြင်မသွားနဲ့

ဖြစ်နိုင်ရင်တော့ အပြင်ကိုလုံးဝမထွက်ဘဲ အိမ်ထဲမှာနေဖို့က အကောင်းဆုံးရောဂါကာကွယ်နည်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် မဖြစ်မနေ အပြင်ထွက်ကြရမယ်ဆိုရင် ပါးစပ်၊ နှာခေါင်းစည်း မက်စ်ကို တပ်ထားကြပါ။ ဒါမှမဟုတ်ရင် မျက်နှာအကာအကွယ်ကို ဖုံးအုပ်ပြီး လူထူထပ်တဲ့နေရာတွေကိုတော့ လုံးဝရှောင်ကြဉ်ဖို့လိုပါတယ်နော်။ ကလေးတို့အားလုံးပျော်ရွှင်စွာနဲ့နေထိုင်ပြီး ရောဂါကြီးကို တွန်းလှန်တိုက်ဖျက်နိုင်သူတွေ ဖြစ်ပါစေလို့ မမက ဆုတောင်းပေးလိုက်ပါတယ်။

## တပ်ကုန်းမြို့၌ ကုန်တင်ယာဉ်မောင်းသူများနှင့် ယာဉ်နောက်လိုက်များအား နှာခေါင်းနှင့် အာခေါင်တို့ဖတ်ယူ၍ ကိုဗစ်-၁၉ စစ်ဆေးမှုပြုလုပ်

**တပ်ကုန်း အောက်တိုဘာ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းသို့ ဖြတ်သန်းဝင်ရောက်ရန် ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် ရောက်ရှိစောင့်ဆိုင်းနေသည့် ကုန်တင်ယာဉ်များမှ ယာဉ်မောင်းသူများနှင့် ယာဉ်နောက်လိုက်များအား နှာခေါင်းနှင့် အာခေါင်တို့ဖတ် ယူ၍ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်ကြီးကြပ်၍ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး အောက်တိုဘာ ၂ ရက်က တပ်ကုန်းမြို့အဝင်ရှိ ညောင်လွန့်ကျေးလက်ကျန်းမာရေးဌာန ဆေးခန်းဝင်းအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးမှုကို အောက်တိုဘာ ၂ ရက် မွန်းတည့် ၁၂ နာရီမှ ည ၁၀ နာရီခွဲအထိ ပြုလုပ်ခဲ့ရာ ကုန်တင်ယာဉ် ၃၀၀ ကျော်မှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၆၇၀ အနက် ကိုဗစ်-၁၉ ပိုးတွေ့ အတည်ပြုလူနာ ခုနစ်ဦးအား တွေ့ရှိခဲ့ရသဖြင့် ၎င်းတို့အား နေပြည်တော် ခုတင် (၃၀၀)ဆေးရုံသို့လည်းကောင်း၊ ယင်းအတည်ပြုလူနာများနှင့် ထိတွေ့မိသူ ခြောက်ဦးအား ဇေယျာသီရိ ခုတင် (၅၀)ဆေးရုံသို့လည်းကောင်း လူနာတင်ယာဉ် သုံးစီးဖြင့် စနစ်တကျ ပို့ဆောင်၍ စောင့်ကြပ်ကြည့်ရှု ကုသပေးလျက်ရှိကြောင်းနှင့် စစ်ဆေးချက်အရ ပိုးမတွေ့ရှိသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ၎င်းတို့၏ ယာဉ်များနှင့်အတူ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထွက်ခွာခွင့်ပြုခဲ့ကြောင်း တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်း၏ ပြောကြားချက်အရ သိရသည်။

**တင်စိုးလွင်**



ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ စစ်ဆေးမှုများ ဆောင်ရွက်ပေးနေစဉ်။

## မိုင်းယောင်းမြို့နယ်မှ တောင်ပေါ်ရွာများ၌ ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေး

**မိုင်းယောင်း အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်း တောင်ပေါ်ဒေသ တိုင်းရင်းသားကျေးရွာများဖြစ်သော ပါဟုတ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ ဆပ်ပြာခဲများ ထောက်ပံ့ပေးအပ်ခြင်း၊ နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း စသည်တို့ကို မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့က အောက်တိုဘာ ၁ ရက်တွင် သွားရောက်ဆောင်ရွက်ခဲ့သည်။

မိုင်းယောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဝင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ စေတနာ့ဝန်ထမ်းများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဖေ့စ်ဘုတ်စာမျက်နှာမှ ကောက်နုတ်ချက်ဖြစ်သော "ခံနိုင်ရည် မွေးရမှာပါ"၊ "နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ"၊ "သင့်မိသားစုကျန်းမာရေး စနစ်တကျလက်ဆေးပေး"၊ "ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ဆေးခြင်းဖြင့် ကာကွယ်ပါ"၊ "ကိုဗစ်-၁၉ ကာကွယ်ဖို့ မောင်တို့မယ်တို့ လိုက်နာစို့"၊ "ရောဂါဖြစ်ပွားသောဒေသမှ ပြန်လာသူများ၏ အတူနေ မိသားစုဝင်များ လိုက်နာရန်"၊ ပါးစပ်နှင့် နှာခေါင်းစည်းကို အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ" စသည်တို့ကို ပိုစတာများနှင့်တကွ အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ခွဲမှူး ဦးစိုးမြတ်ဟိန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက ကျေးရွာများအတွင်းရှိ လူအသွားအလာများသော နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ပိုစတာများ ကပ်ခြင်းနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ တိုက်တွန်းဆော်သြခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

**စိုင်းအောင်ဇော်လင်း**

## ဟသ္သာတ၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ဟသ္သာတ အောက်တိုဘာ ၃**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဟသ္သာတခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးမြင့်ဝင်း၊ အကူတပ်ခွဲမှူး ရဲမှူးမျိုးမြင့်ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်တို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၃၇ ဦးသည် စက်တင်ဘာ ၃၀ ရက်က ဟသ္သာတမြို့နယ် ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။

**အေးထွန်း(ဟသ္သာတ)**

## ဖျာပုံမြို့တွင် နေအိမ်ပြင်ပ ထွက်ခွာသွားလာခွင့် သက်သေခံအထောက်အထားများကို စစ်ဆေး

**ဖျာပုံ အောက်တိုဘာ ၃**

ဖျာပုံမြို့နယ်အတွင်းရှိ ပြည်သူများအား Stay at Home အစီအစဉ်ဖြင့် နေအိမ်၌သာ နေထိုင်ရန် ညွှန်ကြားထားပြီးဖြစ်ရာ ညွှန်ကြားချက်များကို လိုက်နာနေထိုင်စေရေးအတွက် ဖျာပုံမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့တွင်း ရွေ့လျားစစ်ဆေးရေးအဖွဲ့များဖွဲ့၍ အောက်တိုဘာ ၂ ရက်တွင် လိုက်လံစစ်ဆေး အရေးယူမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မြို့နေပြည်သူများအတွက် ဈေးဝယ်ခွင့်၊ လုပ်ငန်းတာဝန်ဖြင့် အပြင်ထွက်သွားလာခွင့် ကတ်ပြားများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ထုတ်ပေးထားပြီးဖြစ်ရာ ပြည်သူများအနေဖြင့် အပြင်သို့ထွက်တိုင်း တစ်ဦးလျှင်ခွင့်ပြုကတ်တစ်ကတ် ပါရှိရမည်ဖြစ်ပြီး ကတ်ပါရှိသူများကိုသာ သွားလာခွင့်ပြု၍ ကတ်မပါရှိသူများအား သွားလာခွင့်မပြုကြောင်း၊ ထို့အပြင် ဖျာပုံမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ပြည်သူများအနေဖြင့် ဖျာပုံမြို့ပေါ်သို့ လာရောက်မည်ဆိုလျှင်လည်း ခရီးသွားရန်အတွက် ခွင့်ပြုကတ်ပြားအပြင် ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံစာကိုပါ ပူးတွဲတင်ပြမှသာ ခရီးသွားလာခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဖျာပုံမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာမှုများမရှိစေရန်အတွက် ယခုလိုကန့်သတ်စစ်ဆေးမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အမှတ်(၁)နှင့် (၂) စစ်ဆေးရေးဂိတ်များအပြင် မြောက်ပိုင်းဈေးရှေ့နှင့် (၁၈)ရပ်ကွက် အောက်ပိုင်းကားဂိတ်များတွင် ဆောင်ရွက်နေခြင်းဖြစ်သည်။

**ချမ်းသာ**



မြို့တွင်း၌သွားလာသည့် ပြည်သူများအား စစ်ဆေးမှုများ ပြုလုပ်နေစဉ်။

## ကြည့်မြင်တိုင်မြို့နယ်၌ အသွားအလာကန့်သတ်စောင့်ကြည့်ဌာန လေးခု ဖွင့်လှစ်ထား

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပိုးရှိကြောင်း အတည်ပြုသူများနှင့် ထိတွေ့မှုရှိခဲ့သူများအတွက် အသွားအလာကန့်သတ်စောင့်ကြည့်ရေးဌာန လေးခုကို ဖွင့်လှစ်ထားရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ သိရသည်။ စောင့်ကြည့်ဌာနများကို အထက(၁)၊ အထက(၂)၊ အလက(၄) ကျောင်းများနှင့် မျက်မမြင်ကျောင်းအတွင်း၌ ဖွင့်လှစ်ထားရှိခြင်းဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းက "အထက(၁)နဲ့(၂)မှာ လူဦးရေ ၁၀၀ စီ၊ မျက်မမြင်ကျောင်းမှာက ၁၇၀ ခန့်နဲ့ အလက(၄)မှာ လူဦးရေ ၅၀ ထားရှိဖို့ စီစဉ်ထားပါတယ်"ဟု ပြောကြားသည်။ အထက(၁)နှင့် မျက်မမြင်ကျောင်း ဌာနတို့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူနှင့် ထိတွေ့မှုရှိခဲ့သူများကိုသာ သီးသန့်ထားရှိမည်ဖြစ်ပြီး အထက(၂)ကျောင်းတွင်မူ




အနံ့ပျောက်သူများနှင့် ပိုးတွေ့ရှိသူများကို ယာယီထားရှိကာ အလက(၄)ကျောင်း၌မူ သံဃာတော်များကိုထားရှိရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ စောင့်ကြည့်ဌာန လေးခုသို့ ရောက်ရှိလာကြသူများအားလုံးကို မြို့နယ်အတွင်းရှိ အလှူရှင်များနှင့် ပရဟိတနှလုံးသား အသင်းတို့က နံနက်စာ၊ နေ့လယ်စာ၊ ညစာများ ကျွေးမွေးလှူဒါန်းလျက်ရှိပြီး လိုအပ်သောနေ့များအတွက်မူ ကိုဗစ်ကော်မတီက လက်ခံရရှိထားသော အလှူငွေများထဲမှ ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းက "ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ငွေလှူဒါန်းနေတဲ့ အလှူရှင်တွေ ရှိပါတယ်၊ ကျွေးမွေးမယ့် အလှူရှင် မပေါ်လာရင် အဲဒီအလှူငွေထဲက စိုက်ထုတ်ကျွေးမွေးပါတယ်၊ နောက် လူနာများကိုခေါ်ဆောင်ရာမှာ အရည်အသွေးပြည့်မီတဲ့ PPE ဝတ်စုံတွေ၊ လိုအပ်တဲ့ဆေးဝါးတွေ၊ စောင့်ကြည့်ဌာနအတွက် လိုအပ်တဲ့ အသုံးအဆောင်တွေကိုပါ အဲဒီငွေနဲ့ပဲ ဝယ်ယူအသုံးပြုနေပါတယ်။ စောင့်ကြည့်ဌာနထဲကို ဝင်လာသူမှန်သမျှကို အတတ်နိုင်ဆုံး ပြည့်စုံအောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ပြောသည်။

အောက်တိုဘာ ၃ ရက် နံနက်အထိ စာရင်းအရ ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ ရောဂါပိုးတွေ့ အတည်ပြုလူနာပေါင်း ၄၃၁ ဦးအထိ ရှိနေပြီး သေဆုံးသူမှာ ၁၄ ဦး (ကျား-၇၊ မ-၇)ရှိနေကြောင်း သိရသည်။ အဆိုပါ အတည်ပြုလူနာ တွေ့ရှိမှုတွင် အောက်တိုဘာ ၁ ရက်က ထုတ်ပြန်မှုအရ တစ်ရက်တည်း၌ ပိုးတွေ့လူနာ ၁၁၁ ဦးအထိ မြင့်တက်မှုများခဲ့သည်ကို တွေ့ရသည်။ သို့ဖြစ်၍ ကြည့်မြင်တိုင်မြို့နယ် ကိုဗစ်-၁၉ ကော်မတီအနေဖြင့် လက်ရှိအချိန်တွင် ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း လုပ်ငန်းနှစ်ရပ်ကို အဓိက ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ကော်မတီသို့ ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်နှင့် ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီသို့ ရောဂါကာကွယ်ရေးသုံး အသုံးအဆောင်ပစ္စည်းများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အောက်တိုဘာ ၂ ရက်က လာရောက်လှူဒါန်းခဲ့သည်။

လှိုင်သာယာမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ အသွားအလာကန့်သတ် စောင့်ကြည့်သော စင်တာများ၌ အသုံးပြုရန်အတွက် မြက်ဖျာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ စောင်၊ ခြင်ထောင်နှင့် ဂွမ်းကပ် အစုံ ၁၀၀၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် ဆပ်ပြာတုံး သုံးတုံးတွဲ အစုံ ၁၀၀၊ ရေချိုးခွက်၊ သောက်ရေခွက်နှင့် ဆပ်ပြာခွက် အစုံ ၁၀၀၊ ဆေးရုံသုံးဝတ်စုံအထည် ၅၀၊ နှာခေါင်းစည်း အခုရေ ၁၅၀၀၊ မျက်နှာအကာအခု ၅၀၀၊ လက်အိတ် အခုရေ ၁၀၀ ပါ ငါးဘူး၊ ရေမလိုလက်သန့်ဆေးရည် ၅၀၀ မီလီလီတာ ၁၀ ဘူး၊ လက်ဆေးဆပ်ပြာရည် ၅၀၀ မီလီလီတာ ၁၀ ဘူး၊ အရက်ပြန် ၅၀၀ မီလီလီတာ ၁၀ ဘူး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၆၁၀၇၀၀ ခန့်ကို လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လှူဒါန်းမှုအတွက် လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီကိုယ်စား လှိုင်သာယာမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ်နှင့် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူတို့က လက်ခံရယူခဲ့သည်။

**မြသန္တာဝင်း(ပြန်/ဆက်)**



# တရုတ်နိုင်ငံမှပွဲတော်ကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံကြား နယ်စပ်ဂိတ်များကို ရှစ်ရက်ကြာ ယာယီပိတ်

**မူဆယ် အောက်တိုဘာ ၂**

တရုတ်နိုင်ငံဘက်၌ နှစ်စဉ် ကျင်းပသည့် တရုတ်ရိုးရာ မုန့်စားပွဲတော်ကာလဖြစ်သဖြင့် တရုတ်နိုင်ငံ ရွှေလီမြို့၊ ကျယ်ဂေါင်မြို့နှင့် ဝမ်တိန်မြို့တို့တွင် ဌာနဆိုင်ရာရုံးများ၊ ကုန်စည်ဒိုင်များကို ယာယီပိတ်ထားသလို မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပြုလုပ်သည့် နယ်စပ် အဝင်/အထွက်ဂိတ်များကိုလည်း အောက်တိုဘာ ၁ ရက်မှ ၈ ရက်အထိ ယာယီပိတ်ထားကြောင်း သိရသည်။

**သွင်းကုန်/ပို့ကုန်အခြေအနေ**

"တရုတ်နိုင်ငံဘက်က ရှစ်ရက်ပိတ်တယ်ဆိုတာ သူတို့ ရိုးရာ မုန့်စားပွဲတော်ကာလဖြစ်တဲ့အတွက် နှစ်တိုင်းပိတ်တဲ့လ ဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာဆိုရင် သင်္ကြန်မှာ ပိတ်သလိုမျိုးပါပဲ၊ ဒီကာလမှာ ကျွန်တော်တို့နိုင်ငံရဲ့ အဓိက ပို့ကုန်တွေကတော့ ဆန်၊ ဆန်ကွဲ၊ သစ်သီးမျိုးစုံ၊ သကြားရည်၊ ပဲမျိုးစုံ၊ အေးခဲအသား၊ အေးခဲငါးတွေ အဓိက တင်ပို့ပါတယ်၊ သွင်းကုန်အနေနဲ့တော့ စိုက်ပျိုးရာသီဖြစ်တဲ့အတွက် ဓာတ်မြေဩဇာ၊ စက်ယန္တရား၊ ဆိုင်ကယ်၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်းတွေ တင်သွင်းတဲ့အပြင် ကိုဗစ်-၁၉ ရောဂါကာလဖြစ်တဲ့အတွက် ကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းတွေ အများဆုံးတင်ပို့လာတာကိုလည်း တွေ့ရပါတယ်"ဟု မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးစိုင်းနွံ့က လက်ရှိ သွင်းကုန်/ပို့ကုန် အခြေအနေကို ပြောကြားသည်။

**အောက်တိုဘာ ၁ ရက်အထိ ဝင်ထွက်ခွင့်ပြုခဲ့**

ယခင်နှစ်များက မုန့်စားပွဲတော်ကာလတွင် ခုနစ်ရက်သာ ယာယီပိတ်သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကြောင့် တစ်ရက်တိုး၍ ပိတ်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံဘက်က အောက်တိုဘာ ၁ ရက်မှစ၍ ပိတ်ထားမည်ဟု ထုတ်ပြန်ထားသော်လည်း မူဆယ်မြို့၌ ကုန်တင်ယာဉ်များ စုပြုံ၍ စောင့်ဆိုင်းနေခြင်းနှင့် ရှစ်ရက်ကြာ ယာယီပိတ်ထားရမည် ဖြစ်ခြင်းကြောင့် အောက်တိုဘာ ၁ ရက်တွင် ညနေ ၅ နာရီ အချိန်ခန့်အထိ ကုန်တင်ယာဉ်များကို တရုတ်နိုင်ငံဘက်က နားလည်မှုဖြင့် ဝင်ရောက်ခွင့်ပြုထားခဲ့သည်။ ကုန်သွယ်မှုကို ယာယီပိတ်သော်လည်း ထုံးစံဖြစ်၍ နှစ်နိုင်ငံကြား ကုန်သွယ်မှုကို ထိခိုက်ခြင်းမရှိကြောင်း သိရသည်။

"အစဉ်အဆက် ပိတ်လာတဲ့အတွက် ကုန်သည်ကြီးတွေ၊ ကုန်သည်တွေကတော့ ဒါတွေကို ကြိုတင်သိထားပြီးဖြစ်လို့ ပို့ကုန်ယာဉ်တွေ ရပ်နားထားတာ များပါတယ်၊ တရုတ်နိုင်ငံ ဘက်မှာ ရုံးပိတ်ရက်၊ အလုပ်နားရက်ဆိုတော့ ဌာနဆိုင်ရာရုံး၊ အကောက်ခွန်ဌာနတွေနဲ့ သက်ဆိုင်ရာ ကုန်စည်ဌာနတွေ အကုန်ပိတ်ထားတဲ့အတွက် ဒီအတောအတွင်းမှာတော့ ပို့ကုန်/သွင်းကုန်တွေ နည်းလာနိုင်ပါတယ်"ဟု အသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

**အေးခဲအသားများကို ပိတ်ပင်မည်**

အခြား ပြည်ပနိုင်ငံအချို့ဘက်မှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် အေးခဲအသားများတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုကြောင့် မြန်မာနိုင်ငံဘက်မှ တင်ပို့နေသည့် အေးခဲအသား တင်ပို့မှုကိုလည်း အောက်တိုဘာ ၃ ရက်မှ စတင်ပြီး တရုတ်နိုင်ငံရှိ အထက်တာဝန်ရှိသူများက ပြန်လည်တင်ပို့ရန် ခွင့်ပြုချက်တစ်စုံတစ်ရာ မပေးမချင်း (ရက်အကန့်အသတ်မရှိ) ပိတ်ပင်သွားမည်ဟု အေးခဲအသားကုန်သည်များထံမှ သိရသည်။

"အေးခဲအသားတင်ပို့မှုကို ရက်အကန့်အသတ်မရှိ ပိတ်ထားမယ်ဆိုတဲ့သတင်းကို တရုတ်နိုင်ငံက တရားဝင် ထုတ်ပြန်ထားတာတော့ မရှိသေးပါဘူး၊ ဒါပေမယ့် တရုတ်နိုင်ငံဘက်က အေးခဲအသားကုမ္ပဏီတွေရဲ့ တာဝန်ရှိသူတွေကတော့ အောက်တိုဘာ ၃ ရက်မှာ စတင်ပြီး ပိတ်တော့မယ်လို့ ကျွန်တော်တို့ဘက်ကို အကြောင်းကြားလာပါတယ်"ဟု အေးခဲအသား ကုန်သည်တစ်ဦးက ပြောကြားသည်။

နယ်စပ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌကလည်း "အောက်တိုဘာ ၃ ရက်မှာ အေးခဲအသားတင်ပို့မှုတွေ ရပ်နားပိတ်ပင်တော့မယ့်အကြောင်းကို အေးခဲအသား ကုန်သည်တွေက လာရောက်အကြောင်းကြားလာပါတယ်၊ ဒါကြောင့် အခုရက်ပိုင်းမှာ ကျင်စန်းကျော့ဂိတ်(ဝမ်တိန်ဂိတ်)ကနေ အေးခဲအသားတင်ပို့မှု အလွန် များပြားလာပါတယ်၊ အေးခဲအသား ကုန်သည်တွေကလည်း ကြိုတင်သိခွင့်ရတဲ့အတွက် အေးခဲအသား တင်ပို့မှုနဲ့ပတ်သက်ပြီး အခြား ပြည်ပနိုင်ငံတွေကို ဆက်လက်တင်ပို့နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်၊ ဒီဘက်က ရက်အကန့်အသတ်မရှိ ပိတ်ပင်ထားတယ်ဆိုပေမယ့် ပင်လယ်ရေကြောင်းဘက်မှာရော ပိတ်ထားသလားဆိုတာတော့ ကျွန်တော်တို့လည်း အတိအကျ မသိရသေးပါဘူး၊ ဒီဘက်က ကုန်သည်တွေကတော့ ကြိုတင်ပြင်ဆင်ဖို့ အချိန်ရကြတဲ့အတွက် ထိခိုက်နစ်နာမှုတော့ လျော့နည်းလိမ့်မယ်လို့ ထင်ပါတယ်"ဟု ဆက်ပြောသည်။

နယ်စပ်ဒေသ မူဆယ်မြို့မှ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတွင် အဓိက အဝင်/အထွက်ဂိတ်တစ်ခု ဖြစ်သည့် မန့်ဝိန်းဂိတ်မှ ပို့ကုန်/သွင်းကုန် ယာဉ်မျိုးစုံ ဝင်/ထွက်သွားလာလျက်ရှိပြီး ပန်ဆိုင်း(ကြူကုတ်)မြို့နှင့် ကျင်စန်းကျော့(ဝမ်တိန်)ဂိတ်မှ အေးခဲအသားများနှင့် သစ်သီးမျိုးစုံတို့ကို တင်ပို့သည့်ယာဉ်များ အဓိက ဝင်/ထွက်သွားလာလျက်ရှိသည်။

**သန့်ဇင်(မူဆယ်)**

# ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သတင်းတု၊ သတင်းမှားများ သတိထား
















၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2020)

"ပေါင်းစည်းညီညွတ်သော စီမံဆောင်ရွက်မှုမှသည် သဘာဝဘေးလျော့ပါးရေးဆီသို့"

"It's All About Governance"

အောက်တိုဘာလ(၁၃)ရက်

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

**ပဲခူး အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က တိုင်းဒေသကြီး ကိုဗစ်- ၁၉ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည်။ **(ယာပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး အဝင်/အထွက် နယ်စပ်ဂိတ်များတွင် ကုန်တင်ယာဉ်များ ရပ်တန့်ထားပြီး ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးစစ်ဆေးချက်များကို အမြန်ဆုံးစစ်ဆေးထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ကုန်စည် စီးဆင်းမှုနှောင့်နှေးကြန့်ကြာမှု မရှိစေရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့သို့ စစ်ဆေးရာတွင် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များတွင် ရောဂါပိုးတွေ့ရှိသူများလည်း ရှိလာနိုင်မည်ဖြစ်၍ လူနာတင်ယာဉ်များ၊ ရောဂါပိုးတွေ့ရှိသူထားရန်နေရာများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်တို့ကိုလည်း စီစဉ်ထားရှိရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုး အမြန်ဆုံး စစ်ဆေးနိုင်ရေးအတွက် Test Kit များအား ကျန်းမာရေးဦးစီးဌာနမှ သက်ဆိုင်ရာနေရာများသို့ ညတွင်းချင်း အရောက်ပေးပို့နိုင်ရေး ဌာနဆိုင်ရာများကလည်း ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ခရိုင်/ မြို့နယ်ကော်မတီဝင်များက မြို့နယ်အလိုက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကုန်တင်ယာဉ်မောင်းများနှင့် ခရိုင်/ မြို့နယ်ဆေးရုံများအတွက် အမြန်ဆုံးစစ်ဆေးပေးနိုင်ရေး Test Kit များ ထုတ်ယူနေမှုအခြေအနေကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**တင်စိုး(ပဲခူး)**





ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂ ရက်က တောင်ကြီးမြို့နယ် တောင်လေးလုံး ခေါင်တိုင်လမ်းခွဲတွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့များအား ထောက်ပံ့ငွေကျပ် ၁၀ သိန်းပေးအပ်ရာ မြို့နယ်ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက် လက်ခံယူစဉ်။ မောင်မောင်သန်း(တောင်ကြီး)

## ကရင်ပြည်နယ်ဝန်ကြီးချုပ် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုခြင်းနှင့် မြေနေရာအသိအမှတ်ပြုလွှာ(ယာယီမြေပေးမိန့်) ထုတ်ပေးခြင်းအခမ်းအနားများတက်ရောက်

**မြဝတီ အောက်တိုဘာ ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတား BCF ဗန်တွင် ယမန်နေ့က ပြုလုပ်သည့် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က “တကယ့်စိတ်ရင်းစေတနာအမှန်ဖြင့် လနှင့်ချီပြီး ဆောင်ရွက်ပေးနေတဲ့ စေတနာ့ဝန်ထမ်းတွေ အများကြီးရှိနေပြီး ဌာနဆိုင်ရာကလည်းတာဝန်အရ ဆောင်ရွက်နေတယ်ဆိုပေမယ့်လည်း တကယ့်စိတ်ထဲက စိတ်ရင်းပါမှ ဒီအလုပ်ကဆောင်ရွက်လို့ရတာဖြစ်ပါတယ်။ ဒါကြောင့် ပေါ့ပေါ့တန်တန်သဘောမထားဘဲ တကယ်အလေးအနက်ထားပြီး အသိအမှတ်ပြုချင်လို့ ကိုယ်တိုင်လာရောက် ပေးအပ်ရတာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က စေတနာ့ဝန်ထမ်း ၂၃၃ ဦးအတွက် တစ်ဦးလျှင်ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၄၆၆ သိန်းကို စေတနာ့ဝန်ထမ်းများကိုယ်စား မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့နာယက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်ထံသို့လည်းကောင်း၊ ဌာနဆိုင်ရာများမှ စေတနာ့ဝန်ထမ်း ၅၀၆ ဦးအတွက် တစ်ဦးလျှင်ငွေကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၅၃ သိန်းအား ခရိုင်ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌမြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံသို့လည်းကောင်း ပေးအပ်ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြဝတီမြို့ ရပ်ကွက် ၆/၇ စီမံကိန်းတွင် နေထိုင်သူများထဲမှ ပမာဏအနေဖြင့် ၃၇ ဦးအား မြေနေရာအသိအမှတ်ပြုလွှာ (ယာယီမြေပေးမိန့်) ထုတ်ပေးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးစောဘိုဘိုဝေမောင်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မြေနေရာအသိအမှတ်ပြုလွှာ(ယာယီမြေပေးမိန့်)များကို ပြည်သူများသို့ ပေးအပ်ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ဂုဏ်ပြုပွဲသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မင်းဘူးမြို့ပေါ်ရှိ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှု

**မင်းဘူး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်တာဝန်ရှိသူများသည်ယမန်နေ့က မင်းဘူး (စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြဖွံ့ဖြိုးရေးနှင့် သန့်ရှင်းသာယာလှပစေရေးအတွက် မင်းဘူးမြို့ အမှတ်(၂) ရပ်ကွက်ရှိ စည်ပင်သာယာဈေးသစ် ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းနှင့် မြို့နယ်ခန်းမဆောင်အဆောက်အအုံသစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက လက်ရှိလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ပစ္စည်းစုဆောင်းထားရှိမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်နေသည့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကျိုက်ထိုမြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ပေးအပ်ပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ပေးအပ်




**ကျိုက်ထို အောက်တိုဘာ ၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ပွဲကို ယမန်နေ့က ကျောက်ရေတွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဝင်းကံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့၌ ပြုလုပ်သည်။


အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဒေသခံတောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ပေးအပ်ခြင်းနှင့်ပတ်သက်၍အမှာစကားပြောကြားသည်။ ကျောက်ရေတွင်းကျေးရွာမှ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ရရှိသူ တောင်သူ ၇၅ ဦးတို့ကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြပြီး ဝင်းကံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌လည်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူတောင်သူ ၁၁၃ ဦးတို့အား လုပ်ပိုင်ခွင့်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ အခမ်းအနားများသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်းနှင့် တာဝန်ရှိသူများ၊ လယ်ယာမြေခွင့်ပြုလက်မှတ်ရရှိသည့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းသန်းမော်(ပြန်/ဆက်)**

# ကျွန်တော်သိသော ကိုဝင်းဦး

## တက္ကသိုလ်ကျော်စိန်သန်း




**"ကျွန်တော် သက္ကရာဇ် ၂၀၀၀ ကို ကြည့်သွားချင်တယ်"ဟု ပြောခဲ့ပါသည်။ သို့သော် သူမရှိတော့လေပြီ။ ၂၀၀၀ ပြည့်နှစ် မရောက်ခင် ၁၉၈၈ ခုနှစ်ကာလမှာပင် အသက် ၅၄ နှစ်နှင့် မြရတနာဆေးရုံတွင် ဆုံးပါးခဲ့ရရှာပါသည်။ သူ့ကို ကျွန်တော်က စွယ်စုံရမင်းသားကြီးဟု တင်စားခေါ်ဝေါ်ခဲ့လေသည်။ သူ့ကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ်နှင့် သိကျွမ်းခဲ့ရပါသည်။ ကျွန်တော်က အခမ်းအနားမှူးအဖြစ် တာဝန်ယူခဲ့သူပါ။**



ပြီးတော့ သူ့ရဲ့ညီဖြစ်သူ ဦးသန်းကျော်ညွန့် (မြန်မာ့ရေကူး လက်ရွေးစင်နှင့် အား/ကာဒုညွှန်မှူး-ငြိမ်း)ကလည်း ကျွန်တော်နှင့် တစ်ရုံးတည်း အောင်ဆန်းအားကစားကွင်းမှာပါ။ နောက်ပြီး မင်းသားအောင်မိုးကလည်း အလေးမသမားဖြစ်လေတော့ ကျွန်တော်တို့ အား/ကာ အိုလံပစ်ဂျာနယ်တွင်လည်း လုပ်အားပေးဆောင်ရွက်သည်မို့ ကျွန်တော်တို့တစ်တွေဟာ အားကစားမိသားစုပေါ့။

မှတ်မိပါသေးသည်...

ကျွန်တော် ၁၀တန်း (တက္ကသိုလ်ဝင်တန်း) တုန်းက အောင်ဆန်းသူရိယလှသောင်း အထက်တန်းကျောင်း မင်္ဂလာဒုံမှာပါ။ ၁၉၆၀-၆၁ ခုနှစ်လောက် ဖြစ်မှာပါ။ ကိုဝင်းဦး တပ်ကထွက်ပြီး ရုပ်ရှင်မင်းသားနာမည်ရခါစပေါ့။ အောက်က ဘောင်းဘီဖြူ၊ စပို့ရှပ် အင်္ကျီအနီရောင်၊ သူစီးလာတဲ့ ပြိုင်ကားလေးကလည်း အောက်က အနီရောင်၊ အပေါ်က အဖြူရောင်ပါ။ ကျွန်တော်တို့ ကျောင်းကို ငွေလာလှူတာပါပဲ။

နောက်တော့ ကျွန်တော် တက္ကသိုလ်တက်ပြီး ၁၉၆၈ခုနှစ် အလေးမအဖွဲ့ချုပ်မှာ ပြန်ဆုံကြပါသည်။ (ထိုစဉ်က အလေးမ အဖွဲ့ချုပ်နှင့် ကာယဗလကို တွဲဖက်ထားပါသည်။)

သူ့မှာ မွေးချင်းကိုးယောက် ရှိပါသည်။ အကြီးဆုံးက မိန်းကလေး တင်တင်ဦးပါ။ နောက်တော့ (ကိုကျော်ဝင်း)ဝင်းညွန့်၊ (ကိုကိုဦး) ဝင်းဦး၊ (ကိုအုန်းကြိုင်) အောင်မိုး၊ ကြည်ရွှင်၊ စိုးညွန့်၊ အေးညွန့်၊ သန်းကျော်ညွန့်နဲ့ အငယ်ဆုံးက မာလာညွန့်ဖြစ်ပါသည်။ ကိုဝင်းဦး၊ ကိုဝင်းညွန့်၊ ကိုအောင်မိုး တို့က ရုပ်ရှင်မင်းသားနာမည်ကျော်တွေ ဖြစ်လာပြီး ကိုကြည်ရွှင်ကလည်း အဆိုနာမည်ကျော်ပါ။ ကိုကြည်ရွှင်က ကာယဗလ ကစားဖော်ကစားဖက် ဖြစ်ပါသည်။

ကိုသန်းကျော်ညွန့်က မြန်မာ့ရေကူးလက်ရွေးစင် ဖြစ်လာပါတယ်။ ၁၉၆၉ မှ ၁၉၇၉ အထိပါ။ ဒါပေမယ့် ကိုဝင်းဦး၊ ကိုဝင်းညွန့်တို့က ကာယဗလကိုစိတ်ဝင်စားပြီး ကိုအောင်မိုးကတော့ အလေးမ နာမည်ကြီးတစ်ဦး ဖြစ်ပါသည်။

ကိုဝင်းဦးကို အများစုက သိကြတာကတော့ ရုပ်ရှင်အကယ်ဒမီမင်းသား၊ အဆိုတော်ရယ်ပေါ့။ ဒါပေမယ့် ကိုဝင်းဦးသည် ကိုကိုဦးအဖြစ်နှင့် တပ်မတော်အရာရှိဘဝတွင် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဒင် (ငြိမ်း-အား/ကာ)နှင့်အတူ ရှေ့တန်းတွင် တိုက်ပွဲဝင်ခဲ့သူပါ။ ဗိုလ်ကြီးဘဝအထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

နောက်တော့ ရုပ်ရှင်မင်းသား၊ အဆိုတော်၊ စာရေးဆရာ၊ ဒါရိုက်တာ၊ ပြဇာတ်မင်းသား၊ မဂ္ဂဇင်းထုတ်ဝေသူ (စန္ဒာမဂ္ဂဇင်း) မြန်မာနိုင်ငံအလေးမနှင့် ကျွမ်းဘား အဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူပါ။

ကျွန်တော် သူ့စကားတစ်ခွန်းကို ယခုတိုင် မှတ်မိနေတာကတော့ ကိုဝင်းဦးကို နိုင်ငံခြားအားကစားပြိုင်ပွဲတစ်ခုအတွက် နိုင်ငံခြားကို အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ဖို့ပြောတဲ့အခါ သူပြန်ပြောလိုက်တာက "ကျွန်တော် နိုင်ငံခြားကိုလည်း အခါခါရောက်ခဲ့ပါပြီ။ ဘဝလည်း စုံခဲ့ပါပြီ။ ကျွန်တော့်အစား အားကစားသမားတစ်ယောက်ကို ထည့်လိုက်ပါလား" တဲ့ သူ့ရဲ့ စိတ်ဓာတ်ကို ကျွန်တော် ချီးကျူးမိပါတော့သည်။

ကျွန်တော် သူ့မဂ္ဂဇင်း စန္ဒာတွင် (ဘားလမ်းအပေါ် ဘလောက်-ရန်ကုန်) ဆောင်းပါးသုံးပုဒ်ရေးခဲ့ရာတွင် တစ်ပုဒ်ကို ငွေကျပ် ၁၅၀ နှင့် ကျပ်၄၅၀ ချီးမြှင့်ခဲ့ပါသည်။ ဆောင်းပါးတစ်ပုဒ် ငွေကျပ် ၁၅၀ သည် ထိုစဉ်က အောက်ခြေဝန်ထမ်း တစ်လခနှင့် ညီမျှခဲ့ပါသည်။ စာပေကို အားပေးချစ်မြတ်နိုးကြောင်း၊ တန်ဖိုးထားကြောင်း ပြသခြင်းပင် ဖြစ်ပါသည်။

ကျွန်တော့်ဆောင်းပါး သုံးပုဒ်က "ကာယဗလ မြို့တော်" ဆိုတဲ့ YORK မြို့အကြောင်း၊ "ကမ္ဘာ့ကာယဗလ စင်မြင့်ပေါ်က မြန်မာ"ဆိုတဲ့ ကာယဗလ ဦးသန်းထွန်း၊ လန်ဒန်မြို့မှာ ကာယဗလပြိုင်ပွဲဝင် King of Poser ဒုတိယဆုရတဲ့အကြောင်းနဲ့ "မြန်မာ့ဂုဏ်ဆောင် တပ်မတော်မှ အားကစားသမားများ" အကြောင်းပဲ ဖြစ်ပါသည်။ ကိုဝင်းဦးရဲ့ ဖခင်ကတော့ ရာဇဝင် ပါမောက္ခ ဦးဘညွန့် ဖြစ်ပါသည်။

စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ဆိုရင် သူ့ရုံးခန်းမှာ ဆရာ မြသန်းတင့်၊ ဦးကျော်အောင်၊ ဆရာမင်းကျော်၊ စန္ဒရားလှထွဋ် တို့နဲ့ဆုံပြီး ပညာဆည်းပူးတတ်သူပါ။

သူ့ကို ရုပ်ရှင်လောကထဲရောက်ဖို့ တွန်းအားပေးခဲ့တာ ဒေါ်တင်တင်မူ (ရုပ်ရှင်မင်းသမီး)နှင့် ရှုမဝဦးကျော်တို့ပဲ ဖြစ်ပါသည်။ ရှုမဝမဂ္ဂဇင်းမှာ စာမူတွေ ပို့ရင်းနဲ့ ရှုမဝဦးကျော်၊ ဒေါ်တင်တင်မူတို့နဲ့ သိကျွမ်းခဲ့ပြန်ပါသည်။

သူ့ကို ရုပ်ရှင်မင်းသားအဖြစ်နဲ့ "နှစ်ယောက်ထဲ နေချင်တယ်၊ ဆောင်းအိပ်မက်၊ အတွယ်အတာ၊ မောင်တို့ ချယ်ရီမြေ၊ ကျောက်မဲအကျဉ်းသား၊ တိမ်လွှာမို့မို့လွင်၊ တစ်ကျော့ နှစ်ကျော့ တေးကိုသီ၊ မှုံရွှေရည်၊ ခိုင်မာလာနှင်းဆီ ဇာတ်ကားများကို မလွတ်တမ်းကြည့်ခဲ့ပါသည်။

မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ တိုင်သော်လည်း ကိုဝင်းဦးကိုတော့ နောင်နှစ်ပေါင်းများစွာတိုင် မမေ့နိုင်ပါတော့သည်။ ။

**"ကိုဝင်းဦးကို အများစုက သိကြတာကတော့ ရုပ်ရှင်အကယ်ဒမီမင်းသား၊ အဆိုတော်ရယ်ပေါ့။ ဒါပေမယ့် ကိုဝင်းဦးသည် ကိုကိုဦးအဖြစ်နှင့် တပ်မတော်အရာရှိဘဝတွင် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဒင် (ငြိမ်း-အား/ကာ)နှင့်အတူ ရှေ့တန်းတွင် တိုက်ပွဲဝင်ခဲ့သူပါ"**

## ကမ္ဘာ့ဆောင်းခိုငှက်များနေ့ အထိမ်းအမှတ် ဝါသနာရှင်အဆင့် ကဗျာပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆောင်းခိုငှက်များနေ့ အထိမ်းအမှတ် ဝါသနာရှင်အဆင့်ကဗျာပြိုင်ပွဲကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးအသင်းက ကြီးမှူး၍ အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ BANCA ဖေ့ဘွတ်ပေ့ချ်မှတစ်ဆင့် ကျင်းပမည်ဖြစ်သည်။

"အရင်နှစ်တွေကဆိုရင် BANCA က ပရိဂရမ်အတိုင်းပဲ အခမ်းအနားပွဲတွေနဲ့ ကျင်းပနေကျပါ။ ဒီနှစ်က ကိုဗစ် – ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်တဲ့နေရာမှာ အကာကွယ်ဖြစ်ဖို့ အိမ်မှာနေရင်း BANCA ဖေ့ဘွတ်ပေ့ချ်ကနေပြီး လုပ်ဖြစ်ရာမှာ လူထုအသိပညာပေးတာရယ်၊ Stay Home ကာလမှာ အိမ်မှာနေရင်း ပျော်ပွဲရွှင်ပွဲအနေနဲ့ဝါသနာရှင်တွေပါဝင်လို့ရအောင်လို့ ကျွန်မတို့က ပြိုင်ခွင့်ပေးပြီး ဉာဏ်စမ်းမေးခွန်းလေးတွေ ပါဝင်သွားမှာပါ" ဟု BANCA ၏ Program Coordinator ဒေါ်အိသဉ္ဇာအောင်က ပြောသည်။

စိတ်ဝင်စားသူများအနေဖြင့် ဖုန်း – ၀၉ – ၄၂၀၀၈၀၉၇၉၊ ၀၉ – ၇၉၆၈၀၆၀၇၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး၊ ကိုယ်တိုင်ရေးစပ်ထားသည့် ကဗျာများကို BANCA ဖေ့ဘွတ်ပေ့ချ်က မက်ဆေ့ဂျာနှင့် admin@bancamm.org တို့ ပြိုင်ပွဲဝင်ကဗျာစာမူများကို .pdf သို့မဟုတ် word ဖိုင်ဖြင့် အောက်တိုဘာ၇ရက် ညနေ ၅ နာရီ နောက်ဆုံးထားပေးပို့နိုင်ကြောင်း ကြေညာထားသည်။ အောက်တိုဘာ ၉ ရက်တွင် like နှင့် React အများဆုံးကဗျာများကို ရွေးချယ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် လူကြိုက်အများဆုံးနှင့် ဆုရဂုဏ်ပြုမှတ်တမ်းလွှာနှင့်အမှတ်တရလက်ဆောင်များ ပေးအပ်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်း ၁၁၃၆ မျိုးရှိကြောင်း BANCA မှ သိရသည်။

**သန့်ဇင်ဝင်း**

## နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသား ကိုးဦးကို လွှဲပြောင်း ပို့ဆောင်ပေး

**တာချီလိတ် အောက်တိုဘာ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံသား အမျိုးသားငါးဦး၊ အမျိုးသမီးလေးဦး စုစုပေါင်းကိုးဦးကို မြန်မာတာဝန်ရှိပုဂ္ဂိုလ်များသည် ယမန်နေ့က မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)မှတစ်ဆင့် လွှဲပြောင်း ပို့ဆောင်ပေးကြောင်း သိရသည်။ **(အောက်ပုံ)**

လွှဲပြောင်းပို့ဆောင်ခြင်းမပြုမီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ကာ ပြန်လည်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြသည်။ ထိုင်းနိုင်ငံသားများသည် ကိုဗစ် – ၁၉ ကူးစက်ရောဂါ မဖြစ်ပွားသေးမီအချိန်၌ တာချီလိတ်မြို့သို့လာရောက် အလုပ်လုပ်ကိုင်နေထိုင်ခဲ့ကြသူများကြပြီး ကိုဗစ် – ၁၉ စတင်ဖြစ်ပွားချိန်မှစ၍ စက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်ခြင်းမရှိတော့သဖြင့် ထိုင်းနိုင်ငံသို့ ပြန်ကြခြင်းဖြစ်သည်။

နေရပ်ပြန်လိုသည့် အဆိုပါ ထိုင်းနိုင်ငံသားများကို တာချီလိတ်မြို့ လဝကဌာနခွဲ (၆)မှလက်ထောက်ညွှန်ကြားရေးမှူးဦးမောင်မောင်မြင့် ဦးဆောင်သည့် တာဝန်ရှိသူများနှင့်ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးအဖွဲ့ ဦးစည်သူမောင် အတွင်းရေးမှူး(CNCMC ) တို့က ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ထိုင်းနိုင်ငံမှတံတား(၂)တာဝန်ခံ ရဲအရာရှိ Pathpon Onnoul၊ လဝကအရာရှိ Songsok Pakiang နှင့် ကျန်းမာရေးဌာနမှ ဦးစီးအရာရှိ Priawpurin Manopeaw ဦးစီးသည့်အဖွဲ့တို့က ပြန်လည်လက်ခံကြောင်း သိရသည်။ **ယာဆေး(ပြန်/ဆက်)**



## ကိုဗစ် – ၁၉ ကာလအတွင်း တစ်နိုင်တစ်ပိုင် မျှစ်ချဉ်လုပ်ငန်းလုပ်ကိုင်သူများ ဈေးကောင်းမရဖြစ်နေ

**ဝန်းသို အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဒီးဒုတ်ကုန်းကျေးရွာတွင် မျှစ်ချဉ်လုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်းမိသားစုဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်လျက်ရှိရာ ကိုဗစ်-၁၉ ကာလအတွင်း မျှစ်ချဉ် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀ သာရရှိ၍ ဈေးမကောင်းသောကြောင့် အဆင်မပြေဖြစ်နေကြောင်း အဆိုပါကျေးရွာမှ မျှစ်ချဉ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"ကျွန်မတို့ ကျေးရွာပြည်သူတွေကတော့ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ နှစ်စဉ် အခုလို မိုးစပါးစိုက်ပြီးချိန် ကြားကာလမှာ တစ်နိုင်တစ်ပိုင်အနေနဲ့ မျှစ်ချဉ်လုပ်ငန်းကို တစ်ရွာလုံး လုပ်ကိုင်ကြပါတယ်။ နှစ်စဉ်နှစ်တိုင်းဆို မျှစ်ချဉ်တစ်ပိဿာကို ငွေကျပ် ၄၅၀၊ ၅၀၀ လောက် ရောင်းရပါတယ်။ အခုအချိန်က ကိုဗစ်-၁၉ ရောဂါကာလဆိုတော့ ဈေးမကောင်းဘူး။ ရွာထဲက မျှစ်ချဉ်ဒိုင်တွေဆီ ငွေကျပ် ၃၅၀ နဲ့ ရောင်းရတယ်။ ရွာထဲက မျှစ်ချဉ်ဒိုင်တွေကတစ်ဆင့် မန္တလေး၊ မုံရွာ၊ ရွှေဘို၊ ခင်ဦး၊ ကောလင်းမြို့တွေကို ပို့တယ်။ တချို့အဆင်ပြေတဲ့သူတွေကတော့ မရောင်းဘဲ နှစ်ပေါက်အောင်ထားတယ်။ အဆင်မပြေတဲ့သူတွေကျတော့ ရတဲ့ဈေးနဲ့ပဲ ရောင်းနေကြရတယ် " ဟု ဒီးဒုတ်ကုန်းကျေးရွာမှ ဒေါ်ငွေက ပြောသည်။

" မျှစ်ချဉ်ပြုလုပ်တော့မယ်ဆိုရင် မနက် ၆ နာရီလောက် ဆိုင်ကယ်နဲ့ တောထဲသွားပြီး (ဝါးပိုး)မျှစ်ကို ချိုးရပါတယ်။ နေ့ခင်းဘက် ၁၂ နာရီလောက် အိမ်ပြန်ရောက်ပါတယ်။ ရလာတဲ့ မျှစ်တွေကို ရေစင်အောင်ဆေးပြီး အချောင်းလေးတွေဖြစ်အောင် ဓားနဲ့ပေါက်ရပါတယ်။ ပေါက်ထားတဲ့ မျှစ်တွေကို စဉ့်အိုး၊ ခြင်းကြားတွေထဲမှာ အရည်မကျအောင် ပလတ်စတစ်နဲ့ လေလုံအောင်ထားပြီး အပေါ်က ကျောက်ခဲတွေနဲ့ ဖိထားရပါတယ်။ မျှစ်ချဉ်လှအောင်လို့ လက်နဲ့ နှိပ်ပြီးပြင်ပေးရတယ်။ ထမင်းနဲ့တခြား အရောင်ဆိုးဆေးတွေကို မထည့်ဘူး။ သုံးရက်လောက်နေရင်တော့ သဘာဝအလိုက် မျှစ်ချဉ်ဖြစ်ပါပြီ။ လေလုံအောင်ထားရင် တစ်နှစ်ပတ်လုံးလည်း ထားလို့ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဒီးဒုတ်ကုန်းကျေးရွာသည် မြို့နှင့် နှစ်မိုင်ခန့် ကွာဝေးကာ နန်းလိုင်းချောင်းနံဘေးတွင် တည်ရှိသည်။ အိမ်ခြေ ၅၇ အိမ်၊ လူဦးရေ ၃၆၀ ကျော် နေထိုင်ပြီး လယ်ယာလုပ်ငန်းအပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဝါးနှီးဖြင့်ပြုလုပ်သော ခြင်းကြားရက်လုပ်ငန်းနှင့် မျှစ်ချဉ်လုပ်ငန်းများကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်၍ နေ့စဉ်မိသားစုဝင်ငွေရရှိအောင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ကျော်မြိုင်(ပြန်/ဆက်)**

# ဒလမြို့နယ်၌ ဆန္ဒမဲပေးခွင့်ရှိသူ ၁၂၇၉၄၈ ဦးရှိပြီး မဲရုံပေါင်း ၁၈၂ ရုံ ထားရှိမည်



မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်ပါ/မပါ လာရောက်စစ်ဆေးနေသည့် ဒလမြို့ခံပြည်သူများ

**ရန်ကုန် အောက်တိုဘာ ၃**

နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် အထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၂၇၉၄၈ ဦးရှိပြီး မဲရုံပေါင်း ၁၈၂ ရုံ ထားရှိသွားမည်ဖြစ်ကြောင်း ဒလမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးသိန်းထံမှ သိရသည်။

ဒလမြို့နယ်အတွင်း၌ ရပ်ကွက် ၂၄ ခုနှင့် ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁၂၇၉၄၈ ဦး၊ ကရင်မဲဆန္ဒရှင် ၁၈၁၆ ဦး၊ ရခိုင်မဲဆန္ဒရှင် ၄၁၇ ဦးနှင့် မသန်စွမ်း မဲဆန္ဒရှင် ဦးရေ ၂၀၀ ကျော် ဖြစ်သည်။

မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများ၌ အောက်တိုဘာ ၁ ရက်မှစ၍ ဒုတိယအကြိမ် ကပ်ထားကြေညာလျက်ရှိပြီး ၁၄ ရက်အထိ ကပ်ထားမည်ဖြစ်ကာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများကို မိမိအမည် ပါ/မပါ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။


မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးသိန်းကလည်း ပြည်သူများအနေဖြင့် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာရာတွင် မိမိအမည် ပါ/မပါ လာရောက်ကြည့်ရှုကြရန် လိုအပ်ကြောင်း၊ ကိုယ်တိုင် လာရောက်ကြည့်ရှုရန် အခက်အခဲရှိပါက တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင်စာရင်းကို အွန်လိုင်းမှတစ်ဆင့် https://findyourpollingstation.uec.gov.mm ဝက်ဘ်ဆိုက်တွင် ကြည့်နိုင်သလို Android ဖုန်းများကို အသုံးပြုသူများအနေဖြင့် မိုဘိုင်းအက်ပလီကေးရှင်းကို http://bit.ly/30nUrRV တွင် Download ရယူ ထည့်သွင်း၍လည်း ကြည့်ရှုနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မဲဆန္ဒရှင်များအနေဖြင့် မိမိတို့၏ အမည်များကို http://bit.ly/yangon-voters ဝက်ဘ်ဆိုက်တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ပြောကြားသည်။

ဒလမြို့နယ်၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်ရန် အထူးရဲတပ်ဖွဲ့ဝင် ၁၈၂ ဦးကိုလည်း ခန့်အပ်ထားပြီး အဆိုပါ အထူးရဲများအား သင်တန်းကို အောက်တိုဘာ ၁ ရက်မှစ၍ တစ်လတိတိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်းနှင့် သင်တန်းတွင် ရွေးကောက်ပွဲ ဥပဒေ၊ ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေဘာသာရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# ပွင့်ဖြူမြို့နယ်၌ မဲစာရင်းများကို ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုလျက်ရှိ

**ပွင့်ဖြူ အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ဒုတိယအကြိမ် (နောက်ဆုံးအကြိမ်)အဖြစ် အောက်တိုဘာ ၁ ရက်မှစ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သတ်မှတ်နေရာများတွင် ထုတ်ပြန်ကြေညာပေးထားရာ ဒေသခံပြည်သူများ အနေဖြင့် စိတ်ဝင်တစား လာရောက်ကြည့်ရှုလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။



ပွင့်ဖြူမြို့နယ်အတွင်း၌ မဲဆန္ဒနယ်မြေ နှစ်ခု ခွဲခြားထားရာ အမှတ်(၁)တွင် မဲရုံပေါင်း ၈၉ ရုံ၊ အမှတ်(၂)တွင် မဲရုံပေါင်း ၇၄ ရုံ စုစုပေါင်း မဲရုံ ၁၆၃ ရုံ စီစဉ်ထားရှိကြောင်းနှင့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ဦးရေမှာ လက်ရှိထုတ်ပြန်ထားသည့် ဒုတိယအကြိမ် စာရင်းအရ ၁၃၃၉၀၀ ကျော်ရှိကြောင်း၊ အဆိုပါ မဲဆန္ဒရှင်စာရင်းတွင် ချင်းတိုင်းရင်းသား မဲဆန္ဒရှင် ၁၄၈၀ ကျော်လည်း ပါဝင်ကြောင်း သိရသည်။

ယခု ဒုတိယအကြိမ် ထုတ်ပြန်ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းကို ပြည်သူများ လာရောက်ကြည့်ရှုနိုင်ရန် အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ကပ်ထားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မဲစာရင်းတွင် ပါဝင်ခြင်း ရှိမရှိနှင့် အချက်အလက်များ မှန်ကန်ခြင်းရှိမရှိ လာရောက်ကြည့်ရှုကာ အမည်မပါလျှင်ဖြစ်စေ၊ အချက်အလက်များ မှားယွင်းနေလျှင်ဖြစ်စေ လျှောက်လွှာတင်၍ ပြင်ဆင်နိုင်ကြောင်းနှင့် လက်ရှိအချိန်တွင် ရပ်ကွက်နှင့် ကျေးရွာများမှ မဲရုံအသီးသီး၌ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိတို့အမည် ပါ/မပါ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်စန်းမြင့်က ပြောသည်။ **ရဲဝင်းနိုင်(ပြန်/ဆက်)**

## နမ္မတူမြို့နယ်၌ မဲရုံလုံခြုံရေး အထူးရဲသင်တန်း ဖွင့်လှစ်

**နမ္မတူ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်တွင် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေး အထူးရဲသင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ နမ္မတူမြို့ အမှတ် (၉) အခြေခံပညာမူလတန်းကျောင်း၌ အောက်တိုဘာ ၁ ရက်က ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် နမ္မတူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အမှာစကားပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမင်းဇော်က မဲရုံများတွင် လုံခြုံရေးတာဝန်ဆောင်ရွက်မည့် အထူးရဲများအား တာဝန်ထမ်းဆောင်ရမည့် အကြောင်းအရာများနှင့် သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

"နမ္မတူမြို့နယ်မှာ မဲရုံ ၄၈ ရုံ ရှိတဲ့အတွက် အထူးရဲ ၄၈ ယောက် ခန့်ထားပြီး အောက်တိုဘာ ၁ ရက်ကနေ အောက်တိုဘာ ၂၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်တန်းဖွင့်လှစ်ပို့ချသွားမှာ ဖြစ်ပါတယ်။ ပြီးရင် နိုဝင်ဘာ ၁၅ ရက်အထိ ရက်ပေါင်း ၄၆ ရက် တစ်လခွဲ ခန့်အပ်သွားမှာဖြစ်ပြီး လစာ တစ်လခွဲစာ ပေးအပ်မှာဖြစ်ပါတယ်။ အထူးရဲတွေကို ရက်သတ္တ လေးပတ်အတွင်းမှာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ သိသင့်သိထိုက်တဲ့ တည်ဆဲဥပဒေများ၊ စစ်ရေးပြသင်ခန်းစာများနဲ့ ရဲတပ်ဖွဲ့ဝင်တစ်ဦး သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု နမ္မတူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေက ပြောသည်။ **လူမော်(ပြန်/ဆက်)**

# စဥ့်ကိုင်မြို့နယ်တွင် သစ္စာနိုင်ရောင်းဝယ်ရေးသမဝါယမအသင်းမှ အသင်းသား / အသင်းသူများအား ထောက်ပံ့ငွေများပေးအပ်


**စဥ့်ကိုင် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ရန်နိုင်ရပ်ကွက်တွင် ဖွဲ့စည်းထားရှိသော သစ္စာနိုင် ရောင်းဝယ်ရေး သမဝါယမအသင်းမှ အသင်းသား/ အသင်းသူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံး၌ ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဆွေက အမှာစကားပြောကြားပြီး သစ္စာနိုင် ရောင်းဝယ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးထွန်းမောင်က ကိုဗစ်- ၁၉ ကူးစက်ရောဂါကာလအတွင်း အသင်းသား၊ အသင်းသူများအား ထောက်ပံ့ငွေများပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်း ထောက်ပံ့ငွေများ ပေးအပ်ရာသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဆွေနှင့် ဝန်ထမ်းများ၊ သစ္စာနိုင်ရောင်းဝယ်ရေးအသင်း ဥက္ကဋ္ဌ ဦးထွန်းမောင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြပြီး သစ္စာနိုင်ရောင်းဝယ်ရေးသမဝါယမအသင်းမှ အသင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် အသင်းသား ၁၈၀ တို့အား စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၈ သိန်းတိတိကို ထောက်ပံ့ပေးအပ်သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**






**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ပရီမီယာလိဂ် ပွဲစဉ်(၄) ချယ်ဆီးတို့ ပဲလေ့စ်ကို ဂိုးပြတ်အနိုင်ယူ



အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၄)မှ အစောဆုံးပွဲစဉ်ဖြစ်သော ချယ်ဆီးနှင့် ပဲလေ့စ်ပွဲကို အောက်တိုဘာ ၃ရက် စနေနေ့ ညတွင် စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး-ဂိုးမရှိဖြင့် အိမ်ရှင်ချယ်ဆီးအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် အိမ်ရှင်ချယ်ဆီးအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် အေဘရာဟမ်ကို အထောင်ထားပွဲထွက်ခဲ့ပြီး ဧည့်သည် ပဲလေ့စ်အသင်းသည် ၄-၄-၂ ပုံစံဖြင့် တိုက်စစ်တွင် ဇာဟာနှင့် ဂျော်ဒန်အရူးတို့ အတွဲဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း မိနစ် ၅၀ တွင် နောက်တန်းကစားသမား ဘန်ချီဝဲလ်က ချယ်ဆီးအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၆၆ မိနစ်တွင် နောက်တန်းကစားဇူးမားက ချယ်ဆီးအတွက် ဒုတိယအနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ချယ်ဆီးအတွက် ထပ်မံ အနိုင်ဂိုးများကို ၇၈ မိနစ်နှင့် ၈၂မိနစ်တွင် ပယ်နယ်တီအခွင့်အရေးမှ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုက အမှားအယွင်းမရှိ သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်ချယ်ဆီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၇ ကြိမ်ရရှိခဲ့ပြီး ခြောက်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဧည့်သည် ပဲလေ့စ်အသင်းသည် ဂိုးကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့ပြီး ဂိုးပေါက်တစ်ကြိမ်မျှ မခြိမ်းခြောက်နိုင်ခဲ့ပေ။ ပွဲစဉ်(၄)ယှဉ်ပြိုင်အပြီး ချယ်ဆီးက ရမှတ်ခုနစ်မှတ်ရရှိထားပြီး ပဲလေ့စ်က ခြောက်မှတ်ရရှိထားသည်။

အဲဗာတန်နှင့် ဘရိုက်တန်တို့ပွဲတွင် အဲဗာတန်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**သီဟ**

● *ကျော်ဖုံးမှ*

ကစားသမားတစ်ဦးဖြစ်သူ ကားလို့စ် ဗင်နီစီးယပ်စ် ကို တစ်ရာသီအငှားစာချုပ်ခေါ်ယူလိုက်ကြောင်း သိရသည်။ အဆိုပါ စာချုပ်တွင် စပါးအသင်းသည် ဗင်နီစီးယက်ပ်စ်ကို ပေါင် ၄၀ ဒသမ ၈၃ သန်းဖြင့် အမြဲတမ်းခေါ်ယူခွင့်ကို ထည့်သွင်းချုပ်ဆိုထားကြောင်း သိရသည်။ စပါးအသင်းသည်ကစားသမားခေါ်ယူမှုကို ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိနေပြီး အင်တာမီလန်အသင်းမှ မီလန်စကျာရီနီယာကို ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်သွားဖွယ်ရှိနေကြောင်း သိရသည်။

ထို့ကြောင့် ကစားသမားဝယ်ယူမှုအပိုင်းတွင် စပါးအသင်းက မန်ယူအသင်းထက် အသာရနေသည်ကို တွေ့နိုင်ပေသည်။ မန်ယူအသင်းသည် နောက်ဆုံး ထွက်ပေါ်လာသောသတင်းများအရ အသင်းမှကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ပါရဲရားသည် စီးရီးအေကလပ် လာဇီယိုအသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့သွားပြီ ဖြစ်ကြောင်းသိရသည်။ ဒါးလော့သည်လည်း စီးရီးအေကလပ် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်တွင် နှစ်ပွဲကစားထားကာ ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီး ဘရိုက်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ရမှတ်သုံးမှတ် စုဆောင်းထားနိုင်သည်။ စပါးအသင်းက ပရီမီယာလိဂ် သုံးပွဲယှဉ်ပြိုင်ကစားအပြီးတွင် အဲဗာတန်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ထားကာ ဆောက်သမ်တန် အသင်းကို ငါးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး နယူးကာဆယ်အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျထားသည့်အတွက် ရမှတ်လေးမှတ်သာ စုဆောင်းထားနိုင်သေးသည်။

ထို့ကြောင့် ယခုတွေ့ဆုံမှုတွင် မော်ရင်ဟို၏ စပါးအသင်းက မန်ယူအသင်းကို အနိုင်ရရှိသွားမလား၊ ဆိုးလ်ရှား၏ မန်ယူအသင်းက နိုင်ပွဲရယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/၂၀၂၀-၂၀၂၁)

မအူပင်ခရိုင်၊ လမ်းဦးစီးဌာနမှ(၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မအူပင်ခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၉-၁၀-၂၀၂၀ ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပြီး ဖုန်းနံပါတ် -၀၄၅-၃၀၃၆၁ သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၉- ၁၀-၂၀၂၀ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** - ၉-၁၁-၂၀၂၀ရက်( ၁၄:၀၀)နာရီ
**တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ မအူပင်ခရိုင်၊ မအူပင်မြို့

တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်အား ထပ်မံအသိပေးအကြောင်းကြားသွားပါမည်။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို မအူပင်ခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၉-၁၀-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မအူပင်ခရိုင်၊ လမ်းဦးစီးဌာန**
**ဖုန်း- ၀၄၅-၃၀၃၆၁**

## လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးခရိုင်
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန် ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** - ၅- ၁၀-၂၀၂၀ရက်မှ ၂၃-၁၀-၂၀၂၀ ရက်အထိ(ရုံးချိန်အတွင်း)
**တင်ဒါလျှောက်တင်သွင်းရမည့်ရက်/အချိန်** - ၂၇-၁၀-၂၀၂၀ရက်မှ ၂၈-၁၀-၂၀၂၀ ရက်အထိ(ရုံးချိန်အတွင်း)
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်။
**တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များကို ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၇၀-၂၀၂၁၀၄၃၊ ၀၉- ၈၉၇၀၉၉၃၅၂**

၁၉၃၃ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်
နေမကောင်းလျှင်
ရွှေမှုန်းရောင်
အမှတ်တံဆိပ်
TMR 002348(1016)
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဖင်း)၁၄၅/၀၁၁၇
ချွေးထုတ်ငန်းဆေးကို သုံးဆောင်ပါ
အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်း၊ တုပ်ကွေးဖျား၊ အဖျားရောဂါ၊
အနာဝင်ခြင်း နှင့်ချွေးငုတ်ခြင်းများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ရွှေမှုန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊၃၈လမ်း၊ရန်ကုန်မြို့။ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊၀၉ - ၈၅၉၈၄၅၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)တွင်နေထိုင်သည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မြေပေးမိန့်ဖြင့်မြေစာရင်းပုံစံ(၁၀၅/၁၀၆) ရေးဆွဲပြီး သတ်မှတ်ထားသည့် အခွန်နှုန်းထားများပေးဆောင်၍ မြေငှားဂရန်/လိုင်စင်အသစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှရက်ပေါင်း (၂၀) အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူများအား မြေငှားဂရန်/လိုင်စင်ထုတ်ပေးနိုင်ရေး ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | ပိုင်ဆိုင်မှု |
|---|---|---|---|---|---|
| ၁ | ဦးသိန်းလွင် ၁၃/လရန(နိုင်)၀၇၆၄၃၈ | စိတ္တသုခတိုးချဲ့ | ၁+၂+၄၇+၄၈ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |
| ၂ | ဒေါ်ခင်စန်းလွင် ၁၃/လရန(နိုင်)၀၇၆၄၃၉ | စိတ္တသုခတိုးချဲ့ | ၃+၄+၄၅+၄၆ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |
| ၃ | ဒေါ်နန်းအေးခင် ၁၃/လရန(နိုင်)၀၂၄၃၇၃ | စိတ္တသုခတိုးချဲ့ | ၅+၆+၄၃+၄၄ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |
| ၄ | ဦးအောင်မျိုးလွင် ၁၃/လရန(နိုင်)၀၀၁၉၆၁ | စိတ္တသုခတိုးချဲ့ | ၇+၈+၄၁+၄၂ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |
| ၅ | ဦးရဲလွင် ၁၃/လရန(နိုင်)၀၉၇၂၆၈ | စိတ္တသုခတိုးချဲ့ | ၉+၁၀+၃၉+၄၀ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |
| ၆ | ဒေါ်အေးအောင် ၁၃/လရန(နိုင်)၀၁၆၃၇၉ | စိတ္တသုခတိုးချဲ့ | ၄၉+၅၀+၉၅+၉၆ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |
| ၇ | ဒေါ်နန်းလောင်ဟိန်း(ခ)ဖြူဖြူမြင့် ၁၃/လရန(နိုင်)၁၀၃၆၆၆ | စိတ္တသုခတိုးချဲ့ | ၅၁+၅၂+၉၃+၉၄ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |
| ၈ | ဒေါ်မိုးမိုးမြင့် ၁၃/လရန(ဧည့်)၀၀၀၅၇၄ | စိတ္တသုခတိုးချဲ့ | ၅၃+၅၄+၉၁+၉၂ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |
| ၉ | ဦးသိန်းလွင် ၁၃/လရန(နိုင်)၀၇၆၄၃၈ | စိတ္တသုခတိုးချဲ့ | ၅၅+၅၆+၈၉+၉၀ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |
| ၁၀ | ဦးသိန်းလွင် ၁၃/လရန(နိုင်)၀၇၆၄၃၈ | စိတ္တသုခတိုးချဲ့ | ၅၇+၅၈+၈၇+၈၈ | ၀.၂၇၆ | မြေပေးမိန့်ဖြင့် |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားစီမံကိန်းအဖွဲ့(၁)မှ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို သက်ဆိုင်ရာတံတားများ၏ လုပ်ငန်းခွင်အရောက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း၊ STEEL BOX GIRDER နှင့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများသယ်ယူခြင်း၊ စက်ယာဉ်ယန္တရားများ သယ်ယူခြင်းတို့အတွက် (ပထမအကြိမ်)အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်း၊ သယ်ယူခြင်းများ ပြုလုပ်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင် တင်ဒါတင်သွင်းလိုသူများမှ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁- ၁၀-၂၀၂၀ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀- ၁၀-၂၀၂၀ရက်၊ ၁၅:၀၀နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂- ၁၁-၂၀၂၀ရက်၊ ၁၃:၀၀နာရီ
၄။ **စိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားစီမံကိန်းအဖွဲ့(၁)၊ ဟားခါးမြို့၊ဖုန်းနံပါတ် ၀၉- ၄၂၀၁၁၂၅၈၁၊ ၀၉- ၄၃၀၃၅၄၈၇၊ ၀၉-၄၃၀၄၆၁၃၉၊ ၀၉-၄၂၀၁၆၁၅၁၂တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သတ္တုတွင်း ဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ဧရာဝတီတိုင်းဒေသကြီးရုံး
## ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ (၁)လုံး ဆောက်လုပ်လိုပါ၍ မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ် ခေါ်အပ်ပါသည်-

(က) **ဆောင်ရွက်မည့်လုပ်ငန်း** - ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(၁)လုံး၊ အလျား (၆၀')အနံ(၃၆')၊ (၂)ခန်းတွဲ(၂)ထပ် RCC
(ခ) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၅- ၁၀-၂၀၂၀ရက် (တနင်္လာနေ့)
(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၀ရက်(အင်္ဂါနေ့)
(ဃ) **တင်ဒါလျှောက်လွှာရယူ ရမည့်နေရာ** - သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပပဝတီရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၅)နယ်မြေ၊ ပုသိမ်မြို့

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် အထက်ဖော်ပြပါ ဆောင်ရွက်လိုသည့်လုပ်ငန်းအား အတိုင်းအတာ ၊ ဒီဇိုင်းပုံစံကို လက်ရှိမြေပြင် အခြေအနေအတိုင်း အတာအရ အသေးစိတ်တွက်ချက်၍ ရေးဆွဲတင်ပြရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့် တင်ဒါနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ဆားလုပ်ငန်းဌာနခွဲ၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၄၉၄၄၊ ၀၉-၄၂၈၆၀၂၃၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(င)၊ ဦးပိုင်အမှတ်(၈၉)၊သဇင်လမ်းX ခေတ္တာလမ်းကြား၊ ၆၆ X ၆၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းမြင့် ၉/မရမ(နိုင်)၀၅၇၉၉၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၇၀/၂၀၀၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သီတာအောင် ၉/ မရမ(နိုင်)၀၁၀၈၁၇ က သက်တမ်းတိုး လျှောက်ထားခဲ့ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာပါသဖြင့် လက်ခံမှ ကူးယူထုတ်ပေးခြင်း ဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်" ဟူသော မင်နီမှတ်ချက် ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ချင်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး(ဟားခါး)
## ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ချင်းပြည်နယ် မီးသတ်ဦးစီးမှူးရုံးမှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ရေး လုပ်ငန်းများယာဉ်နှင့် စက်ကိရိယာ တန်ဆာပလာပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများ၊ တူညီဝတ်စုံနှင့် လုပ်ငန်းသုံး ပစ္စည်းများအား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီပြီးစီးရန် အလို့ငှာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အညီ ၁၈-၉-၂၀၂၀ ရက်မှ စတင်ရောင်းချပြီး ၁၇-၁၀-၂၀၂၀ရက် ညနေ ၄:၃၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်နှင့် အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့်လိပ်စာမှာ မြို့သစ်ရပ်ကွက်၊ ပြည်နယ် မီးသတ်ဦးစီးမှူးရုံး(ဟားခါး)ဖုန်း- ၀၇၀-၂၂၅၆၄၊ ၀၇၀-၂၁၁၈၃ အသေးစိတ်သိရှိလိုပါက ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရန်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်နယ်မီးသတ်ဦးစီးမှူးရုံး**
**မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးစောစံကောင်း(ခ)ဦးစံကောင်း ၁၄/ပတန(နိုင်)၁၄၇၀၈၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောစံကောင်း(ခ)ဦးစံကောင်း**

## အစုရှယ်ယာ မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

KASEAN COMPANY LIMITED ဒါရိုက်တာအဖွဲ့၏ (၂-၁၀-၂၀၂၀)ရက်တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အစည်း အဝေး ဆုံးဖြတ်ချက်အရ အစုရှယ်ယာ မတည်ရင်းနှီးငွေအား ၄,၀၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းလေးသောင်းတိတိ) မှ ၂,၀၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းနှစ်သောင်းတိတိ)သို့ လျှော့ချသွားရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**KASEAN COMPANY LIMITED**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၆)၊ ဦးပိုင်အမှတ်(၁၁၁)၊ ၆၇X ၆၈ လမ်းကြား၊ ကုသိုလ်တော်လမ်းနှင့် မင်းကြီးရန်နောင်လမ်းကြားရှိ ဦးမြဒွေး အမည်ပေါက် တောဂရန်မြေကွက်အား ဦးစိုးစိုး ၉/အမရ(နိုင်)၀၃၅၄၂၃ က တောဂရန် မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ မြေချထားမိန့်၊ ငွေသွင်းပြေစာတို့ တင်ပြ၍ မြေရာဇဝင်(၁-က) မှတ်တမ်းတွင် ဦးမြဒွေး အမည်ပေါက် မှတ်သားခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၀-၂၀၂၀ရက်ထုတ် စာမျက်နှာ (၂၈)ပါ ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ အိတ်ဖွင့်တင်ဒါ ကြော်ငြာတွင် တင်ဒါကော်မတီ၏ ဖုန်း -၀၈၃ - ၂၂၂၀၀၄၇ အစား ဖုန်း- ၀၈၃-၂၂၂၁၀၄၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာအုပ်စာပေ လူ့မိတ်ဆွေ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကယားပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နယ်နှင့် ဘော်လခဲမြို့နယ်တို့တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

**အဆောက်အဦ**

(က) လွိုင်ကော်မြို့နယ်၊ပြည်နယ်ရုံးဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၂)ထပ်RC(၁)လုံး(၅၂'x၃၂')တည်ဆောက်ခြင်း(Lot-1) (ရေ၊ မီး၊ မိလ္လာအပါအဝင်)

(ခ) ဘော်လခဲခရိုင်ရုံး ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၂)ထပ်RC(၁)လုံး(၅၂'x၃၂') တည်ဆောက်ခြင်း(Lot-1)(ရေ၊မီး၊ မိလ္လာအပါအဝင်)

(ဂ) လွိုင်ကော်မြို့နယ်၊ပြည်နယ်ရုံးဝင်းအတွင်း ကွန်ကရစ် လမ်းခင်းခြင်း(၁၀'x၁၅၀')(Lot-1)

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းစံချိန်စံညွှန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်နှင့် တင်ဒါလျှောက်လွှာဝယ်ယူရာတွင်ကုမ္ပဏီ၏ မှတ်ပုံတင်နှင့် သင်းဖွဲ့စည်းမျဉ်းမူရင်း ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၁၀-၂၀၂၀မှ၅-၁၁-၂၀၂၀ရက်ထိ
**တင်ဒါတင်သွင်းရမည့်ရက်** - ၆-၁၁-၂၀၂၀ရက်၊ ညနေ(၁၆:၃၀)နာရီအထိ
**တင်ဒါလျှောက်လွှာဝယ်ယူ** - ကယားပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊
**တင်သွင်းရမည့်နေရာ** နမ့်ဘော်ဝမ်(ခ)ရပ်ကွက်၊လွိုင်ကော်မြို့

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လွိုင်ကော်မြို့ ဖုန်း၀၈၃-၂၂၄၁၀၆၊ ၀၈၃-၂၂၄၁၄၅၊ ၀၈၃-၂၂၄၁၄၆ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | လုပ်ငန်းအမည် | Lot |
|---|---|---|
| ၁ | ၆၆ကေဗွီ ဓာတ်အားလိုင်းများတည်ဆောက်ခြင်း | (1) Lot |
| ၂ | ဓာတ်အားခွဲရုံးများတည်ဆောက်ခြင်း | (10) Lot |
| ၃ | Switch Bay များတည်ဆောက်ခြင်း | (3) Lot |
| ၄ | ဓာတ်အားဖြန့်ဖြူးမှုစနစ်ကောင်းမွန်စေရေးအတွက် ၁၁ကေဗွီလိုင်း ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာနှင့်၄၀၀ ဗို့လိုင်းများ တည်ဆောက်ခြင်း | (7) Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၆-၁၀-၂၀၂၀) ရက်တွင်စတင်၍ ရောင်းချမည်ဖြစ်ပြီး(၅-၁၁-၂၀၂၀) ရက်(၁၄:၀၀)နာရီ တွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အချက်အလက်များကို Web Portal(www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အားထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၂၇လမ်းx၇၇x၇၈ကြား၊ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း -၀၂-၄၀၆၉၁၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် အရည်အသွေးစစ်ဆေးရေး(QC)အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် အရည်အသွေးစစ်ဆေးရေး (QC)ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်း ရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**အဆင့်မြင့်ပညာ ဦးစီးဌာနရှိ အောက်ဖော်ပြပါ တက္ကသိုလ်/ ဒီဂရီကောလိပ်များအတွက်**

| စဉ် | တက္ကသိုလ် | လုပ်ငန်းအရေအတွက် | ဆက်သွယ်ရန်ဖုန်းအမှတ် |
|---|---|---|---|
| ၁ | တောင်ကြီးတက္ကသိုလ် | လုပ်ငန်း(၂)မျိုး | ၀၉-၅၁၂၄၃၉၁၊ ၀၈၁-၂၁၂၀၂၄ |
| ၂ | ပင်လုံတက္ကသိုလ် | လုပ်ငန်း(၆)မျိုး | ၀၈၁-၃၀၀၄၅၅၊၀၈၁-၃၀၀၂၄၂ |
| ၃ | လားရှိုးတက္ကသိုလ် | လုပ်ငန်း(၃)မျိုး | ၀၉-၄၂၈၁၂၀၅၇၅ |
| ၄ | ကျိုင်းတုံတက္ကသိုလ် | လုပ်ငန်း(၂)မျိုး | ၀၉-၄၂၈၃၁၆၈၁၁ |
| ၅ | နည်းပညာတက္ကသိုလ် (တောင်ကြီး) | လုပ်ငန်း(၅)မျိုး | ၀၉-၄၂၈၃၃၅၄၁၈ |
| ၆ | နည်းပညာတက္ကသိုလ် (ပင်လုံ) | လုပ်ငန်း(၇)မျိုး | ၀၉-၄၀၃၇၃၄၇၅၄၊ ၀၉-၄၃၀၁၈၁၆၁ |
| ၇ | နည်းပညာတက္ကသိုလ် (လားရှိုး) | လုပ်ငန်း(၃)မျိုး | ၀၉-၅၂၆၂၆၂၈ |
| ၈ | နည်းပညာတက္ကသိုလ် (ကျိုင်းတုံ) | လုပ်ငန်း(၄)မျိုး | ၀၉-၅၂၅၁၅၅၁ |
| ၉ | ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) | လုပ်ငန်း(၄)မျိုး | ၀၉-၄၀၂၅၀၇၀၇၅ |
| ၁၀ | ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) | လုပ်ငန်း(၆)မျိုး | ၀၉-၄၀၄၃၂၆၂၉၊၀၈၁-၃၁၀၄၅၃ |
| ၁၁ | ကွန်ပျူတာတက္ကသိုလ် (လားရှိုး) | လုပ်ငန်း(၆)မျိုး | ၀၉-၅၂၆၂၆၃၃ |
| ၁၂ | ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ) | လုပ်ငန်း(၄)မျိုး | ၀၉-၅၂၅၁၅၇၅၊ ၀၈၄-၂၂၄၉၀ |
| ၁၃ | ပညာရေးဒီဂရီကောလိပ်(တောင်ကြီး) | လုပ်ငန်း(၂)မျိုး | ၀၉-၆၉၇၁၈၀၅၆၆၊ ၀၈၁-၂၁၂၁၁၂၂ |
| ၁၄ | ပညာရေးဒီဂရီကောလိပ်(လားရှိုး) | လုပ်ငန်း(၅)မျိုး | ၀၉-၄၀၂၇၂၇၃၀၇ |
| ၁၅ | ပညာရေးဒီဂရီကောလိပ်(ကျိုင်းတုံ) | လုပ်ငန်း(၂)မျိုး | ၀၉-၅၁၀၃၈၅၉၊ ၀၉-၂၅၄၃၃၁၆၈၄ |

၂။ တည်ဆောက်ရေးလုပ်ငန်းများ(သို့မဟုတ်)အရည်အသွေးစစ်ဆေးရေး(QC)တို့အတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စောင်လျှင်(ကျပ်- ၃၀၀၀၀/)ဖြင့် ၅-၁၀-၂၀၂၀ရက် ရုံးချိန်မှစတင်၍ သက်ဆိုင်ရာတက္ကသိုလ်/ဒီဂရီကောလိပ်များတွင် ရောင်းချမည်ဖြစ်ပြီး လျှောက်လွှာများကို ၄-၁၁-၂၀၂၀ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။ (အဆိုပါပြုလွှာနှင့် စီမံကိန်းလုပ်ငန်း Drawing ကို တင်ဒါလျှောက်လွှာရောင်းချစဉ် ပူးတွဲပေးပါမည်။)

၃။ တည်ဆောက်ရေးလုပ်ငန်းများ(သို့မဟုတ်)အရည်အသွေးစစ်ဆေးရေး(QC)တို့အတွက်အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် P.O(Payment Order) ပေးသွင်းနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် တက္ကသိုလ်/ဒီဂရီကောလိပ်များ၏ဘဏ္ဍာဌာနတွင်ဆောင်ရွက်ပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ P.O(Payment Order) မူရင်းများကို သက်ဆိုင်ရာ တက္ကသိုလ်/ဒီဂရီကောလိပ်များ၏ ဘဏ္ဍာဌာနသို့ သီးခြားအပ်နှံရမည်။ မိမိတင်သွင်းလိုသည့်လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ တည်ဆောက်ရေးလုပ်ငန်းများ (သို့မဟုတ်) အရည်အသွေးစစ်ဆေးရေး (QC) တို့အတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို တင်သွင်းရမည့်လိပ်စာမှာ မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာတက္ကသိုလ်/ဒီဂရီကောလိပ်များ၏ ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီသို့လိပ်မူ၍ပေးပို့တင်သွင်းရမည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ ခင်တဲကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၀၃၄/၂၆၂၆၊အုပ္ပိုကွင်း)၊ မြေကွက်အမှတ် (၁၃၁၁/၁၇၅၉) ဧရိယာ (၀၁၃၁မဇ၈) ဧကရှိ မြေကွက်ကို ဒေါ်ကြည်အေးအမည်ဖြင့်စက်မှု/စီးပွားမြေဂရန်ကိုလည်းကောင်း၊ ခင်တဲကျေးရွာအုပ်စု ကွင်း/အကွက်အမှတ်နှင့်အမည်(၂၀၃၄/၂၆၂၆၊ အုပ္ပို) မြေကွက်အမှတ်(၁၇၄၈)၊ဧရိယာ၀၁၃၁မ၁၉ဧကရှိ မြေကွက်ကို ဦးဇော်ကိုမင်း အမည်ဖြင့် စက်မှု/စီးပွားမြေဂရန်ကိုလည်းကောင်း၍ရုံးသို့ လျှောက်ထားလာဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်းခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် တောင်တွင်းကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ 33kV Time Sequential System Auto Sectionalizer (15)Set , 33kV Auto Switching Capacitor Bank (10)Set and 11/6.6kV Auto Switching Capacitor Bank (35)Set တပ်ဆင်ခြင်းလုပ်ငန်းအတွက်လိုအပ်သောဆက်စပ်ပစ္စည်းများ ၊ ဘီလပ်မြေနှင့် သံချောင်းလုံးများအားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၅.၁၀.၂၀၂၀) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၅.၁၁.၂၀၂၀)ရက်နေ့ ၊ (၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၅၉၊၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကယားပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | လယ်ယာကုန်ထုတ်လမ်း(မြေ+ဂဝံ/သဲကျောက်) (၂၂)လမ်း | | (၃၆/၅.၃၉)မိုင် |
| (ခ) | ကွန်ကရစ်တံတား | (၉)စင်း | (၁၈၃)ပေ |
| (ဂ) | Pipe Culvert | (၃၇)စင်း | (၇၂)ပေ |
| (ဃ) | Box Culvert | (၃၅)စင်း | (၂၀၈)ပေ |
| (င) | သစ်သားတံတား | (၂)စင်း | (၁၀၀)ပေ |
| (စ) | ရေကျော် | (၆)စင်း | (၂၀၀)ပေ |
| (ဆ) | ကျောက်စီမြေကာနံရံ | (၁)ခု | (၃၆၀)ပေ |
| (ဇ) | ဝန်ထမ်းအိမ်ရာ | (၄ခန်းတွဲ(၁)ထပ် | (၁)လုံး |
| (ဈ) | တွင်းတိမ်၊လက်တူးတွင်း၊ မြေသားကန်၊စိမ့်စမ်း | (၁၂)ခု | |
| (ည) | အခြား (အုတ်ကန်၊ရေပိုက်လိုင်းသွယ်ရေပေးရေးလုပ်ငန်း) | (၃၃)ခု | |

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံချိန်စံနှုန်း၊ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရမည် ဖြစ်သည်။

၃။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဤဦးစီးဌာန ရုံးဖုန်း-၀၈၃-၂၂၂၁၂၄၊၂၂၂၁၂၅၊၂၂၄၁၁၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၇-၁၀-၂၀၂၀ ရက်မှ ၃-၁၁-၂၀၂၀ ရက်ထိ
(ခ) **တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၄-၁၁-၂၀၂၀ ရက် ၉:၃၀နာရီမှ ၁၆:၃၀ နာရီထိ
(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူ/တင်သွင်း ရမည့်နေရာ** - ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နမ့်ဘော်ဝမ်ရပ်ကွက်၊ လွိုင်ကော်မြို့
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်အားသီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်နှင့် သင်းဖွဲ့စည်းမျဉ်း မူရင်းပြသ စစ်ဆေးခံရမည်ဖြစ်ပါသည်။

**တင်ဒါဗဟိုကော်မတီ**
ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရခိုင်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် လုပ်ငန်းများ စာရင်း-

(က) မြေသားရေကန် - (၄၅) ကန်
(ခ) လက်တူးတွင်း - (၃၃) တွင်း
(ဂ) စိမ့်စမ်း - (၁၂) ခု
(ဃ) အခြားရေပေးရေးလုပ်ငန်း - (၆၇) ခု
(င) ကျေးလက်ကုန်ထုတ်လမ်း၊တံတား - (၈) လမ်း၊(၂၇) စင်း
(စ) ဆိပ်ခံတံတား - (၉) စင်း
(ဆ) ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၁)ထပ် - (၁) လုံး
(ဇ) ကျေးလက်အိမ်ရာ - (၁၈၅) လုံး
(ဈ) မြစည်းရိုးကာရန်ခြင်းနှင့်ရုံးအဝင် Box Culvert တည်ဆောက်ခြင်း - (၄)ခု၊(၂) စင်း

၃။ လုပ်ငန်းတစ်ခုချင်းစီ၏တန်ဖိုးငွေကျပ် ၁၀၀၀သန်းမှ ၁၀၀၀၀ သန်းလုပ်ငန်းတွဲများအတွက် တင်ဒါလျှောက်လွှာပုံစံများကို ၇-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၂၆-၁၀-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည် ဖြစ်ပါသည်။

၄။ လုပ်ငန်းတစ်ခုချင်းစီ၏ တန်ဖိုးငွေကျပ် ၁၀၀၀၀သန်းအထက် လုပ်ငန်းများ အတွက် တင်ဒါလျှောက်လွှာပုံစံများကို ၇-၁၀-၂၀၂၀ရက်မှ ၄-၁၁-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၆-၁၁-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ကြိုတင်အကြောင်းကြားပေးမည် ဖြစ်ပါသည်။

၅။ တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာမှာ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ဆတ်ရိုးကျရပ်ကွက်၊ ရွှေမင်းဂံဆိပ်ကမ်းသွားလမ်း၊ စစ်တွေမြို့ ဖြစ်ပါသည်။

၆။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ၇-၁၀-၂၀၂၀ ရက်မှစ၍ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်း-၀၉-၄၂၁၇၁၀၃၂၂၊ ၀၉-၂၆၅၁၆၁၃၆တို့သို့ လည်းကောင်း၊ ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် အသုံးပြုရန် Forklift (8 Ton)(၁)စီးအားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၅.၁၀.၂၀၂၀) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၅.၁၁.၂၀၂၀)ရက်နေ့ ၊ (၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၅၉၊၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းပြည်ထောင်စုဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့်ခရိုင်(၄)ခရိုင်အတွင်း 0.4kV နှင့် 11kV ဓာတ်အားလိုင်းများတည်ဆောက်ခြင်း(အစာထိုးလုပ်ငန်းများ)နှင့် ထရန်စဖော်မာနှစ်တိုင်စင် ၊ 0.4kV ၊ 11kV ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း(တိုးချဲ့လုပ်ငန်းများ) ဆောင်ရွက်ရန်လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၅.၁၀.၂၀၂၀) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၅.၁၁.၂၀၂၀)ရက်နေ့ ၊ (၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၅၉၊၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ဆောင်ရွက်မည့် အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်း၊ ကျေးလက်လမ်းတံတားလုပ်ငန်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများအား အောက်ပါအတိုင်း အိတ်ပိတ်တင်ဒါ တင်သွင်းခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၂-၁၀-၂၀၂၀ ရက်မှ ၂၈-၁၀-၂၀၂၀ ရက် အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၅-၁၁-၂၀၂၀ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံအား Online မှ ရောင်းချမည်ဖြစ်ပြီး ဆက်သွယ်ဝယ်ယူနိုင်သော လိပ်စာမှာ npt.drd@drdmyanmar.net တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ကံ့ကော်ဝိုင်းအနီး၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား ၂-၁၀-၂၀၂၀ ရက်မှစ၍ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဖုန်း-၀၆၇-၈၁၀၆၁၈၇၊ ၀၆၇-၈၁၀၆၁၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် (မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန် (DDP At Site)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.20/ EPGE/2020-2021 | ဖေါင်းတူ၊ကင်းတား၊ရွှေကျင်၊ကွန်းချောင်းနှင့် ဖြူးချောင်း ဓာတ်အားပေးစက်ရုံများအတွက်(66KV,132KV,230KV) Gas Circuit Breaker များ ဝယ်ယူခြင်း(5tems) |
| (ခ) | Tender No.21/ EPGE/2020-2021 | ဓာတ်အားပေးစက်ရုံများအတွက် Energy Meter များနှင့် Isolating Transformer များ ဝယ်ယူခြင်း (2 Items) |
| (ဂ) | Tender No.22/ EPGE/2020-2021 | ဆည်တော်ကြီးနှင့် မြစ်သာစက်ရုံများအတွက် 3Phase 400VLine တပ်ဆင်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း (2 Lot) |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆို ပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၄:၀၀ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၅-၁၁-၂၀၂၀ ရက်၊၁၄:၀၀ နာရီ

၄။ **တင်ဒါလက်ခံမည့်နေရာ** - ရုံးအမှတ်(၂၇)၊နေပြည်တော်

၅။ တင်ဒါပုံစံအား ၅-၁၀-၂၀၂၀ ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုက်(www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
ဖုန်း-၀၆၇-၈၁၀၄၂၇၈၊၀၆၇-၈၁၀၄၂၇၉

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့် အမည်(၄၃/၂)၊ဦးပိုင်အမှတ်(၁၃၇/ခ) မြေဧရိယာ၀ဒသမ၀၅၅ ဧကရှိ မြေကွက်အား ဒေါ်ငွေးရှင် အမည်ဖြင့်အမှုတွဲအမှတ် ၇၇၀/(၃)(၂၀၀၄-၂၀၀၅) အရ(၃၁-၈-၂၀၁၉)ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။အဆိုပါမြေငှားဂရန်အား မိဘ(၂)ပါး ကွယ်လွန်ပြီးနောက် အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသော သား/သမီး(၅)ဦးအနက်မှ ဦးမြင့်စိုး(ခ)ဦးမြင့်ငွေ ၁/မကန(နိုင်)၀၀၁၇၅၄ သည် အမွေဆက်ခံ၊ကျမ်းကျိန်၊ စွန့်လွှတ်စာချုပ်ချုပ်ဆိုကာ ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အဆိုပါမြေကွက်အား ဦးမြင့်စိုး(ခ)ဦးမြင့်ငွေ ၁/မကန(နိုင်)၀၀၁၇၅၄၊ ဒေါ်တင်တင်ဌေးရွှေ ၁/မကန(နိုင်) ၀၂၈၉၈၁ တို့(၂)ဦးအမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ မြေငှားဂရန်(ဦးပိုင်ခွဲ၊အမည်ပြောင်း)လျှောက်ထားလာမှုအပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၇၈ ဦး တွေ့ရှိ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃-၁၀-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၈၁၉၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၇၈)ဦး တွေ့ရှိရပါသည်။

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဆေးရုံကြီးများတွင်ဆက်လက် စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၃-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၈,၁၉၅) ဦး | (၃၁၆,၄၈၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၇၈) ဦး | (၁၆,၅၀၃) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၄၁၇) ဦး | (၄,၇၉၅) ဦး |
| သေဆုံးလူနာ | (၁၈) ဦး | (၃၇၁) ဦး |


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# အင်းလျားလိတ်စင်တာတွင် ကိုဗစ်-၁၉ လူနာများထားရှိမည့် အခန်းဖွဲ့စည်းမှုလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် အောက်တိုဘာ ၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုများနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၇၀၀၀ နှင့် ရွှေသံလွင်ကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀၀၀ စုစုပေါင်း ငွေကျပ်သိန်းတစ်သောင်းကို ကနဦးမတည် လှူဒါန်း၍ အင်းလျားလိတ်စင်တာကို Yangon Convention Center တွင် စက်တင်ဘာ ၂၉ ရက်မှ စတင်တည်ဆောက်လျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် လူနာများထားရှိမည့် အခန်းဖွဲ့စည်းမှုလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ပြီး (ယာပုံ)

*စာမျက်နှာ ၁၀ ကော်လံ ၁* ❄



# ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊ ဖက်ဒရယ်ပြည်ထောင်စုပါတီနှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊ ဖက်ဒရယ်ပြည်ထောင်စုပါတီနှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၆၊ ၁၇နှင့် ၁၈ တို့တွင် ဖော်ပြပါရှိပါသည်။ မြန်မာ့အလင်း

# အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီနှင့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် အောက်တိုဘာ ၃

အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီနှင့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၄ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၅ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

# ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်

နေပြည်တော် အောက်တိုဘာ ၃

ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို အောက်တိုဘာ ၅ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာများ၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

# ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၃

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ မိုး/ဇလ

# ဒုဋ္ဌဝတီမြစ်ရေ မြစ်ငယ်မြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# အိုးထရက်ဖို့ဒ်မှာ စပါးတို့ မန်ယူကို အနိုင်ယူသွားနိုင်မလား. . .

အောက်တိုဘာ ၄ ရက် (ယနေ့)တွင် ပရီမီယာလိဂ်ပွဲစဉ် (၄) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယနေ့ညတွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအဖြစ် လက်စတာနှင့် ဝက်စ်ဟမ်း၊ ဆောက်သမ်တန်နှင့် ဝက်စ်ဘရွန်း၊ အာဆင်နယ်နှင့် ရှက်ဖီး၊ ဝုဗ်နှင့် ဖူလ်ဟမ်၊ မန်ယူနှင့် စပါး၊ အက်စ်တွန်ဗီလာနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၄)တွင် ကြည့်ရှုသူပရိသတ်အကြိုက်တွေ့စေမည့် ပွဲစဉ်အဖြစ် မန်ယူနှင့် စပါးအသင်းတို့ တွေ့ဆုံနေခြင်းဖြစ်သည်။ စပါးအသင်းနည်းပြ မော်ရင်ဟိုနှင့် မန်ယူအသင်းတို့ ဆုံတွေ့နေခြင်းကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိနေသည်။ မန်ယူအသင်းသည် ယခုပွဲစဉ်မတိုင်မီ လိဂ်ဖလားပြိုင်ပွဲတွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားထားကာ မက်တွန်မီနေး၊ မာတာ၊ ပေါ့ဂ်ဘာတို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ စပါးအသင်းကလည်း ယခုပွဲစဉ်မတိုင်မီ ယူရိုပါလိဂ်ပြိုင်ပွဲတွင် မက္ကဘီဟိုင်ဖာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။



မန်ယူအသင်းနှင့် စပါးအသင်းတို့ ပြီးခဲ့သည့်ထိပ်တိုက်တွေ့ဆုံမှု (၃၅)ကြိမ်တွင် မန်ယူအသင်းက အသာရထားပြီး ၂၂ ပွဲနိုင်၊ ခုနစ်ပွဲသရေကျကာ ခြောက်ပွဲရှုံးနိမ့်ထားကြောင်း မှတ်တမ်းများအရ သိရသည်။ ထို့အပြင် မန်ယူအသင်းနှင့် စပါးအသင်းတို့ ယမန်နှစ်က ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်တွင်လည်း မန်ယူအသင်းက အသာရထားကာ တစ်ကြိမ်သရေကျပြီး တစ်ကြိမ်နိုင်ထားသည်။ ဒီနှစ်သင်း၏ ယခုနှစ်ရာသီ ကစားသမားဝယ်ယူထားမှုတွင် မန်ယူအသင်းအနေဖြင့် ဗန်ဒီဘိခ်တစ်ဦးသာလျှင် ခေါ်ယူထားရသေးပြီး စပါးအသင်းက ရီဂူလွန်၊ ဘေးလ်၊ ဒိုဟာတီ၊ ဂျိုးဟတ်နှင့် ဟိုးဘတ်တို့ကို ခေါ်ယူအားဖြည့်ထားသည်။ ထို့အပြင် စပါးအသင်းသည် ယမန်နေ့ကလည်း ဘင်ဖီကာအသင်းမှ ဘရာဇီးတိုက်စစ်

*စာမျက်နှာ ၂၈ ကော်လံ ၅* ●